# သမိုင်းကပြောသော 'ဓနု'
# ဓနုကပြောသော 'သမိုင်း'

အရှင်ကောသလ္လ+ (မြို့ကြီးတောရ)





အာသိသ
ဓနုမြေမွေး ဓနုသွေးမို့
ဓနုအရေးကို ကြိုးစားမယ်
ဓနုလေးတွေ တိုးတက်ကြဖို့
တို့တာတွေဝိုင်းလို့ ပံ့ပိုးမယ်
စည်းလုံးမှုဆောင် ညီနောင်အပေါင်းတို့
ညီညွတ်အောင်လဲ စွမ်းဆောင်မယ်
ဘာ,သာလူမျိုး ဆင့်ဆင့်တိုး ထမ်းပိုးဆောင်ရွက်မယ်
အဲ့သဟာမှ ဓနုမြေကာ လူလှုပီသမယ်


ဒီဇိုင်း = ဦးဓနု (မြို့ကြီး)

# မနကပြောသော'သမိုင်း'
# သမိုင်းကပြောသော'မန'

အရှင်ကောသလ္လ

(မြို့ ကြီး/တောရ)

သာသနာ ၂၅၅၆ ကောဇာ ၁၃၇၄ ခရစ် ၂၀၁၂

စာတမ်းပြုစုသူ

အရှင်ကောသလ္လ (စတုတ္ထနှစ်)



အဆောင်(၁၇) အခန်း(၂)

နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးဝန်ကြီးဌာန

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

**သာသနတက္ကသီလဓမ္မာစရိယ B.A, (Buddhism)**

ဘွဲ့အတွက်တင်သွင်းသောစာတမ်း

| | | |
|---|---|---|
| စာတမ်းအမည် | = | **မနုကပြောသော'သမိုင်း'**<br>**သမိုင်းကပြောသော'မနု'** |
| စာတမ်းပြုစုသူ | = | အရှင်ကောသလ္လ |
| ခုံအမှတ် | = | ဓ-စ-မန်း=၁၆ |
| ပညာသင်နှစ် | = | ၁၃၇၃/၁၃၇၄ (၂၀၁၂) |
| တင်သွင်းသည့်ဌာန | = | ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန |
| ကြီးကြပ်စိစစ်သူ | = | ဘဒ္ဒန္တပဒုမသာရ<br>(မဟာဂန္ထဝါစကပဏ္ဍိတ) |
| တက္ကသိုလ် | = | နိုင်ငံတော်ပရိယတ္တိသာသနာ့<br>တက္ကသိုလ်(မန်း) |
| တင်သွင်းသည့်ရက်စွဲ | = | ၂၀၁၂-ခုနှစ် မေလ (၂၈)ရက် |
| စိစစ်ပြီးသည့်ရက်စွဲ | = | ၂၀၁၂-ခုနှစ် ဇူလိုင်လ( ၇ )ရက် |

| **ကြီးကြပ်စိစစ်သူ** | **စာတမ်းပြုစုသူ** |
|---|---|
| ဘဒ္ဒန္တပဒုမသာရ(ဌာနမှူးဆရာတော်) | အရှင်ကောသလ္လ(စတုတ္ထနှစ်) |
| ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန | အဆောင်(၁၇)၊ အခန်း(၂) |
| နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် |
| မန္တလေးမြို့ | မန္တလေးမြို့ |

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| နေ့စွဲ | = | ၂၀၁၂၊ နိုဝင်ဘာလ ၁၀-ရက် |
| အကြိမ် | = | ပထမအကြိမ် |
| အုပ်ရေ | = | ၅၀၀ |
| အတွင်းစာစီနှင့် အဖုံးဒီဇိုင်း | = | ဗိုလ်ကော(ဦးနေ့) |
| ထုတ်ဝေသူ | = | အရှင်ကောသလ္လ(မြို့ကြီး၊တောရ) |
| ပုံနှိပ်သူ | = | သုခဝတီကိုလတ် |
| အဖုံးပုံနှိပ် | = | သုခဝတီကိုလတ် |

# "ကန်တော့ပန်းနှင့် ကျေးဇူးတင်လွှာ"

ရတနာသုံးပါးတို့၏ ဂုဏ်တော်ကိုလည်းကောင်း၊ "လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယမိနှင့်ဘ" ဟူသည်နှင့်အညီ စာတမ်းပြုစုသူအား လူ့လောကသို့ရောက်အောင် မွေးထုတ်ပြုစုခဲ့သော မိ,ဘနှစ်ပါး အပေါင်း အားလည်းကောင်း၊ မိမိအား သင်ပုန်းကြီးမှအစ ပရိယတ္တိ အခြေခံပညာ ရပ်များ သင်ကြားပေးလျှက် 'သင့်ရာအပ်ပို့ဆရာတို့'ဟူသော ဝတ္တရားနှင့်အညီ မန္တလေးမြို့သို့ပို့၍ ပညာသင်ကြားစေသော မြို့ကြီးတောရကျောင်း ဆရာတော်ကြီးအား လည်းကောင်း၊ မိမိအား ပရိယတ္တိအခြေခံမှစ၍ ပညာသင်ကြားပေးခဲ့သော မန္တလေးမြို့ ပုဂံအတွင်းဝန်တိုက်၊စာချကျောင်း ဆရာတော်၊ ဇင်္ဂလသိဒ္ဓိအုဌ်ကျောင်း ဆရာတော်တို့အားလည်းကောင်း၊ ငွေတောင်တိုက်၊ သာသနာ့နုဂ္ဂဟကျောင်းဆရာတော်အားလည်းကောင်း၊ မစိုးရိမ်တိုက်သစ်/ဟောင်းမှ နာယကဆရာတော်၊ စာချဆရာတော် တို့အားလည်းကောင်း ဦးစွာပထမ ဤစာတမ်းဖြင့် ဦးခိုက်ကန်တော့အပ်ပါ သည်။

ထို့အပြင် စာတမ်းပြုစုသူအား လောကီလောကုတ်ပညာရပ်များ ခေတ်မှီမှီ သင်ကြား၍ ဤကဲ့သို့သော စာတမ်းကိုပြုစုရန် အခွင့်သာအောင် သာသနာ့တက္ကသိုလ်ကြီးနှစ်ခုကို တည်ထောင်တော်မူခဲ့သော ကျေးဇူးရှင်

မင်းကွန်း ဆရာတော်ကြီးအားလည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှ နာယကချုပ်၊နာယက၊ ကထိက၊ ဂဏဝါ စက၊ နယဒေသက ဆရာတော်များ၊ အထူးအားဖြင့် ဤစာတမ်းကို စေ့စပ်သေချာစွာ ပြင်ဆင်ဖက်ရှု စိစစ်ပေးသော ဘဒ္ဒန္တပရမ(ကထိက၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန) တို့အား ရှိခိုးဦးခိုက်လျှက် ကျေးဇူးအထူးတင်ပါသည်။

ထို့အတူပင် တက္ကသိုလ်အတွင်း တာဝန်ထမ်းဆောင်လျှက်ရှိသော ပြင်ပ ပညာရှင်အားလုံးတို့အား ကျေးဇူးအထူးတင်ပါသည်။

စာတမ်းပြုစုသူအား အခြေခံပရိယတ္တိပညာရပ်များ သင်ကြားစဉ်ကာလ တစ်လျှောက်လုံး ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကြသော မြို့ကြီးဇုန်အတွင်းရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ အထူးအားဖြင့် စာတမ်းပြုစုသူ ပညာသင်ကြားရေးအတွက် ငွေရေးကြေးရေး မတောင့်မတ မကြောင့်မကြရအောင် ထာဝစဉ် ထောက်ပံ့လျှက်ရှိသော မြို့ကြီးကျေးရွာ ၊ ရွာသစ်ရပ်ကွက်မှ ရဟန်း ဒါယကာ(ဦးကျော်စိုး)+ ရဟန်းဒါယိကာမ ဒေါ်ကြည်အေးတို့အားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

မန္တလေးမြို့ ရတနာပုံဆီစက်ဝင်းရပ်ကွက်နေ ဦးကျော်မြိုင် (ဒေါ်ခင်မေ) မိသားစုနှင့် ကိုးလုံးတကာဘုရားအနီးမှ ဆွမ်းဒကာ၊ ဒကာမ အပေါင်းတို့အားလည်းကောင်း ဤစာတမ်းပြုစုရာ၌ အချက်အလက်များ ရှာဖွေစဉ်ကာယအား ဉာဏအားတို့ဖြင့် အတူတကွရှာဖွေပေးကြသော ပင်းတယမြို့မှ ဦးချစ်စိန်၊ ဦးမျိုးဆန်းတို့နှင့် အဖွဲ့ဝင်အားလုံးအား လည်းကောင်း၊ ကောင်းဘို့မှ ဦးဘမော်အားလည်းကောင်း၊ ရပ်စောက်မြို့ မှ ဦးကျော်ဇော၊ ဦးကျော်ဇင်၊ ဦးလှစိုးနှင့် အဖွဲ့ဝင်တို့အားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။

စာတမ်းအတွက် လိုအပ်သော စာအုပ်စာတမ်းနှင့် အချက် အလက်များကို ဖုန်း၊စာတိုက်တို့မှ တဆင့်ပို့ပေးကြသော ရန်ကုန်မြို့ ဓနု တိုင်းရင်းသားအသင်းမှ ဦးချစ်တိုးအားလည်းကောင်း၊ မြို့ကြီးမှ မမခိုင် အားလည်းကောင်း၊ နောင်ချိုမြို့မှ ဦးချိန်တင်၊ ဦးချိန်ကြီး၊ ဦးစိန်ဝင်း (ဘူတာရပ်)၊ ဦးချစ်တင် (တောင်ရပ်ကွက်)၊ ဦးညီလေးတို့အားလည်းကောင်း၊ တောင်ကြီးမြို့မှ ဦးနေစိုးအောင်၊ ဦးကျော်လွင်ထူး၊ ဦးဝဏ္ဏဝင်း၊ ဦးစိုးငွေ၊ဦးမြင့်သိန်း၊ ဦးနေစိုးအောင်မှ

တဆင့်လိုအပ်သောစာအုပ်ကိုငှားပေးသော ဦးသိန်းသန်းထွန်း(သမိုင်း သုတေသီ) တို့အားလည်းကောင်း၊ မြိုင်ကျေးရွာမှ ဦးအောင်သိန်းမိသားစုအား လည်းကောင်း၊ ရွှာငံမြို့မှ ဦးကျော်ထွေး+ဒေါ်ခင်စန်းရီ မိသားစုနှင့် ဦးမောင် လေး ဒေါ်ခင်သိန်း မိသားစုတို့အားလည်းကောင်း ရေဦးမှ ဦးမြသန်း၊ ဦးသီဟတို့အားလည်းကောင်း ဖြူချောင်ကျေးရွာမှ ဒကာ၊ဒကာမ အပေါင်းတို့ အားလည်း ကောင်း ကျေးဇူးတင်ရှိပါကြောင်း ဤစာအုပ်ဖြင့် မှတ်တမ်းတင် အပ်ပါ သည်။

ဤစာတမ်းကို အနုစိတ်ပြုပြင်ပေးခဲ့သော ဘဒ္ဒန္တကုန္ဓာဝုဓ၊ သူငယ်ချင်း ဩဘာသ(နောင်ချို)စာစီပေးကြသော အရှင်သီရိဓဇ(၁၇/၁)နှင့် အရှင်ကော သလ္လ(မလှိုင်)တို့နှင့်တကွ ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား လည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း. . .

အရှင်ကောသလ္လ(ရွှာငံမြို့နယ်၊မြို့ကြီးတောရ)<br>
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်<br>
မန္တလေးမြို့

# မာတိကာ

ကျေးဇူးတင်လွှာ
မာတိကာ
အမှာစာ
နိဒါန်း

## အခန်း(၁)
## သမိုင်းကပြောသောရွှေ

၁။ သမိုင်းဟူသည် ၁
၂။ မြန်မာ့သမိုင်းအကျဉ်း ၄
၃။ မြန်မာအစတကောင်းက ၇
၄။ မြန်မာအစကျောက်ဆည်က ၁၀
၅။ မြန်မာတိုင်းရင်းသားများ၏ နောက်ခံသမိုင်း ၁၃
၆။ မနုတိုင်းရင်းသားများ၏ နောက်ခံသမိုင်း ၁၆
၇။ သမိုင်းအထောက်အထားများ ၂၃
  ၁။ ပဒလင်းဂူစု ၂၅
  ၂။ ရွှေဘော်နှင်းကုန်းမြေမှ အုပ်ခွက်ဘုရားများ ၂၉
  ၃။ ဆင်ဖိုတောင်(တောင်ပေါ်)မှ
  ခေါင်းလောင်းစာနှင့် ကျောက်စာ(ပွေးလှမြို့နယ်) ၃၁

၄။ ရွှေအင်တောင်ကျောင်းမှ
ခေါင်းလောင်းစာ(ရပ်စောက်မြို့နယ်) ၃၆
၅။ တောင်တွင်းကြီးဘုရားကျောက်စာ(နောင်ချိုမြို့နယ်) ၄၀
၆။ ရွှေမြင်တင်ဘုရားကျောက်စာ၊ ရွှေပေလွှာသမိုင်း ၄၁
၇။ ခြုံငုံသုံးသပ်ချက် ၄၅
၈။ ဓာတ်ပုံကဏ္ဍ

## အခန်း(၂)
## ဓနုကပြောသောသမိုင်း

၁။ ပါးစပ်သမိုင်း ၅၇
၂။ ပြန့်နှံ့နေထိုင်ရာဒေသနှင့်လူဦးရေ ၆၀
၃။ မျိုးနွယ်စု ၆၈
၄။ ဘာသာစကား ၆၈

## အခန်း(၃)

၁။ ဘာသာရေး ၈၉
(က) တာတက်ပွဲတော် ၉၂
(ခ) တန်ဆောင်တိုင်ပွဲတော်နှင့် ကထိန်ပွဲတော် ၉၅
(ဂ) စာပြန်ပွဲတော် ၉၅
(ဃ) ရှင်ပြုပွဲတော် ၉၆
၂။ လူမှုရေး ၉၇
(က) လူပျိုလှည့်ခြင်းဓလေ့ ၉၉
(ခ) စေ့စပ်ခြင်း ၁၀၀
၃။ အသက်မွေးဝမ်းကြောင်း ၁၀၆
၄။ ပညာရေး ၁၀၇

၅။ အုပ်ချုပ်ရေး ၁၀၈
(က) ပဒေသရာဇ်(စော်ဘွား)ခေတ် အုပ်ချုပ်ရေး ၁၀၈
(ခ) ကိုလိုနီခေတ် အုပ်ချုပ်ရေး ၁၁၂
(ဂ) လွတ်လပ်ရေးရပြီးခေတ် အုပ်ချုပ်ရေး ၁၁၃
(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် အုပ်ချုပ်ရေး ၁၁၃
၆။ ယဉ်ကျေးမှု ၁၂၀
(က) ဝတ်စားဆင်ယင်မှု ၁၂၀
(ခ) ရိုးရာအက ၁၂၂
(ဂ) တူရိယာ ၁၂၃
(ဃ) ရိုးရာတေးသီချင်း ၁၂၄
၇။ လွတ်လပ်ရေးကြိုးပမ်းမှု ၁၃၀
**နိဂုံး** ၁၃၃
**ကျမ်းကိုး** ၁၃၅

## “အမှာစာ”

သမိုင်းကြောင်းတစ်ခုကို ရေးသားတော့မည်ဆိုရင် အတော် အတန် ဖွဲ့နွဲ့ရေး၍မရပါဘူး။ ကိုယ်တိုင်လေ့လာနိုင်ခြင်း၊ သက်ဆိုင်ရာ စာအုပ်ပေါင်း စုံကို လေ့လာနိုင်ခြင်း၊ လေ့လာပြီးထားသည့်အကြောင်း အရာအချက် အလက်များကို မှန်,မမှန်၊ တိကျမှု ရှိ,မရှိ ဆန်းစစ် ဝေဘန်နိုင်ခြင်း၊ ကောက်ချက်ချနိုင်ခြင်း၊ တန်ဖိုးဖြတ်နိုင်ခြင်းစသော အချက်များနှင့်အညီ ရေးသားတင်ပြရပါသည်။

ဤစာတမ်းကို ရေးသားတင်သွင်းသော အရှင်ကောသလ္လ သည် မနုတို့၏ သမိုင်းကြောင်းနှင့်ပတ်သက်၍ အတော်လေးလက် တွေ့ကျကျ လေ့လာထားခြင်း၊အခြားသောသမိုင်းသုတေသီများ၊ ပညာရှင်များ၊မနုတိုင်း ရင်းသား ညီနောင်များနှင့်တကွ ဆွေးနွေး ညှိနှိုင်းခြင်းများ ပြုလုပ်ပြီး ရေးသား တင်ပြထားသည်ကို တွေ့ရပါသည်။ ထို့အပြင် မနုတိုင်းရင်းသားတို့၏ သမိုင်းကြောင်းကို ဖော်ထုတ်ဖို့ရန် အတော်လေးစိတ်အား ထက်သန်သူ တစ်ယောက်လည်းဖြစ်ပါသည်။ ယင်းသို့ ထက်သန်သူဖြစ်သည့် အလျောက် မနုသမိုင်းနှင့်ပတ် သက်၍ရေးသားရန် ဤတက္ကသိုလ် ပထမနှစ်မှစ၍ သန္နိဋ္ဌာန်ချခဲ့ပါ သည်။

သို့ဖြစ်၍ လေ့လာရမည့် အချက်အလက်များကို ဤတက္ကသိုလ် ပထမနှစ်မှစ၍ စတုတ္ထနှစ်အထိ လေးနှစ်တာကြာအောင် စု ဆောင်းလေ့ လာထားပါသည်။ ယင်းအချက်များကို ဤကျမ်းစာကို စာရှုသူ ဖတ်ကြည့်

သည့်အခါ သိသွားပါလိမ့်မည်။ ဤကျမ်းကို ဖတ်ရှု ရာ၌ ပထမပိုင်းကိုသေချာစွာ ဖတ်ရှုဖို့ တိုက်တွန်းလိုက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပထမပိုင်းသည် ဓနုတိုင်းရင်းသားများ စတင်ပေါ်ပေါက်လာပုံသမိုင်းကြောင့်နှင့် ပတ်သက်၍ အရေးပါသော ရေးသားတင်ပြချက်များ ပါဝင်နေခြင်းကြောင့်ဖြစ်ပါသည်။ ရေးသားတင်ပြထားသည့် အချက်အလက်များမှာ အခန်း(၁)၌ မြန်မာ့သမိုင်း၊ မြန်မာ့ တိုင်းရင်းသားများ၏ နောက်ခံသမိုင်းကြောင်း၊ဓနုတိုင်းရင်းသားများ၏ နောက်ခံသမိုင်းကြောင်း စသည်တင်ပြထားပါ သည်။ ထို့နောက် ကိုယ်တိုင်ကွင်းဆင်းလေ့လာတွေ့ ရှိချက်များကို ရေးသားတင်ပြထားသည်ကို တွေ့ရပါသည်။ ထိုလေ့လာ တင်ပြချက် များမှ ဓနုတိုင်းရင်းသားဟူ၍ စတင်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း ကို ရေးသားတင်ပြထားပြီး ဓနုတိုင်းရင်းသားများ မည်သည့်အချိန်မှ စတင် ပေါ်ပေါက်လာပုံများကို ကောက်နှုတ်ချက်နှင့်တကွ ဖော်ပြထားပါသည်။ ကောက်နှုတ်ချက်ဆိုသည်မှာ တကယ်တော့ သမိုင်းကို တန်းဖိုး ဖြတ်ထားခြင်းပင်ဖြစ်ပါသည်။ ဤအရှင်သည် ဓနုသမိုင်း နှင့်ပတ်သက်၍ ကောက်နှုတ်ချက်ရေးသားချက်များမှာ ပြတ်သား ပြောင်မြောက်လှသည်ကို တွေ့ရပါသည်။ ၎င်းနောက်မှ အခန်း(၂)၌ ဓနုတို့၏ဖြစ်ပေါ်လာပုံ ပါးစပ်သမိုင်းကြောင်းကို ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်း စုံစမ်းမေးမြန်းပြီး စိစစ်ဝေဘန် ရေးသားတင်ပြထားသည် ကိုတွေ့ရပါသည်။ နောက်ဆုံး အခန်း(၃)၌ ဘာသာရေး၊ လူမှုရေး စသည်ဖြင့် အပိုင်းများခွဲကာ အသေးစိတ် တင်ပြထားသည်ကိုတွေ့ရ ပါသည်။ ဤကဲ့သို့ တင်ပြရာ၌ သမိုင်းကြောင်းကို မှန်ကန်သည်ထက် မှန်ကန်အောင် မူရင်းကျမ်းများကိုပါမကျန် လေ့လာဖတ်ရှုပြီး ရေးသားထားသည်ကိုတွေ့ပါသည်။

ဓနုလူမျိုးတို့သည် များသောအားဖြင့် မိမိတို့၏လူမျိုး မည်သို့စတင်ဖြစ်ပေါ်လာသည်၊ ရှေးအခါက မည်ကဲ့သို့ ဖြစ်ပျက်ခဲ့သည်၊ သမိုင်းကြောင်းကဘယ်လို့ စသည်ဖြင့် အခြားသူများက မေးမြန်း သည့်အခါ

မသိသူကများလှပါသည်။ ထို့အပြင် "မင်းက ဘာလူမျိုး လဲလို့ မေးမြန်းလာသည့်အခါ 'ခနဲ့'လူမျိုးပါ"လို့ ပြန်ဖြေသည့်အခါ "ဟ. . . ခနဲ့လူမျိုးဆိုတာ ရှိသလား"လို့ ပြန်မေးတတ်ကြ၏။ ယင်းသို့ ပြန်မေးသည့်အခါမှာ ကိုယ့်ဘက်က အမှန်ဆုံးအဖြေ၊ အရှင်းဆုံး အဖြေ၊ အတိုဆုံး အဖြေကတော့ "အင်း. . . ရှိတယ်"ဒါလောက်ပဲဖြေတတ်ပါသည်။ သမိုင်းနဲ့ချိပြီးပြော ပြခိုင်းလျှင် သွားပါလေရော မသိတော့ဘူး။ မပြောတတ်တော့ဘူး။ သမိုင်းဆိုတာ လူတစ်ယောက်စီ မှာလည်း သူ့သမိုင်းနှင့်သူ ကိုယ်စီရှိသကဲ့သို့ လူမျိုးတစ်မျိုးစီမှာလည်း သူ့လူမျိုးသမိုင်းနှင့်သူ သမိုင်းရှိခဲ့ပါသည်။ အခုလည်းရှိပါသည်။ နောင်လည်းရှိသွားပါဦးမည်။ အခုလက်ရှိ ကျွန်ုပ်တို့၏ ဘဝသမိုင်းသည် နောင်နှစ်ပေါင်း ၅၀-ကျော်လျှင် တက်သစ်လူများ လက်ထက် ရောက်ရင် သမိုင်းဖြစ်သွားပါမည်။ အဲဒီတော့ သမိုင်းနဲ့ပတ်သက်ပြီး အရေးတကြီးပြောနေလိုက်တာ သမိုင်းမသိတော့ ဘာဖြစ်သွားမှာ ကျနေတာပဲ စသည်မေးစရာရှိပါတယ်။ သမိုင်းမသိတော့ အ,တာ ပေါ့၊ လူအတော့ ညံ့ရာကျသွားတာပေါ့၊ နောက်သမိုင်းမသိတော့ ကိုယ့်လူမျိုး နှင့်ပတ်သက်ပြီး တိုးတက်စေလိုစိတ်မရှိတော့ဘူး။ အဲဒီလို တိုးတက်စေလိုစိတ်မရှိတဲ့အခါ လူမျိုးနဲ့ဆိုင်ရာ မတိုးတက် တော့ဘူး။ အောက်ကျ နောက်ကျ ဖြစ်တာပေါ့။ သို့ဖြစ်ပါ၍ မိမိတို့ လူမျိုးတိုးတက် စေချင်ပါသည်။ အောက်ကျနောက်ကျ မဖြစ်စေ ချင်ပါဘူး။ သမိုင်းကြောင်း ကိုလည်း သိရှိနားလည်ထားစေချင်ပါသည်။ ယင်းကဲ့သို့ သမိုင်းကို မသိကြတဲ့အထဲမှာ ကျွန်ုပ်လဲအပါအဝင် ပင်ဖြစ်ခဲ့ပါသည်။ ကျွန်ုပ်သည် ဤကျမ်းစာရေးသားသူ အရှင် ကောသလ္လ နှင့်အတူ ခနဲ့သမိုင်းကြောင်းကို ညစဉ်ညတိုင်း ၁၂-ကျော် တစ်ချက်တီးသည့်အထိ ဆွေးနွေးတိုင်ပင်ကြရ၏။ နေ့အချိန်၌ လည်း တစ်ခါတစ်ခါ ၉-နာရီမှစ၍ နေ့လည်ပိုင်း-၃-နာရီထိုးသွားသည့်အခါလည်းရှိ၏။ ယင်းသို့ ဤအရှင်ကို ကျမ်းစာနှင့် ပတ်သက်၍ ကူညီတိုင်ပင် ဆွေးနွေးရသောကြောင့် ခနဲ့သမိုင်းကြောင်းကို သိလာရပါ

သည်။ ထို့အပြင် 'ငါ့မှာ လုပ်စရာတွေ အများကြီး ရှိနေ ပါလား၊ တာဝန်တွေ များစွာရှိနေပါလား"ဆိုတဲ့ စိတ်ဓာတ်ဖြစ်ပေါ် လာခဲ့ပါသည်။ ထို့အတူ စာဖတ်သူများကိုလည်း မနုသမိုင်းနှင့် ပတ် သက်၍ သိထားစေချင်ပါသည်။ ဖတ်ရှုစေချင်ပါသည်။ သို့အတွက်ကြောင့် ဤမနုသမိုင်းကြောင်းစာအုပ်ကို ဖတ်ရှုကြပါရန် တိုက်တွန်း လိုက်ရပါသည်။ မနုသမိုင်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အသိပညာဗဟုသုတများ ပေးနိုင်မည် ဟု ယူဆမိပါကြောင်း. . . .

ထို့အပြင် ဤကျမ်းစာသည် နောင်လာနောက်သား မျိုးဆက်သစ်များအတွက် မနုသမိုင်းနှင့်ပတ်သက်၍ ရေးသားကြမည်ဆိုလျှင် များစွာအထောက်အကူပေးနိုင်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။ နောင်ဆက်လက်လေ့လာရေးသားမည့် မနုသမိုင်းနှင့်ပတ်သက်သည့် အချက်အလက်အကြောင်းအရာများ များစွာရှိနေပါဦး မည်။ ထိုကျန်ရှိနေသော သမိုင်းအချက်အလက်များကိုလည်း ဆက်လက်လေ့လာရေးသားမည့်ပုဂ္ဂိုလ်များ ပေါ်ပေါက်လာဖို့ရန်လည်း မျှော်လင့်မိပါကြောင်း. . . . . . .

**အရှင်ဩဘာသ (နောင်ချို)**
သာသနတက္ကသိုလဓမ္မာစရိယ၊ B.A,Buddhism.
သာသနတက္ကသိုလမဟာဓမ္မာစရိယ၊
M.A, (Thesis).

# (၄)

## "အမှာစာ"

"ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးကိုတဲ့ ဖြိုမည့်ကြံ ခါးက မသန်" ဟူသော စကားပုံကို စာရေးသူ၏ ဦးနှောက်ထဲ ရောက်နေ သည်မှာ ကြာခဲ့ပါပြီ။ ကြာပင်ကြာငြားသော်လည်း အဓိပ္ပါယ်ကို လေး လေးနက်နက် မတွေးခဲ့ မကြံခဲ့မိပါ။ စာရေးသူ ကိုယ့်အကြောင်းကို သိလာရတဲ့အချိန်သည် ကိုယ့်လူမျိုးသမိုင်းကို ရေးသားမည်ဟု ဆုံးဖြတ် ချက် ချခဲ့သည့်အချိန်က တည်းကဖြစ်ပါသည်။ ယင်းကဲ့သို့ ဆုံးဖြတ် ချက် ခိုင်မာစွာ ချပြီးသည့် နောက်ပိုင်း မနုသမိုင်းအကြောင်းကို စဉ်းစားမိ သည့်အခါ သွားနေတဲ့ခြေ လှမ်းများ ဘယ်,ညာမှားခဲ့ ရသည်က အကြိမ် ကြိမ်၊ အစာစားစဉ်မှာလည်း စားစရာကို လက်ဖြင့် ကိုင်ကာ ခံတွင်းသို့ မထည့်မိဘဲ အခြားတစ်နေရာကို မျက်နှာမူပြီး အဝေးတစ်နေရာကို စိတ်ရောက်နေသည့်အတွက် ငိုင်တိုင်တိုင် ဖြစ်နေ သည်က သူရှူးပမာ နှယ်တူလှသည်။ ညစဉ် အိပ်ရာဝင်ချိန်၌လည်း ညကင်းစောင့် တာဝန် ယူထားသူနှယ် မျက်လုံးများ ကြောင်တောင်တောင် ဖြစ်ခဲ့ရသည် တို့ကလည်း မနည်းလှပေ။ အဘယ့်ကြောင့်ဆိုသော် စာရေး သူ၏ အစွမ်းအစ အားကောင်းမှုကြောင့်ပင် ဖြစ်ပါသည်။ မှန်ပါသည်။

စာရေးသူ၏ စာပေအရေးအသားထက်မြတ်မှုကို စာရေးသူ ၏ ငယ်ဆရာ့အထံမှ ထွက်ပေါ်လာသော ချီးမွမ်းစကားများက သက်သေခံ နေပါတော့သည်။ ထို စကားကား စာရေးသူမှ ဆရာ့ထံသို့ စာနှစ်စောင်ပေး ပို့သည့်အနက် ဒုတိယစာလွှာ ပေးပို့ချိန်၌ စာရေးသူအား ပြောကြားခဲ့

သည်မှာ 'ဒီကောင် တက္ကသိုလ်ရောက်တာတောင် စာအရေးအသား မတတ်ဘူး' ဟူသော စကားလေးတစ်ခွန်း ပင်ဖြစ် ပါသည်။ ထို့ကြောင့် စိတ်ကူးထားသမျှ, ကြံစည်ထားသမျှ အရာအားလုံးကို အထက်ပါ စကားလေးတစ်ခွန်းက စတင်၍ (အရောင် တင်ပေး) မီးမောင်းထိုးပေးလိုက်ခြင်းသာဖြစ်ပါသည်။ ထိုသို့ အလင်းရောင်ရမှုကြောင့် ဆရာသခင်အား ကျေးဇူးဆပ်ပြုစုမည် ဟူသော တသီးပုဂ္ဂလစိတ်မှ ရပ်ကွက်ကျေးရွာအတွင်းရှိ မျိုးဆက်သစ် ကလေးများအား ပညာပါရမီ ဖြည့်ဆည်းပေးမည်။ ထိုမှ တဆင့်တက်၍ ဓနုတစ်မျိုးသားလုံးအတွက် ကျေးဇူးပြုမည်ဟူသော အကြံအစည်ကို စိတ်ကူးကြံစည်မိခြင်းဖြစ်ပါသည်။

ထိုစကားကို အခြေတည်၍ဖြစ်ပေါ်လာသော အကြံအစည်ကြောင့် စာရေးသူ ပေးပို့ခဲ့သောစာလွှာများအနက် ဒုတိယအကြိမ်ပေးပို့ခဲ့သောစာလွှာသည် နောက်ဆုံးစာလွှာ ဖြစ်ခဲ့ရသည်။ မေတ္တာတရားအတွက် အသုံးပြုမည်ဟု ရည်ရွယ်စိတ်ကူးထားသော အပြာရောင်မှင်ရည်များသည် ဓနုအမျိုးသားတို့၏ သမိုင်းကို ရေးသားမည်ဟူသော သစ္စာတရားအောက်တွင် ရေကြည်များဖြစ်ကာ ပျက်ပြယ်ခဲ့ရှာလေပြီ။ သို့သော် စာတမ်းရှင်မှာ စာပေအရေးအသား မကျွမ်းကျင်ပါ။ ထို့ကြောင့် ဓနုတိုင်းရင်းသားလူမျိုးတို့၏ သမိုင်းကို ခရေစေ့တွင်းကျ ရေးပြချင်သော်လည်း တကယ့်တကယ် ရေးသားသောအခါ၌ စကားလုံးအသုံးအနှုန်း၊ ဝါကျဖွဲ့ထုံး၊ စကားလုံး,ဝါကျကျစ်လစ်မှု၊ သက်ပုံခွဲထား၊ စာပိုဒ်ခွဲခြားခြင်းတို့ကို ပြုစုသောအခါ အခက်အခဲပေါင်း မြောက်များစွာ တွေ့ခဲ့ရပါသည်။ ယင်းသို့ မကျွမ်းကျင်မှုများကြောင့် အခန်းထောင့်၌ ထားရှိသော အမှိုက်ပုံးမှာ ရေးပြီးသားစာမူကြမ်းတို့ဖြင့် မကြာခဏ ဗိုက်ဝနေတတ်လေသည်။

ဓနုတိုင်းရင်းသားတို့၏ သမိုင်းကို ရေးသားရာတွင် ခက်ခဲမှုများ များစွာရှိခဲ့ပါသည်ဟု ကျွန်ုပ်ပြောနိုင်သည်ထက် ပို၍ခက်ခဲခဲ့ပါသည်။ ယင်းအကြောင်းတရားများကြောင့် 'ခါချဉ်ကောင်ခါးမသန်သည့် အဖြစ်ကို

'နားလည်သဘောပေါက်ကာ ဆန္ဒရှိသော်လည်း စာရေးသူ အစွမ်းရှိသမျှ တင်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။

ခေတ်နေတိုင်းရင်းသားတို့၏ သမိုင်းကြောင်းကို ဖတ်ရှုရာ၌ ' အရသာ ရှိသော ရသစာပေမဟုတ်'ဟု စာဖတ်သူအား ဦးစွာသတိပေး ချင်ပါသည်။ 'သမိုင်း' ဟူသည် 'သုတစာပေ'မျှသာ ဖြစ်ပါသည်။ စကားလုံးရွေး ချယ်သုံးနှုန်းရာ၌ အလင်္ကာ, ဂုဏ်မြောက်စရာမလို၊ အမှန်တရားဖြစ်ဖို့သာ အရေးကြီးပါသည်။ဖြစ်စဉ်တစ်ခုကို အမှန် အတိုင်း ရေးပြခြင်းသည်ပင် 'သမိုင်း' ဟုခေါ်တွင်သော ကြောင့်တည်း။

သမိုင်းသည် အမှန်တရားဖြစ်စဉ်တစ်ခုဟုဆိုခဲ့သော်လည်း လေ့လာနေကြသော သုတေသီတို့၏ ခေတ်ကာလကွာခြားမှု၊ အတွေး အခေါ် မတူညီမှုတို့ကြောင့် ဒွိဟဖြစ်စဉ်များနှင့်လည်း ကြုံတွေ့ ခဲ့ရသည် သာ။

မြန်မာတို့၏ သမိုင်းကိုဖေါ်ထုတ်ကြရာတွင် ' မြန်မာအစ ကျောက်ဆည်က' 'မြန်မာအစ တကောင်းက' ဟု နှစ်မျိုးနှစ်စား ကွဲပြား နေသည်ကို တွေ့ရှိရလေသည်။ သို့ဖြစ်၍'တည်ကတည်းက လယ်လွဲ' ဟု ဆိုရမည်ပင်။ ထို့အတူပင် ခေတ်နေတိုင်းရင်းသားတို့၏ ဖြစ်စဉ်သမိုင်းများကို သုတေသီတို့ လေ့လာချက်များအရ စာရေးသူလေ့လာကြည့်သော အခါတွင် ကွဲပြားခြားနားမှုများ တွေ့ရှိရလေသည်။ ထိုကွဲပြား ချက်များကို ခွဲခြား၍ အမှန်တရားနှင့် နီးစပ်နိုင်သမျှ နီးစပ်အောင် စာရေးသူ အင်အား ရှိသမျှ လေ့လာတင်ပြထားပါသည်။ ထိုတင်ပြချက် များမှ နောင်လေ့လာ မည့် သုတေသီတို့အတွက် အသုံးတဲ့မည်ဆိုပါက 'ခေတ်နေသမိုင်း' ရေးသားရခြင်း အတွက် ကျေနပ်ပါပြီ။

အမှန်စင်စစ် စာရေးသူကိုယ်တိုင် မိမိတို့ခေတ်နေသမိုင်းကို အသက် ၂၆- နှစ် အရွယ်ရောက်မှ သိခဲ့ရသည်။နေထွက်မှနေဝင် အလုပ်လုပ် ကိုင်နေကြ သော ခေတ်နေတိုင်းရင်းသားများအတွက် လည်းကောင်း စာပေနှင့် အနေဝေးမှု

ကြောင့် လေ့လာခွင့် မရရှိသေးသော ဓနုတိုင်းရင်းသားများအတွက် ရည်သန်၍ ဤစာတမ်းကို ရေးသားခြင်းဖြစ်ပါသည်။

ဤစာတမ်းမှ ပေးသောအသိ၊ ရရှိသောဗဟုသုတများဖြင့် ဓနုတိုင်းရင်းသားများ လောကအလယ်၌ တင့်တယ်နိုင်ပါစေဟူသော ဆန္ဒသာ အရင်းခံဖြစ်လေသည်။

သို့ဖြစ်၍ ဤစာတမ်းကို ဓနုတိုင်းရင်းသားတို့တွင် ငွေကြေး တတ်နိုင်သောသူများမှသော်လည်းကောင်း၊ ဓနုဒေသဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့အစည်းများမှသော်လည်းကောင်း၊ ဓနုဒေသ ဖွံ့ဖြိုးတိုးတက် ရေးကို မြင်တွေ့လိုသူတို့ကလည်းကောင်း ခေါင်းဆောင်၍ တစ်မျိုးသားလုံး၏ လက်ဝယ် သို့ရောက်အောင် အားထုတ်စေချင်၏။

စာပေအား ဖြန့်ဖြူးရာ၌ စာမူခွင့်ပြုချက်အမှတ်နှင့် စာရေးသူ၏ တင်ပြထားသော အထောက်အထားများ သုံးသပ်ချက်များမှလွဲ၍ ကြွင်းသောအချက်အလက်များကို စိတ်ကြိုက်ပြုပြင်၍ ဖြန့်ဖြူးနိုင်ပါ သည်။ စာရေးသူ တင်ပြထားသော အချက်အလက်များမှ မှားယွင်းမှု တစ်စုံတရာ တွေ့ရှိပါက ပြန်လည်ပြင်ဆင်နိုင်ရန် စာရေးသူအား အ ကြောင်း ပြန်ခြင်းဖြင့် ကျေးဇူးပြုပါရန် စာရေးသူဆန္ဒရှိပါသည်။ ထို့အတူ ပင် ဤစာတမ်းနှင့် ပတ်သက်၍ ဝေဖန်ချက်အမျိုးမျိုး သုံးသပ်ချက် အဖုံဖုံ တို့ကို ပေးပို့လာသူတို့အား ကျေးဇူးတင်စွာဖြင့် နွေးထွေးစွာ ကြိုဆိုပါကြောင်း . . . .။

**အရှင်ကောသလ္လ (ရွာငံမြို့နယ်၊ မြို့ကြီး)**
**သာသနတက္ကသီလဓမ္မာစရိယ၊**
**B.A, Buddhism (Final Year)**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မန္တလေးမြို့**
**ဖုန်း ။ ၀၉ - ၄၀၂၅၃၂၃၄၁**

# "နိဒါန်း"

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၌ ပညာသင်ကြား ဆည်းပူးလျက်ရှိသော စတုတ္ထနှစ်သင်တန်းသားများသည် ဘွဲ့ယူစာတမ်း အသီးသီးတင်သွင်းရပါသည်။ ယင်းအကြောင်းကို ပထမနှစ်သင်တန်း သားဘဝမှပင် သိရှိခဲ့ရသည်။ ယင်းသို့သိရှိပြီးနောက် ကျွန်ုပ်သာ အကယ် ၍ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်သင်တန်းကို့ကို အောင်မြင်ပြီး စတုတ္ထနှစ် သင်တန်းကို တတ်ရောက်သင်ကြားခွင့်ရသည်ရှိသော် အဘယ် စာတမ်းမျိုးကို ရေးသားရပါမည်နည်းဟု ကြံစည်စိတ်ကူးမိပါသည်။

ယင်းသို့ကြံစည်စိတ်ကူးလျှက် သင်တန်းတစ်ဖက်၊ စိတ်ကူးတစ် ဖက်ဖြင့် လက်လှမ်းမီသမျှ စာပေတို့ကိုလည်း ဝါသနာပါသည့်အလျောက် ရှာဖွေဖတ်ရှုခဲ့ပါသည်။ စာကြည့်တိုက်သွား၍ စာအုပ်ရှာစဉ် စိတ်ကူး တစ်ခုရခဲ့သည်။ ယင်းစိတ်ကူးကား အခြားမဟုတ်ပေ။ မနုလူမျိုး ဟု မှတ်ပုံတင် သာသနာ့ဝင်မှတ်တမ်းတို့၌ ကိုယ်တိုင်လက်မှတ် ရေးထိုးခဲ့ရသော်လည်း မနုလူမျိုးတို့၏ သမိုင်းကြောင်းကို မသိခဲ့ရိုး အမှန်ပင်ဖြစ်သည်။ သို့ဖြစ်၍ မိမိတို့၏ တက္ကသိုလ်စာကြည့်တိုက်၌ နောင်တော်ကြီး များဖြစ်သော အရှင်မော နေယျ၊ အရှင်စန္ဒာဝရ၊ အရှင်ဉာဏိဿရတို့ တင်သွင်းထားသောကျမ်းစာများ၊ ဒါရိုက်တာမြင့်မောင် ရေးသားခဲ့သော မနုတောင်းရိုးခရီးသွားစာပေများကို ရှာဖွေတွေ့ရှိခဲ့ပြီး ဖတ်ရှုရသဖြင့်မနု တို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံ အစဉ် အလာများကို အတော်အတန်သိရှိ ခွင့်ရခဲ့ပါသည်။

ထို့အပြင် အခြားသောသူတို့သည် ဓနုလူမျိုးတို့အကြောင်းကို အဘယ်ကဲ့သို့ ထုတ်ဖော်ရေးသားခဲ့ကြပါသနည်းဟု ထပ်မံ၍ စူးစမ်းလို စိတ်ဖြစ်ပေါ်လာသောကြောင့် မန္တလေးမြို့ပေါ်ရှိ စာအုပ်အဟောင်းဆိုင် များနှင့် ရန်ကုန်မြို့ပေါ်ရှိ နာမည်ကြီးစာအုပ်အဟောင်းဆိုင်တို့ကို အား လပ်ရက်ရသောအချိန်တိုင်း သွားရောက်ရှာဖွေရာ ဓနုတို့နှင့်ပတ်သက် ၍ ရေးသားထားသော စာအုပ်အချို့ကို ရရှိခဲ့ပေသည်။ ထိုစာအုပ်တို့ကို ဖတ်ရှုပြီး နောက် မိမိသိရှိထားသော 'ဓနုသမိုင်းကို' ဘွဲ့ယူစာတမ်းအဖြစ် ရေးသားရန် ကြံရွယ်ခဲ့ပါသည်။

ဤစာတမ်းကို အခန်း(၃)ခန်းဖြင့် ရေးသားထားပါသည်။ ထိုသို့ ရေးသားရာတွင် အခန်း(၁) ၌ 'သမိုင်းကပြောသော ဓနု' အကြောင်းကို မြန်မာ့ သမိုင်းဖြစ်စဉ်ကိုအခြေခံ၍လည်းကောင်း၊ ရှာဖွေတွေ့ရှိသော အထောက် အထားများကို အခြေခံ၍လည်းကောင်း လက်လှမ်းမီသမျှ တင်ပြထားပါသည်။

အခန်း(၂)၌ မိမိတို့ ငယ်စဉ်ကကြားသိခဲ့သော ဓနုတို့အကြောင်း (ပါးစပ်သမိုင်း)ကိုပင် 'ဓနုကပြောသောသမိုင်း' အဖြစ်တင်ပြထားပါ သည်။

အခန်း (၃)တွင် ဓနုတိုင်းရင်းသားတို့၏ ဘဝဖြစ်စဉ်များနှင့် တကွ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဘာသာရေးစသည်တို့ကို အမြွက်မျှသာ တင်ပြထား ပါသည်။

အမှန်အားဖြင့် ဝန်ခံရပါမူ ဤစာတမ်းအား ဘွဲ့ယူစာတမ်း အဖြစ် ရေးသားခဲ့သော်လည်း မူရင်းဓာတ်ခံမှာ ဓနုသမိုင်းကို ဓနုလူမျိုး တို့အား ဖတ်စေလို, သိစေလိုသောကြောင့် ပင်ပန်းမှုကို ပဓာနမထား၊ငွေကြေး ဥစ္စာတို့ကိုထည့်မတွက်ဘဲ အကုန်အကျခံကာ ရေးသားခဲ့ခြင်းဖြစ်ပါသည်။

မိမိသည် ဓနုလူမျိုးတို့၏'သွေး' ရာနှုန်းပြည့်ပါဝင်သော ဓနုတိုင်း ရင်းသား စစ်စစ်ဖြစ်ပါသည်။ ဓနုလူမျိုးတို့ကို အလွန်အင်မတန်မှ ချစ်ပါသည်။ ဓနုလူမျိုး တို့၏ သမိုင်းကို အခွင့်အရေးရလျှင် ဖော်ထုတ်ချင်သော ဆန္ဒများ အစဉ်အမြဲ ကိန်းအောင်းနေခဲ့ပါသည်။ ဓနုလူမျိုးတို့၏ လိုအပ်ချက်တို့ကို ဖြည့်ဆည်းချင် ပါသည်။ ဓနုလူမျိုးတို့အား တိုးတက်စေချင်ပါသည်။

သို့သော် ဤစာတမ်း ရေးသားချိန်တွင် သမိုင်းချစ်စိတ်, သမိုင်းမှန်ကန်စေလိုသောဆန္ဒတို့ဖြင့် သမိုင်းမျက်နှာကိုသာ ကြည့်၍ သမိုင်း ဘက်မှနေကာ အကောင်းဆုံး (အမှန်ကန်ဆုံး)ဖြစ်အောင် တတ်စွမ်းသမျှ, လက်လှမ်းမီသမျှ လေ့လာဖော်ပြထားပါသည်။

အဘယ့်ကြောင့်ဆိုသော် မိမိ၏ ဘဝအသက်တမ်းသည် နောင် အနှစ် (၅၀)ဆိုသည်မှာ မသေချာသော်လည်း ဓနုလူမျိုးတို့၏သမိုင်း ကြောင်းသည် ကမ္ဘာတည်နေသ၍ ထင်ကျန်နေမည် ဖြစ်သောကြောင့်တည်း။

**ကောသလ္လ၊အရှင်**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အခန်း(၁)

# သမိုင်းကစပြောသောစနစ်

## ၁။ သမိုင်းဟူသည်

သမိုင်းဟူသည် ကမ္ဘာကြီးနှင့် ပတ်သက်၍သော်လည်းကောင်း၊ နိုင်ငံနှင့် ပတ်သက်၍သော်လည်းကောင်း၊ လူမျိုးနှင့်ပတ်သက်၍သော်လည်းကောင်း၊ အဆောက်အဦးနှင့်ပတ်သက်၍သော်လည်းကောင်း ရှေးရှေးကာလမှအစပြု၍ ယခုမျက်မှောက်ကာလတိုင်အောင် ဖြစ်ပြီးခဲ့သော အတိတ်ဖြစ်စဉ်များပင်ဖြစ်သည်။ သမိုင်းသည် အစဉ်မှတ်သားရအောင် ပြုလုပ်သောစာပေမှတ်တမ်းကို ဆိုလိုသည်။ ဘုရား၊ဂူ၊ကျောင်း၊တန်ဆောင်း၊ပုဂ္ဂိုလ်ထူး၊ အကြောင်းအရာထူး စသည်တို့နှင့် စပ်လျဉ်း၍ စကားပြေဖြစ်စေ၊ လင်္ကာလာဖြစ်စေ စီကုံးရေးသား ထားသည်များကို ခေါ်ဝေါ်ခြင်းဖြစ်သည်။ သမိုင်းသည်လူမျိုးတစ်မျိုး၏ အတိတ်နိုင်ငံရေးဖြစ်စဉ်၊ လူမှုရေးဖြစ်ရပ်နှင့် ယဉ်ကျေးမှုဆိုင်ရာဖြစ်ရပ်များကို နောင်'တက်လူ' များအတွက် ပြစရာပန်းချီကား တစ်ချပ်သဖွယ်ဖြစ်သည်။

တိုးတက်သောနိုင်ငံ၊ တိုးတက်သောလူမျိုးအသီးသီးတို့တွင် နိုင်ငံရေးသမိုင်းများ၊ စီးပွားရေးသမိုင်းများ၊ လူမှုရေးသမိုင်းများ၊ စစ်ရေး သမိုင်းများ၊ ယဉ်ကျေးမှုသမိုင်းများ၊ အုပ်ချုပ်မှုသမိုင်းများစသည်ဖြင့် စာအုပ်စာတမ်းများ စနစ်တကျပြုစုထားကြသည်။ နောင်တက်လူငယ်များသည် အတိတ်ကာလမှ သမိုင်းဖြစ်ရပ်များကိုလေ့လာပြီး အနာဂတ်ကာလတွင်ဆောင်ရွက်သင့်သည်များ ကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လက်ရှိအခြေအနေထက် ပိုမိုတိုးတက်လိုလျှင်

သမိုင်းပေးသင်ခန်းစာများကို လေ့လာ၍ ပြုပြင်သင့်သောအရာများကို ပြုပြင်နိုင်မည်ဖြစ်သည်။

လူမျိုးတစ်မျိုး(သို့)နိုင်ငံတစ်နိုင်ငံတွင် အတိတ်ကာလမှဖြစ်ခဲ့သော အကြောင်းအရာအတ္ထုပ္ပတ္တိတို့ကိုရေးသားမှတ်တမ်းတင်ထားခြင်းသည်ပင် သမိုင်းဖြစ်သည်။ ထိုကဲ့သို့ မှတ်တမ်းတင်ထားခဲ့သော အကြောင်းအရာအဖြစ်အပျက်တို့သည် အတိတ်ကာလအမှန်တကယ်ဖြစ်ခဲ့ကြောင်းသက်သေခံသော အထောက် အထားများရှိရပေမည်။ မှန်ကန်သောအထောက်အထားမရှိလျှင် မှန်ကန်သောသမိုင်း မဖြစ်နိုင်ပေ။

သမိုင်းအဖြစ်အပျက်တစ်ခုသည် အမှန်မုချ ဖြစ်ခဲ့ပါသည်ဟု သက်သေခံသော အရာဝတ္ထုများကို သမိုင်းအထောက်အထားဟုခေါ်သည်။ သမိုင်းတွင် ဖော်ပြထားသော "အကြောင်းအရာတစ်ခုသည် တကယ်ဖြစ်ခဲ့ပါသည်၊ လုပ်ကြံ၍ပြောဆိုရေးသားခြင်းမဟုတ်ပါ" ဟုအခိုင်အလုံသက်သေခံနိုင်မှသာလုံလောက်စိတ်ချရသောသမိုင်းအထောက်အထားဖြစ်ပါသည်။ အခိုင်လုံဆုံးသမိုင်းအထောက်အထားများကားကျောက်စာနှင့် ရှေးဟောင်းပစ္စည်းများပင်ဖြစ်ပါသည်။ မုချဖြစ်သောအကြောင်းအရာကို ကိုယ်တိုင်မြင်တွေ့၊ ကိုယ်တိုင်ကြားသိရသော သူတစ်ဦးတစ်ယောက်သည် နောင်လာနောက်သားတို့အတွက် ရေးမှတ်ထားခဲ့သော မှတ်တမ်းများသည် အလွန်ခိုင်လုံသော အထောက်အထားများဖြစ်သည်။ ထိုခိုင်လုံသောအထောက်အထားများကပင် နောင်လာနောက်သားတို့အတွက် အစဉ်အဆက်တိုးတက် ကောင်းမွန်စေရန်လမ်းညွှန် နေပေသည်။ လူမျိုးတစ်မျိုး၏ အတိတ်သမိုင်းဖြစ်ရပ်သည် ထိုလူမျိုးအတွက် အသက်သွေးကြောတမျှ အရေးကြီးလှပေသည်။ အတိတ်ဖြစ်ရပ်သည် ပစ္စုပ္ပန်ကို ပိုမိုနားလည်စေနိုင်သည်။ အနာဂတ်တွင် မည်သို့ဖြစ်လာမည်ကို မျှော်တွေးမှန်းဆနိုင်သည်။ အတိတ်သမိုင်းသည် ထိုလူမျိုးအတွက် အနာဂတ်မီးရှူးတိုင်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နေထိုင်ကြသောတိုင်းရင်းသားလူမျိုးများအနက် မနုတိုင်းရင်းသားများသည် အခြားတိုင်းရင်းသားများနည်းတူ တူညီသောသမိုင်းနောက်ခံ၊ တူညီသောဘာသာစကားဝေါဟာရများ၊ တူညီသောယဉ်ကျေးမှု၊ တူညီသောဘဝနေထိုင်ရေးနှင့် ပထဝီအနေအထား နယ်နိမိတ်အထင်အရှားရှိသောလူမျိုးဖြစ်ပြီး စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိကြသည်။ မနုသမိုင်း၊ မနုဘာသာစကားဝေါဟာရ၊ မနုယဉ်ကျေးမှုသမိုင်းများရှိခဲ့သည်မှာ မုချပင်ဖြစ်ပါသည်။

ခေတ်စနစ်များသည် အစဉ်အမြဲ ပြောင်းလဲနေ၏။ ခေတ်စနစ်များပြောင်းလဲတိုင်း သမိုင်းအဖြစ်အပျက် အစဉ်အလာများသည်လည်း လိုက်လျောညီထွေစွာ ပြောင်းလဲ၍နေပါသည်။ ကျန်ရစ်ခဲ့သောခေတ်များ၏ အကြောင်းအရာဖြစ်မှုပျက်မှုများသည် ထိုခေတ်၏ သမိုင်းဖြစ်ရပ်များသဖွယ် ကျန်ရစ်နေလေတော့သည်။ မိမိတို့၏ သမိုင်းကိုမသိသော လူမျိုးသည် မှတ်ဉာဏ်မရှိသောလူတစ်ဦးနှင့်တူသည်။ မိမိလူမျိုး၏သမိုင်းကို မေ့နေသောလူမျိုးသည် အတိတ်ကာလက မိမိတို့၏ ဘိုးဘွားများ ရှာဖွေတွေ့ရှိခဲ့သည်များကို အသစ်တစ်ဖန်ပြန်လည်ရှာဖွေရပေဦးမည်။ တီထွင်ထားခဲ့သည်များကို ထပ်မံတီထွင်ရပေဦးမည်။ ပြုလုပ်ခဲ့ကြသောအမှားများကို ပြန်လည်မှားကြပေဦးမည်။ မိမိလူမျိုး၏ အတိတ်ဖြစ်ရပ်များကို သမိုင်းအဖြစ် မှတ်တမ်းထားရှိရန်ကြိုးပမ်းကြရမည်။ လူမျိုးတစ်မျိုး၏ သမိုင်းဖြစ် စဉ်ကိုမသိလျှင် လူမျိုး၏တန်ဘိုးကိုလည်း မသိနိုင်ပေ။ မိမိလူမျိုး၏ ယဉ်ကျေးမှုထုံးစံဓလေ့များကို မေ့လျော့ပေါ့ဆကာ အလေးမထားဘဲနေခဲ့လျှင် ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ ခေါင်းပါးကာ လူမျိုးပါပျောက်ကွယ်သွားပေမည်။

ထို့ကြောင့် သမိုင်းဟူသည် အနာဂတ်လူငယ်များအတွက် အတိတ်ကဘိုးဘွားများပြုလုပ်ခဲ့သည့်အလုပ်၊ ဖြစ်ပျက်ခဲ့သည့်အစဉ် တိုးတက်မှု ဆုတ်ယုတ်မှုများကိုလေ့လာစေသည်။ ထိုလေ့လာချက်များမှ ဘဝသခ်ာန်းစာကိုရစေသည်။ ထိုသင်ခန်းစာများသည် နောင်အနာဂတ်လူငယ်များ "မအ,စေရေး" အတွက်

ဘဝဆီမီးတိုင်ပင်ဖြစ်ပေသည်။ မျိုးဆက်သစ်များသည် အနာဂတ်တွင် တိုးတက်စေရန် အတွက် မိမိတို့၏ ဘိုးဘွားများထားရစ်ခဲ့သော အမွေအနှစ်, ထုံးစံဓလေ့, ယဉ်ကျေးမှုများကို မပျောက်ပျက်စေရန် ထိန်းသိမ်းရပေမည်။ ထိုအရာဝတ္ထုအားလုံးသည်ပင် ဘိုးဘွားများထားရစ်ခဲ့သော သမိုင်းဖြစ်သောကြောင့်တည်း။

## ခ း ၂။ မြန်မာ့သမိုင်းအကျဉ်း

မြန်မာ့မြေလွှာဖြစ်ပေါ်လာမှု ဘူမိဗေဒအခြေခံကို လေ့လာကြည့်လျှင် ယုဂ်လေးမျိုးနှင့် အကျဉ်းမျှမှတ်သားနိုင်သည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကမ်ဗြီယံယုဂ် (လွန်ခဲ့သောနှစ် သန်း၆၀၀မှ သန်း၅၀၀ အတွင်း)

၂။ အောက်ကာဘောနိဖေရပ်ယုဂ် (လွန်ခဲ့သောနှစ်သန်း ၃၅၀မှ သန်း၃၀၅ အတွင်း)

၃။ ဂျူရပ်ဆစ်ယုဂ် (လွန်ခဲ့သောနှစ်သန်း ၁၈၀မှ သန်း ၁၃၅ အတွင်း)

၄။ ဧဩဆင်းယုဂ်* (လွန်ခဲ့သောနှစ်သန်း ၇၀ မှ သန်း-၄၀ အတွင်း)

ထိုတွင် ကမ်ဗြီယံယုဂ်အတွင်း၌ မြန်မာနိုင်ငံတော်သည် ပင်လယ်ပြင်အတိဖြစ်သည်။ ကုန်းမြေမပေါ်သေးပေ။ အောက်ကာဘောနိဖေရပ်ယုဂ်ရောက်သောအခါ သံလွင်မြစ်သည် အရှေ့ဘက်ပင်လယ်ကမ်းခြေဖြစ်သည်။ ဂျူရပ်ဆစ်ယုဂ်ရောက်သောအခါဝယ် ယခုဘင်္ဂလား ပင်လယ်အော်သည် ကုန်း

---

*=1.Cambrian Period 600-500 Million Years ago

2.Lower Carboniferous Period 350-305 Million Years ago

3.Jurassic Period 180-135 Million Years ago

4.Eocene Period 70-40 Million Years ago

ပိုင်းကျယ်ကျယ်ကြီးဖြစ်နေခဲ့သည်ဟု ယူဆကြသည်။ ထို့နောက် ဩဝဆင်း ယုဂ်အတွင်းဝယ် မြန်မာနိုင်ငံသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှလွဲ၍ ကုန်းမြေ ဖြစ်ထွန်းလာသည်။ ဤအချက်များကိုထောက်ဆ၍ မြန်မာ့မြေလွှာသက်တမ်း သည် အနှစ်လေးကုဋေမျှ ရှိပြီဟု မှန်းဆရပေသည်။

ယင်းကဲ့သို့ မြန်မာ့မြေလွှာဖြစ်တည်မှုကို တင်ပြပြီးနောက် လူနေမှုနှင့်ပတ် သက်၍ ·အတိုင်းအတာကာလအပိုင်းအခြားကို သုတေသီများ လေ့လာချက် အရ အကျဉ်းမျှတင်ပြလိုပေသည်။

မြန်မာ့မြေပေါ်တွင် လူနေမှုကာလအစကို သိရှိရန် အမေရိကန် လေ့လာရေးအဖွဲ့သည် 'ဟဲလမက်ဒေတာရာနှင့်မိုဗီယမ်' တို့ဦးဆောင်ပြီး ခရစ်နှစ် ၁၉၃၇-နှစ်ကုန်နှင့် ၁၉၃၈-နှစ်ဦးပိုင်းလောက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြ သည်။ သူတို့က ကျောက်ဟောင်းကာလ မြန်မာ့မြေပေါ်မှလူများကို 'အညာ သား' ဟုခေါ်ပြီး ထိုသူတို့၏ ဓလေ့များကို 'အညာသိယဓလေ့' ဟု မှတ်ချက်ပြုခဲ့ သည်။ တဖန်ခရစ်နှစ်၁၉၆၄- ဝန်းကျင်တွင် မြန်မာနိုင်ငံ ရှေးဟောင်းသုတေသန ဌာနမှ ဟန်လင်းဒေသတူးဖော်ရေး၌ ကျောက်ခေတ်လက်နက်များ တွေ့ရှိခြင်း၊ ချင်းတွင်းအနောက်ဘက်ကမ်း ဆားထုံးမှာ ကျောက်ခေတ် လက်နက်များတွေ့ ခြင်း၊ ပခုက္ကူတစ်ဘက် လက်ပံခြေပေါ်မှာ ဆည်တည်ဆောက်ရန် ဘူလဒိုဇာနှင့် မြေထိုးရာမှ ပေါ်လာသော ကျောက်ခေတ်လက်နက်များနှင့် ၁၉၆၈-တွင် ပဒလင်းဂူကို သွား၍လေ့လာကြသောအခါ ကျောက်သစ်လက်နက် အထောက် အထားများ များစွာရရှိခဲ့သည်။ တဖန် ၁၉၇၁-တွင် အမရပူရ တောင်သမန်အင်း ဇောင်းတွင် လှိုင်းပုတ်၍ကမ်းပြိုရာမှ ကျောက်ခေတ် အထောက်အထားများ များစွာတွေ့ရှိခဲ့ပြန်သည်။

ယင်းအထောက်အထားများကိုလေ့လာ၍ လူနေမှုကာလကို အကျဉ်း အားဖြင့် တင်ပြရသော် "ပထမကျောက်ဟောင်းကာလ နှင့်ပတ်သက်၍ အရင် အနှစ်လေးသိန်းကပဲ ဒီမြေပေါ်မှာ အညာသားတွေရှိပြီးဖြစ်လို့ သူတို့ရဲ့ဘဝကို

အသင့်အတင့် ဖော်ပြနိုင်ပေသည်။ ဒုတိယကျောက်ခေတ်နှင့်ပတ်သက်ပြီး အရင်အနှစ်ခြောက်ထောင် အထက်နားလောက်ကစပြီး ဆန်လည်းစိုက်၊ ကျွဲနွားလည်းမွေးသော ကျောက်ခေတ်လူသားတွေ မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်မှာ နေထိုင်ကြပြီလို့ သာမညပြောဆိုနိုင်ပါတယ်"[၁] ဟု အသစ်မြင်မြန်မာသမိုင်းတွင်တွေ့ရှိရပေသည်။

မြန်မာ့မြေလွှာတွင် နေထိုင်ခဲ့သောလူမျိုးများ သုံးစွဲခဲ့သော လက်နက်ကိရိယာများကို ထောက်ဆ၍ လွန်ခဲ့သောနှစ် ခြောက်သိန်းမှ တစ်သောင်းနှစ်ထောင်အထိကာလကိုကျောက်ဟောင်းခေတ်၊ အနှစ်တစ်သောင်းနှစ်ထောင်မှ ကိုးထောင်အထိ ကာလကိုကျောက်လယ်ခေတ်၊ အရင်အနှစ်ကိုးထောင်မှငါးထောင်အထိကို ကျောက်သစ်ခေတ်ဟု ခေါ်တွင်ခဲ့ကြသည်။ ယင်းအမည်များသည် အနောက်အာရှနှင့်သာ သက်ဆိုင်လေသည်။ အရှေ့တောင်အာရှအတွက်ဆိုပါက လက်နက်စသုံးစွဲတတ်တဲ့ အရင်အနှစ်ခြောက်သိန်းမှလေးသောင်းနှစ်ထောင်အထိကာလကို ကျောက်ခေတ် ကာလဟုခေါ်သင့်၏။ ခေတ်လူစပေါ်တဲ့ အချိန်လောက် နှစ်သောင်းနှစ်ထောင်အထိကာလကိုသစ်သားကာလဟု ခေါ်သင့်၏။ ထိုကာလအတွင်း၌ အရှေ့တောင် အာရှမှလူများသည်သစ်ဝါးနှင့်ပြုလုပ်သော ပစ္စည်းကိရိယာများကို ပိုမိုသုံးစွဲလာကြသည်။ ထို့နောက်အရင်နှစ်နှစ်သောင်းနှစ်ထောင်မှ တစ်သောင်းအထိကာလကိုဒေသစွဲကာလ ဟုခေါ်သင့်၏။ အဘယ့်ကြောင့်ဆိုသော်လူများသည်ကိုယ့်အရပ်ဒေသမှာသာနေပြီး အခြားအုပ်စုများနှင့် အဆက်ဖြတ်နေတတ်သောကြောင့်ဖြစ်သည်။

သို့သော် ထိုကာလအတွင်း၌ လူများသည် စိုက်ပျိုးရေးကို အကောင်အထည်စဖော်နေပြီဖြစ်သည်။ ကျောက်လက်နက်ကိရိယာများကိုလည်း ချောအောင်သွေးတတ်၊ အိုးကိုလည်း စပြီးလုပ်တတ်နေပြီဖြစ်သည်။ အသက်မွေး

၁။ အသစ်မြင်မြန်မာ့သမိုင်း၊ ၃၀။

ဝမ်းကျောင်းအတွက် မုဆိုးနှင့် တံငါသာပြု လုပ်ပြီး နေစရာအဖြစ်ဂူများကို အသုံးပြုကြသေးသည်။ အရင်အနှစ် တစ်သောင်းမှစပြီး နှစ်ထောင်အထိ ကာလကို ချဲ့ထွင်ရေးကာလဟု ခေါ်သင့်သည်။ အဘယ့်ကြောင့်ဆိုသော် လူများသည် တောင်ပေါ်မှ လူနေ ရာဌာနများကို စွန့်ပယ်ပြီး မြေဩဇာကောင်းသော လွင်ပြင်ကို ဆင်းလာကြပြီး စိုက်ပျိုးမွေးမြူရေးကို လုပ်ကြမည် ဖြစ်သည်။

ခရစ်နှစ်စပြီးနှစ်, နှစ်ထောင်၏ ဤဘက်ပိုင်းကိုအားပြိုင် ကာလဟုခေါ်ရပေမည်။ အဘယ့်ကြောင့်ဆိုသော် အရှေ့တောင်အာရှမှာ တရုတ်ယဉ်ကျေးမှု၊ ကုလားယဉ်ကျေးမှုတွေ၊ ဥရောပယဉ်ကျေးမှုတွေ ဖောက်ထွင်းဝင်ရောက် လာကြပြီး အားပြိုင်ကြသောကြောင့်ဖြစ်သည်။ ဤကဲ့သို့ အမည်အသစ်ပေးပုံနှင့် နှစ်အပိုင်းအခြား ပြုလုပ်ထားခြင်းကား မြန်မာနိုင်ငံ၏ အဖြစ်အပျက်များနှင့် ဆီလျော်ပေသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် ခြောက်သွေ့၏။ သို့သော် မြေပြန့်၏။ မြေဩဇာကောင်း၏။ ဆည်မြောင်းနှင့် ရေပေးနိုင်မည်ဆိုလျှင် စိုက်ပျိုးရေး၌ ဖြစ်ထွန်းပေမည်။ ထို့ကြောင့် အလယ်ပိုင်းဒေသများ၌ဆည် မြောင်းလုပ်ငန်းကို အရင်နှစ်တစ်သောင်းလောက်ကစခဲ့ မည်ဟု မှန်းဆရပါသည်။ ရေပေါများသော အောက်ပိုင်းဒေသများမှာ စွတ်စိုလွန်းအားကြီးသောကြောင့် ရောဂါထူပြောမည်။ ထို့ကြောင့် နေသောလူဦးရေလည်းနည်းသည်။ ရှေးအခါကလည်း နေထိုင်သည့် လူဦးရေ လွန်စွာနည်းသောကြောင့် မြန်မာအလယ်ပိုင်းတွင်သာ ဆည်မြောင်းလုပ်ငန်းနှင့် တောင်သူများအနေများသည်[၁]ဟု ယူဆရပါသည်။

## ၁း၃။ မြန်မာအစ တခေါင်းက

မှန်နန်းရာဇဝင်ကြီးထက်စောသော အင်းဝခေတ် တနင်္ဂနွေမင်း လက်ထက် ဦးကုလားရေး မဟာရာဇဝင်ကြီးတွင် "သရေခေတ္တရာပြည် ဖြစ်သော

၁။ အသစ်မြင်မြန်မာ့သမိုင်း၊ ၃၈။

အကြောင်းပြဆိုခန်း” အစပိုင်း၌ “သာသနာတော် နှစ် ၂၀-ရောက်သောအခါ မြန်မာတို့တိုင်း ဖြစ်သော တကောင်းပြည်ကြီးကို အစိုးရသော တကောင်းမင်းကြီးသည် အနိစ္စရောက်တော်မူ၍ သားတော် အိမ်ရှေ့သတိုးမဟာရာဇာ (သတိုး= ၁၇ဆက်မြောက်) သတိုးမင်းကြီး နန်းတက်တော်မူ၏”[၁] ဟူ၍ တကောင်းမျိုးရိုးမှ သရေခေတ္တရာမင်းဆက်ကို ဆက်စပ် ၍ ပြထားသည်။ ထို့ပြင် “ငါတို့ မြန်မာပြည်တွင် တကောင်းသည် ဘုရားဖြစ်တော်မမူမီ အနှစ်သုံးရာက စသတည်း”[၂] ဟူ၍ ယင်းစာအုပ် မြန်မာရာဇဝင်ကဏ္ဍအစ၌ ဖော်ပြထားကာ တကောင်းမင်းဆက်ကို သရေခေတ္တရာမင်းဆက်နှင့် ဆက်စပ်၍ ပြထားသည်။ ယင်းခေတ်ရေးသားသည်ဟု ခန့်မှန်းကြသော ဇာတာတော်ပုံရာဇဝင်တို့၌ တကောင်းမင်းဆက်ကို သရေခေတ္တရာမင်းဆက်နှင့် ဆက်စပ်၍ပြထားသည်။ ကုန်းဘောင်ခေတ် အမရပူရ မြို့တည်၊ နန်းတည်မင်း ဘိုးတော်ဘုရားလက်ထက် ၌ ၁၁၇၁-ခုနှစ် နယုန်လ ပြည့်ကျော်(၅)ရက်နေ့တွင် မဂၤတိုင်းနေ ယတိရဟန်းတို့ အထံမှ ကာသိပုဏ္ဏားတို့သည် သက္ကတဘာသာ ဒေဝနာဂရီအက္ခရာရေး ပဗ္ဗောဓစန္ဒြောဒယမည်သော ဂေါတမပုရာဏ်ကျမ်းကို ဆက်သလာသည်။[၃]

ယင်းကျမ်း၌ ‘ဂေါတမဘုရား၏ ဆွေတော်မျိုးတော်များ နေထိုင်သော ကောလိယပြည်နှင့် ပဉ္စာလရာဇ်မင်းတို့ စစ်ခင်းကြရာ ကောလိယမင်းတို့စစ်ရှုံး၍ အရပ်တစ်ပါးသို့ ပြေးသွားကြရာ အချို့မှာ မောရယ် တောင်ထွင့်သို့ မောရယ်မှ တကောင်းသို့ ပြောင်းရွှေ့တည်ထောင်ကြောင်းဆိုခဲ့သည်။ ထိုမင်းလက်ထက် ထင် ရှားသော စာဆိုတော် ဝက်မစွတ်နဝဒေးက ဣသျှံဂူမော်ကွန်း၌ ပရာသယ ဆရာရေးသည့် ပူရာဏ်ကျမ်းကိုညွှန်းကာ တကောင်းအရပ်၌ သာကီဝင်မင်းများ နေထိုင်သွား ကြောင်းကို ဖော်ပြစပ်ဆိုထားသည်။

---

၁။ မဟာရာဇဝင်ကြီး၊ ပ-တွဲ၊ ၁၀၉-၁၁၁။ ၂။ ဇာတာတော်ပုံရာဇဝင်၊ စာ-၃၅။ ၃။ရာဇဝံသဂဏ္ဍိပဒတ္ထဝိဘာဝနီကျမ်း၊ တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်၂၈၊ စာ-၆၃။

တကောင်းဒေသတွင် သာကီဝင်မင်းတို့ လာရောက်အခြေချ နေထိုင်မှုကို ခိုင်မာစေသောအချက်မှာ တကောင်းနှင့်တစ်ဆက်တည်း သာကီဝင်ကံရာဇာကြီးတို့ ရောက်ရှိ မြို့ပြတည်ထောင်သော ရခိုင်တွင် ခုနှစ်,သက္ကရာဇ်အသုံးအနှုန်းကို အိန္ဒိယပြည် နှင့်မြန်မာပြည်မှာကဲ့သို့ သာသနာသက္ကရာဇ်ကို မသုံးဘဲ ဘိုးတော်အဥ္ဇနမင်းကြီး၏ အဥ္ဇနသက္ကရာဇ် (၁၃၃၂)ခုနှစ် (AD 640) အထိ ဆက်လက်သုံးစွဲနေခဲ့သောအချက်ပင် ဖြစ်သည်။

ဤကဲ့သို့ ရှေးရာဇဝင်မော်ကွန်းတို့ကိုထောက်၍ တကောင်းအရပ်ပတ်ဝန်း ကျင်၌သာကီဝင်များနေထိုင် အုပ်စိုးခဲ့ကြောင်း ပြဆိုခဲ့ကြသဖြင့် "မြန်မာအစ တကောင်းက" ဟူ၍ ခိုင်ခိုင်မာမာ ယူဆလာခဲ့ကြ ခြင်းဖြစ်သည်။

ယခုခေတ် သုတေသီများအနက် "မြန်မာအစ တကောင်းက" ဟူသောအဆိုကို ထောက်ခံသူများရှိသည်။ ယင်းသုတေသီတို့အလိုအရ အာရှတိုက်အလယ်ပိုင်းရှိ ဗရန်ခရဥလ(ဝါ)ဗယန်ခရတောင်ကြီးနှင့် မာချူမြစ်ဝှမ်းသည် မြန်မာတို့၏ ဇာတိချက်ကြွေဒေသ မြန်မာအစဖြစ်ရမည်။ ယင်းဒေသတွင် နောင်အခါ တိဗက်လူမျိုး မြန်မာလူမျိုး ဟုခေါ်တွင်မည့်လူတို့သည် ထိုဒေသတွင် ယခုတိုင်အောင် နေထိုင်လျှက် ရှိသေးသော 'ချီအင်' လူမျိုးတို့နှင့် တစ်လုံးတစ်စည်းတည်း နေထိုင်လျှက်ရှိခဲ့ပေမည်။ ထိုသူတို့အတွင်းမှ နောင်အခါ မြန်မာ ဟုခေါ်တွင် မည့်လူများသည် ခရစ်တော်မပေါ်မီ အနှစ်(၁၃၀၀) ခန့်က တရုတ်တို့၏ရန်ကြောင့် တောင်ဘက်သို့ စတင်ထွက်ခွါ ဆင်းသက်ခဲ့ကြပြီးလျှင် မြန်မာနိုင်ငံအတွင်းသို့ ခရစ်တော်မပေါ်မီ အနှစ်(၈၀၀) လောက်တွင် ဝင်ရောက်လာကြသည်' ဟု ဆိုလေသည်။

ထိုချီအင်အနွယ်ဝင် နောင်အခါ မြန်မာဟုခေါ်တွင်မည့်လူတို့ သည် အာရှတိုက် အလယ်ပိုင်း ဟိုအင်ဟိုမြစ်ဖျားခံရာ မြစ်ညာမှ တရုတ်ပြည် စီချွမ်နယ်၊ ယူနန်နယ် အနောက်ပိုင်းရှိ တောင်တန်းဒေသ များအလိုက် ဆင်းသက်လာကြပြီးလျှင် မြန်မာနိုင်ငံအတွင်းသို့ မေခမြစ်၊ တပိန်မြစ်၊ရွှေလီမြစ်ကြောင်းတစ်

လျှောက်မှ ဝင်ရောက်လာကြ သဖြင့် ဧရာဝတီမြစ်ဝှမ်း မြေပြန့်လွင်ပြင်အရပ်သို့ ဆိုက်ရောက်လာကြကာ [၁] 'ရွှေလီနှင့် ဧရာဝတီမြစ်တို့ ပေါင်းဆုံရာ တကောင်း ဒေသတစ်ဝိုက်၌ အခြေချနေထိုင်ကြမည်'ဟု ခန့်မှန်းထားသည်။ တဖန် ဤကဲ့သို့ မြန်မာပြည်အထက်ပိုင်း တကောင်းဒေသတစ်ဝိုက်၌ ခရစ်တော်မပေါ်မီ အနှစ် (၈) ရာခန့်က ရောက်ရှိနေထိုင်လျှက်ရှိသော အဆိုပါ ချီအင်အနွယ်ဝင် မြန်မာ လူမျိုးတို့အပေါ် ထိုစဉ်အခါက အရှေ့တောင်အာရှဘက်သို့ ပြန့်နှံ့ဝင်ရောက်လာ ကြသည့် မဇ္ဈိမနိုင်ငံသား အာရိယန်နွယ်စဉ် သာကီဝင်တို့ရောက်ရှိလာပြီး ရောနှော နေထိုင်ကာ စိုးမိုးအုပ်ချုပ်လျက် ယင်းအာရိယန်တို့အထံမှ အိန္ဒိယ မြောက်ပိုင်း ယဉ်ကျေးမှုများကိုပါ ရရှိခဲ့သည်။

ဤမြန်မာအစ တကောင်းကဟူသော အယူအဆမှာ 'မြန်မာ တို့သည် ကျောက် ချောခေတ်နှင့်ကြေးခေတ်မှ သံခေတ်သို့ အကူးအပြောင်းကာလက တည်းက မြန်မာပြည်တွင်းသို့ရောက်ရှိ နေထိုင်မြို့ပြတည်ထောင်ခဲ့သော လူမျိုး ဖြစ်သည်' [၂] ဟူ၍ ယူဆကြသည်။

### ၁း၄။ မြန်မာအစ ကျောက်ဆည်က

"မြန်မာအစ တကောင်းက" ဟူသောအယူအဆကို ငြင်းပယ် လျက် 'မြန်မာအစ ကျောက်ဆည်က' ဟူသောအယူအဆကို ခေတ်သစ်သုတေသီ အချို့က တင်ပြကြသည်။ ယင်းသုတေသီတို့က 'မြန်မာလူမျိုးတို့မြန်မာနိုင်ငံ အတွင်းသို့ ပထမဦးစွာ ရောက်ရှိနေထိုင်ကြသောအရပ်မှာ တကောင်းမဟုတ်၊ ကျောက်ဆည်ဖြစ်သည်'ဟု အခိုင်အမာယူဆကြသည်။ [၃]

အဆိုပါသုတေသီတို့အလိုအရ တိဗက်မြန်မာမျိုးနွယ်ဟုခေါ်သည့် လူများသည် ရှေးအခါက တရုတ်ပြည် အနောက်မြောက်နှင့် တိဗက်ပြည်၏

၁။ G.H.Luce " Geography of Burma under pagan Dynasty" JBRS,XLil i p32
၂။ ရှေး-စာ၊ ၄၇-၄၉
၃။ G.H.Luce " Geography of Burma under pagan Dynasty" JBRS, XLil ip33

အရှေ့မြောက်တွင်ရှိသော ကန်စုနယ် ယခုမြို့တော် လန်ချောင်၏တောင်ဘက် မိုင်(၅၀)ခန့် ရှည်လျားသော တောင်မြစ်ဝှမ်း တွင် နေထိုင်ခဲ့ကြသည်။

ယင်းလူမျိုးတို့သည် BC-2000=ခန့်ကပင် ကျောက်ချောခေတ် ယဉ်ကျေးမှု အဆင့်အတန်းရှိခဲ့သည်။ တရုတ်မှတ်တမ်းများအရ ယင်းတို့ကို 'ချီအင်' ဟုခေါ် သည်။ ချီအင်လူမျိုးတို့သည် တရုတ်တို့၏ ထာဝစဉ် တိုက်ခိုက်ခြင်းကိုခံရသဖြင့် တောင်ဘက်သို့ တစတစ တိန်းရှောင်သွားကြလျက် တိဗက်အရှေ့မြောက်ရှိ မြစ်ဝါမြစ်၏ မြစ်ဖျားခံရာအရပ်နှင့် ကိုကိုနောအရပ်တို့တွင် နေထိုင်ခဲ့ကြသည်။ BC-1000-ခန့်တွင် တရုတ်ပြည် ချင်မင်းဆက် လက်ထက် တရုတ်တို့လာရောက်တိုက်ခိုက်ပြန်သဖြင့် တောင်ဘက်အရပ်သို့ ထပ်မံရွှေ့ပြောင်းလာခဲ့ကြသည်။[၁]

AD-863=ခုနှစ် ဖန်ချိုရေးသားသော နန်းစောရာဇဝင်မှတ် တမ်း အရ AD-9ရာစု ပတ်ဝန်းကျင်တွင် ယုန်ချင်ဒေသတစ်ဝိုက်၌ မြန်မာဟု ခေါ် တွင်မည့် တိဗက်တိုဘားမင်းများ နေထိုင်ခဲ့ကြသည်။[၂] ထိုဒေသမြောက်ဘက်တွင် မေခ၊ အရှေ့ဘက်တွင် မဲခေါင်မြစ်နှင့် တောင်ဘက်တွင် သိန္ဓိစသည်တို့ ခြံရံနေသည့် ဒေသဖြစ်သည်။ ထိုဒေသရှိ တိဗက်တိုဘားမင်းများက မိမိတို့အရှင်သခင်ကို မင်း(သို့) မင်းစောဟုခေါ် ကြောင်းဖြင့် ခေတ်သစ်သုတေသီတို့က ပြန်လည် ဖေါ်ပြထားကြသည်။ တဖန် တိဗက်တိုဘားမင်းတို့ နေထိုင်ရာဝန်းကျင် တွင်ရှိသော နန်းစောလူမျိုးတို့သည် အေဒီ-၇-ရာစု အလွန်၌ မင်းစောတို့ကို တိုက်ခိုက်ခြင်း။ တဖန် ရှစ်ရာစုအလယ်၌လည်း နန်းစောမင်း ကောလော ဖန်က အာသံ၊ တိဗက်နှင့် မြန်မာပြည်မြောက်ဖျားဒေသများကို တိုက်ခိုက်ခြင်း၊ ကောလောဖန်၏ မြေးဖြစ်သူ ယီမိုယွန်က AD-794- ခုနှစ်တွင် မင်းစောလူမျိုးတို့ကို တိုက်ခိုက်ခြင်းစသည် တို့ကြောင့် နန်းစောတို့ဘေးအန္တရာယ်မှ ကင်းလွတ်အောင်

---

၁။ G.H.Luce "Geography of Burma under pagan Dynasty" JBRS,XLil i p75

၂။ မြန်မာအစ- မြန်မာရာဇဝင်စာတမ်းအမှတ်၁၊ စာ ၁၀၅၊ ၁၀၈။

တိဗက်တိုဘား မင်းတို့သည် တောင်ဘက်မြေပြန့်လွင် ပြင်သို့ ပြေးဝင်ခိုလှုံကြမည်ဖြစ်သည်။ ထိုစဉ်အခါ က ရှမ်းပြည်မြောက်ပိုင်းသည် ပျူတို့၏ပိုင်နက်နယ်ပယ်ဖြစ်သည်။ နန်းစောသည် ပျူမြို့တော်ကို ဖျက်ဆီးကာ သုံ့ပန်း (၃၀၀၀)ကို ဖမ်း၍ ယူနန်နယ်ကို နေရာချပေးခဲ့သည်။ နောက်သုံးနှစ်ကြာသောအခါ အောက်နယ်ပယ်ရှိ မွန်တို့၏ မြို့တော်ဟုထင်ရသော မိခြံကို တိုက်ခိုက်ကြပြန်သည်။ ဤသို့ မြန်မာပြည်အတွင်း၌ ပျူနှင့်မွန်တို့ တိုက်ခိုက်ခံရမှုကြောင့် နေရာလပ်သွားသည့် ကျောက်ဆည်ဒေသသို့ မြန်မာဟုခေါ်တွင်မည့် လူများက ဝင်ရောက်နေရာယူလိုက်ကြခြင်းဖြစ်သည်။ ယင်းသို့ ဝင်ရောက်လာပုံမှာ နန်းစောမှထွက်ပြေး တိန်းရှောင်လာကြရင်း နတ်ထိပ်တောင်ကြားမှမြင်းများဖြင့် ဝင်ရောက်လာကြသည်ဟု ဆိုလေသည်။ ယင်းသို့ဖြင့် ကျောက်ဆည် လွင်ပြင်မှ မြန်မာပြည်အလယ်ပိုင်းသို့ ပြန့်နှံ့ရောက်ရှိသည်'[၁] ဟု ယူဆကြသည်။ ဤသည်တို့ကား 'မြန်မာအစ ကျောက်ဆည်က' ဟူသော ခေတ်သစ်သုတေသီတို့၏ အယူအဆဖြစ်သည်။

ဤအယူအဆကိုကြည့်လျှင် မြန်မာတို့သည် ပုဂံခေတ်ဦးဟု ခေါ်ဆိုရမည်ဖြစ်သော အေဒီ-၉ရာစု အခါကာလမှပင် မြန်မာပြည်အတွင်းသို့ ရောက်ရှိလာသည်ဟူ၍ အဓိပ္ပါယ်ရလေသည်။ ဤသို့လျှင် မြန်မာနိုင်ငံအတွင်းရှိ လူသားများ အခြေချနေထိုင်ရာအရပ်ကို အမျိုးမျိုးယူဆလျက်ရှိသည်ကိုလည်း တွေ့ရလေသည်။ မြန်မာလူမျိုးတို့ ဝင်ရောက်လာပုံနှင့် ပတ်သက်၍ အထက်တွင် ဖေါ်ပြခဲ့သကဲ့သို့ 'မြန်မာအစ တကောင်းကနှင့် မြန်မာအစ ကျောက်ဆည်က' ဟူသော ခေတ်သစ်သုတေသီများအချင်းချင်း အမြင်မတူဘဲ ကွဲလွဲနေသည်။ 'မြန်မာအစ တကောင်းက'ဟူသော အယူအဆမှာ မြန်မာတို့သည် ကျောက်ခေတ်နှင့် ကြေးခေတ်မှ သံခေတ်သို့ အကူးအပြောင်းကာလကတည်းက ရောက်ရှိနေထိုင်ကာ မြို့ပြတည်ထောင်ခဲ့သောလူမျိုးဖြစ်သည်' ဟူသော အယူအဆဖြစ်သည်။

---

၁။ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း၊ ပ-တွဲ၊ စာ-၁၀၇။

'မြန်မာအစ ကျောက်ဆည်က'ဟူသော အယူအဆမှာကား 'မြန်မာတို့သည် အေဒီ(၉)ရာစုအတွင်း ခေတ်လယ်ပဒေသရာဇ်စနစ်များ ထွန်းကားနေသောအခါမှသာ ရောက်ရှိနေထိုင်သူများ ဖြစ်သည်'ဟု ယူဆချက် ဖြစ်သည်။

အက္ခရာတင်မှတ်တမ်းရှိသောကာလကိုသာ သမိုင်းခေတ်ဟု ခေါ်တွင်လေသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှာ အရင်အနှစ် နှစ်သောင်းတွင် အကြိုသမိုင်းခေတ်ကုန်ပြီး သမိုင်းခေတ်စတင်ခဲ့လေသည်။[၁]

## ၁း၅။ မြန်မာတိုင်းရင်းသားများ၏ နောက်ခံသမိုင်း

လူမျိုးစုများ၏ဖြစ်စဉ် သမိုင်းကို ဆန်းစစ်လေ့လာခဲ့ကြသော မနုဿဗေဒပါရဂူကြီးများက "မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုများသည် မွန်ဂိုမျိုးနွယ်မှ ပေါက်ဖွားဆင်း သက်လာကြသူများ ဖြစ်သည်" ဟု မှတ်ချက်ချခဲ့သည်။ ထိုလူမျိုးစုများသည် ရှေးနှစ်ပေါင်းများစွာကပင် အောက်ပါအုပ်စုကြီးသုံးခုခွဲကာ မြန် မာနိုင်ငံအတွင်းသို့ ဝင်ရောက် နေထိုင်လာကြသည်ဟု ယူဆကြ သည်။

၎င်းအုပ်စုများမှာ. . . .

၁။ မွန်ခမာအုပ်စု

၂။ တိဗက်မြန်မာအုပ်စု

၃။ ထိုင်းတရုတ်အုပ်စု တို့ဖြစ်ကြသည်။[၂]

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုး (၁၃၅)မျိုးတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတော်ကြီးဖြစ်ပါသည်။[၃] တိုင်းရင်းသား

---

၁။ အသစ်မြင်မြန်မာ့သမိုင်း၊ စာ-၃၈။ ၂။ တိုင်းရင်းသား ရှမ်း၊ စာ-၃၀။
၃။ မြန်မာ့နိုင်ငံရေးအခြေအနေနှင့် ဒေသအတွင်း နိုင်ငံ၏အခန်းကဏ္ဍ၊ နောက်ဆက်တွဲ။

အနည်းစု၏ သမိုင်းကိုလေ့လာလိုလျှင် မြန်မာနိုင်ငံ အတွင်းရှိ တိုင်းရင်းသား လူမျိုးများ၏ဖြစ်ပေါ်လာပုံ အတိတ်သမိုင်းကြောင်းကို မလွဲမသွေ လေ့လာရမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ၏မူရင်းဒေသမှာ မွန်ဂိုကုန်း မြင့်ဒေသဖြစ်ပြီး ထိုဒေသမှ မြန်မာနိုင်ငံ ဖြစ်ပေါ်လာမည့်ဒေသအတွင်းသို့ ပြောင်းရွှေ့ဝင်ရောက် နေထိုင်ခဲ့ကြခြင်းဖြစ်သည်ဟု မနုဿဗေဒ ပညာရှင်များက ဆိုခဲ့ကြပါသည်။[၁]

သို့သော်လည်း မြန်မာနိုင်ငံအတွင်း လူသားမျိုးနွယ်၏အစ အဆင့်မြင့်နို့တိုက် သတ္တဝါဖြစ်သော ပုံတောင်ပုံညာပရိုင်းမိတ်၏ မေးရိုးများကို ရှာဖွေတွေ့ရှိလာသောအခါ မနုဿဗေဒပညာရှင်များ၏အဆိုမှာ စဉ်းစားတွေးတောဘွယ်ရာများ ဖြစ်လာပေသည်။ ပုံတောင်ပုံညာပရိုင်းမိတ်၏ မေးရိုးများကို ပညာရှင်အသီးသီးမှ အဆင့်မြင့်သိပ္ပံနည်းပညာများဖြင့် ကာဗွန်စစ်ဆေးအတည်ပြုသက်သေထူပြီး"လူသားအစ မြန်မာက"ဟု ကြွေးကြော်နိုင်သည့် အခြေအနေတွင်မူ အထက်ပါမနုဿဗေဒ ပညာရှင်များ၏အဆိုမှာ စဉ်းစားတွေးခေါ်စီစစ်ပြီးမှသာ လက်ခံရမည် ဖြစ်ပေတော့သည်။

အမှန်မှာ မြန်မာလူမျိုးဖြစ်လာမည့် လူသားမျိုးနွယ်အစသည် ရှေးဦးမူလအစကတည်းကပင် မြန်မာ့မြေမြန်မာ့ရေပေါ်တွင် တည်ရှိနေခဲ့ပြီးသား ဟုဆိုရပေတော့မည်။ သို့သော်လည်း ကမ္ဘာကြီး၏ ရေမြေ၊ ရာသီဥတု ပြောင်းလဲခြင်းဖြစ်စဉ်များနှင့် လိုက်လျောညီထွေ ဘဝရှင်သန် ရပ်တည်နိုင်ရေးအတွက် မွန်ဂိုကုန်းမြင့်ဒေသများမှ လူသားမျိုးနွယ်များ သည်လည်း ရှေးခေတ်ဦးအဆက်ဆက်တွင် ရေကြည်ရာမြက်နုရာ ရှာဖွေရင်း မြန်မာနိုင်ငံဟု ဖြစ်ပေါ်လာမည့်ဒေသအတွင်းသို့ တူရာတူရာ အုပ်စုများဖွဲ့လျက် တရွေ့ရွေ့ပြောင်းရွှေ့ဝင်ရောက်လာခဲ့ကြပေသည်။

၁။ တိုင်းရင်းသား ရှမ်း၊ စာ-၃၀၊ စွယ်စုံ၊၈၊၄၃၃

ထိုအခါ မြန်မာနိုင်ငံအတွင်း ရှေးဦးမူလ အစကတည်းက ဖြစ်တည်ရှိပြီးသား လူသားမျိုးနွယ်နှင့် ပြောင်းရွှေ့ဝင်ရောက်လာသော လူသားမျိုးနွယ်တို့တွေ့ရှိပေါင်း စပ်ပြီး မြန်မာတိုင်းရင်းသားမျိုးနွယ်များ ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပါသည်။

မြန်မာတိုင်းရင်းသားမျိုးနွယ် ရှေးဦးအုပ်စုများအနက် တိဗက်မြန်မာအုပ်စု တွင်ပါဝင်သော ပျူအစု၊ သက်အစုတို့မှာ အစုကြီးများဖြစ်ခဲ့ကြပေသည်။

'မြန်မာ'ဟူသောဝေါဟာရကို ပုဂံရာဇဝင်ကြီးတွင် "မြန်မာဟူသည်ကား ပျူသား၊ ပျူမြေးတည်း"ဟူ၍လည်းကောင်း"လျင်မြန်၍ သန်မာသောသူကို ပျူအချင်းချင်း မြန်မာသောပျူ" ဟုခေါ်ကြောင်းကို ထူးခြားစွာ ဖော်ပြထားပေသည်။

ပုဂံခေတ်အစ(အေဒီ-၁၀၇)မှ အနော်ရထာမင်း(အေဒီ၁၀၄၄)[၁]ထိ နှစ်ပေါင်း(၉၃၇)နှစ်အတွင်း မင်စာ၊ကျောက်စာများမှ 'ပျူလည်း မြန်မာ၊ မြန်မာလည်း ပျူ'ဟူ၍ မြန်မာဟူသောဝေါဟာရကို ပီပီပြင်ပြင် စတင်၍ အသုံးပြုခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ပျူလူမျိုးဆိုသည်မှာ ရှေးဦးမြန်မာလူမျိုးဖြစ်ကြောင်း ထင်ရှားလှပါသည်။

ရှေးဦးမြန်မာ"ပျူ" လူမျိုးတို့၏သမိုင်းကြောင်းမှာ ထင်ရှားရှည် လျားပြီး စိတ်ဝင် စားဘွယ်လည်း အတိဖြစ်ပေသည်။ မြန်မာနိုင်ငံဟု ဖြစ်လာမည့်ဒေသအတွင်း အစောဆုံးမြို့ပြနိုင်ငံ ဟန်လင်းကို စတင်တည်ထောင်ခဲ့သူများမှာ ပျူလူမျိုးများပင် ဖြစ်ပါသည်။ ဟန်လင်းမြို့ကို ဗုဒ္ဓပွင့်တော်မမူမီ နှစ်ပေါင်း ၂၀၀၀(ဘီစီ-၂၅၀၀)လောက်တွင် ပျူအကြီး အကဲ 'ကရဘော'မှ ဦးဆောင်တည်ထောင်ခဲ့ပြီး ဟန်လင်းပျူမင်းဆက်ကို စတင်ခဲ့ကြောင်း ဟန်လင်းသမိုင်းတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ အမှန်အားဖြင့် ရှေးအကျဆုံး ပျူလူမျိုးများသည် မြန်မာလူမျိုးဟူ၍ မဖြစ်ပေါ်မီ နှစ်ပေါင်း၅၀၀၀-ခန့်လောက်ကပင် အထက်မြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် အစုများအလိုက် လှည့်လည်သွားလာ ကျက်စားနေခဲ့ကြပေသည်။

၁။ ပုဂံမင်းဆက်ရာဇဝင်သစ်၊ စာ-၄၉။

မြန်မာလူမျိုးဟု စတင်၍ ပီပီပြင်ပြင်သုံးစွဲခဲ့သော ပုဂံခေတ် လွန်ခဲ့သော နှစ်ပေါင်း(၁၀၀၀)ခန့်နှင့် မြန်မာလူမျိုးဟု မဖြစ်ပေါ်မီ နှစ်ပေါင်း၅၀၀၀-ခန့် စုစုပေါင်း လွန်ခဲ့သောနှစ်ပေါင်း(၆၀၀၀)ခန့်လောက် ကပင် ရှေးဦးမြန်မာ ရှေးအကျဆုံးပျူ လူမျိုးတို့သည် အထက်အလယ် မြန်မာနိုင်ငံတစ်ဝှမ်းတွင် ပြန့်ကျဲတည်ရှိနေခဲ့ ကြပြီဖြစ်ပေသည်။

## ၁း၆။ ဓနုတိုင်းရင်းသားများ၏ နောက်ခံသမိုင်း

မြန်မာပြည်ဖွားတိုင်းရင်းသားတို့သည် မိမိတို့၏မူလဒေသ ဖြစ်သော တရုတ်ပြည်အနောက်ပိုင်းရှိ မွန်ဂိုကုန်းမြင့်ဒေသကို စွန့်ခွာ၍ ရေကြည်ရာ မြက်နုရာ ရှာဖွေလျှက် မြန်မာပြည်တွင်းသို့ တဖြည်းဖြည်း ပြောင်းရွှေ့လာ ခဲ့ကြသည်။ ထိုသို့ပြောင်း ရွှေ့လာရာ၌ တစ်စုတစ်ဝေး တည်း ပြောင်းလာခဲ့ ကြခြင်းမဟုတ်ပေ။ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာရာတွင် ၁။မွန်ခမာအုပ် ၂။တိဗက် မြန်မာအုပ်စု ၃။ ထိုင်းတရုတ်အုပ် စုဟူ၍ အုပ်စုကြီး သုံးစုခွဲကာ သံလွင်မြစ်ကြောင်း၊ မဲခေါင်မြစ်ကြောင်း၊ ဗြဟ္မပုတ္တ မြစ်ကြောင်းတို့မှ ဝင်ရောက် လာခဲ့ကြခြင်း ဖြစ်ပါသည်။[၁]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အတွင်းသို့ တိဗက်မြန်မာအုပ်စု ဝင်ရောက်လာစဉ်က ဓနုတိုင်းရင်းသားများလည်းပါဝင်လာလေသည်။ အဘယ့် ကြောင့်ဆိုသော် မနုဿဗေဒပညာရှင်များက ဓနုတိုင်းရင်းသားတို့သည် တိဗက်မြန်မာအစုဝင်များ ဖြစ်သည်ဟုဆိုခဲ့သော ကြောင့်ဖြစ်သည်။[၂]

ဓနုတိုင်းသားလူမျိုးများ ပေါက်ဖွားဆင်းသက်လာပုံနှင့် ပတ်သက်၍ ပညာရှင်များ၏ အယူအဆများမှာ အမျိုးမျိုး အဖုံဖုံကွဲပြား လျက်ရှိသည်ကို တွေ့ရလေသည်။ယင်းတို့၏ အယူအဆများကို ရှေးဦးစွာ တင်ပြရန်လိုသော ကြောင့် အမှတ်စဉ်ပြု၍ တင်ပြပါမည်။

---

၁။ တိုင်းရင်းသား ရှမ်း၊ စာ-၃၀။ ၂။ ပြည်သူ့ကြယ် ဂျာနယ်၊ စာ-၂၆

၁။ မစ္စတာ၊အက်ဖ်၊အိပ်ချ်၊ဂျိုင်းက ဓနုတိုင်းရင်းသားလူမျိုးတို့သည် ဟံသာဝတီ တောင်ဘက်မှ လာရောက်နေထိုင်ကြသော မြန်မာအုပ်စု တစ်စုမှ ပေါက်ဖွားလာသူများ ဖြစ်သည်ဟု ယူဆခဲ့သည်။[၁]

၂။ ဆာဂျေအေစကော့ကမူ 'ဓနုအများဆုံး နေထိုင်ရာအရပ်မှာ ရှေးအခါက ရှမ်းနှင့် မြန်မာတို့ ကုန်ရောင်းကုန်ဝယ် ပြုကြရာဒေသများဖြစ်သောကြောင့် ဓနုတိုင်းရင်းသားတို့သည် ရှမ်းနှင့်မြန်မာတို့မှနွယ်၍ ဆင်းသက်လာကြသူများ ဖြစ်သည်'[၂] ဟု မှတ်ချက်ချထားသည်။

၃။ မစ္စတာ၊စီ၊အီးဘရောင်းကမူ 'ဓနုတို့သည် ကရင်တောင်သူလူမျိုးများမှ ဆင်းသက်လာသူများဖြစ်သည်'ဟု ယူဆထားသည်။[၃]

၄။ သတိုးသီရိသုဓမ္မ ဒေါက်တာ ဂျေအက်စ် ဖာနီဗဲလ်နှင့် ဒေါက်တာဖေမောင်တင် တည်းဖြတ်နိဒါန်းရေးသားသော 'စမ္ဗူဒီပ ဥဆောင်းကျမ်း၊ ပုဒ်မ-၁၄၊မိုင်းတွယ် (၉၆၃)ခေါင်းစဉ်အောက်'တွင် "ရှမ်း ၊ယွန်း ၊ ကွေး၊ တရုပ်၊တရက်၊ ရခိုင်၊ ပလောင်ကြီး၊ ပလောင်ငယ်၊ ချည်း၊အင်ကျည်၊ ဓနု၊ ယင်၊ ခါးတောင်း ကြိုက်ကြီးစသောလူမျိုး (၇၅)ပါး အပါအဝင် လူတို့နေသည့် မြို့ပေါင်း (၇၅)ဟု ဖော်ပြထားရာ သက္ကရာဇ် ၅၆၂-ခု အနော်ရထာမင်းလက်ထက် ကင်းဦးကင်းလမ်း အစဉ်ထားသည့်အတိုင်း ထောင်၊ ရာ၊ ကျိုပ်စစ် သည်တို့ကို ပြုစုရာတွင် ဓနုလူမျိုးလည်း အပါအဝင်ဖြစ်သည်"ဟူ၍ တွေ့ရှိရသည်။[၄]

၅။ ဒေါက်တာကျော်သက်ရေးသားသော 'ပြည်ထောင်စုမြန်မာနိုင်ငံ သမိုင်း'စာအုပ်တွင် "တိဗက်တိုဘားမင်းအုပ်စုအမျိုးမျိုးတို့သည် မြန်မာနိုင်ငံအတွင်းသို့ အနောက် မြောက်ဘက်မှလည်းကောင်း၊ အရှေ့မြောက် ဘက်မှလည်းကောင်း ဝင်ရောက်လာကြသည်။ အနောက်မြောက်ဘက်မှ ဝင်ရောက်လာကြသူများကို အနောက်တိဗက်တိုဘား မင်းများဟု သတ်မှတ်နိုင်ပေသည်။

---

၁။ တိုင်းရင်းသား ရှမ်း၊ စာ-၇၅။ ၂။ မြန်မာ့စွယ်စုံကျမ်း၊ တွဲ-၅၊ စာ၊၃၅၁။ ၃။ စွယ်စုံ၊ တွဲ-၅၊ စာ-၃၅၁။ ၄။ စမ္ဗူဒီပဥဆောင်းကျမ်း၊ စာ-၇၁-၂။

အရှေ့ဘက်မှ ဝင်ရောက်လာကြသူများကို အရှေ့ တိဗက်တိုဘားမင်းများဟု သတ်မှတ်နိုင်ပေသည်။ အရှေ့တိဗက်တို ဘားမင်းလူမျိုးစုတွင် မြန်မာနှင့်အခြား အုပ်စုများ ရှိပြန်သည်။ ၎င်းတို့သည် မနူ၊ တောင်းရိုး၊ အင်းသား၊ ရခိုင်၊ထားဝယ်၊ ရဘိန်း၊ ယော စသည့်လူမျိုးများဖြစ်ကြသည်”ဟု ဖော်ပြခဲ့သည်။[၁]

၆။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီ ဌာနချုပ်မှ ၁၉၆၈-ခုနှစ်တွင် ထုတ်ဝေသော ‘တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့များ (ရှမ်း)’ စာအုပ်တွင် စာမျက်နှာ ၈၄-၈၆-တို့၌ “မနုတို့ သည် ‘ပရက်’ ဆိုသော အမျိုးအနွယ်မှ ဆင်းသက်လာပြီးမွန်တို့နှင့်နီး စပ်သည်” ဟု ဖော်ပြခဲ့ပေသည်။[၂]

၇။ သို့သော် ၎င်းစာအုပ်စာမျက်နှာ ၇၆-၌ကား “မနုအမျိုးသားများသည် မြန်မာ အနွယ်များသာ ဖြစ်သည်။ ရှမ်းပြည်နယ်တွင် အနေကြာသောကြောင့် အချို့ကိစ္စများတွင် ရှမ်းဓလေ့များပါဝင်နေကြောင်းကို အပြောနှင့်သော်လည်းကောင်း၊ အလုပ်နှင့်သော် လည်းကောင်း၊ အပြုအမူနှင့်သော်လည်းကောင်း ဖော်ပြကြသည်။ အချို့မနုအမျိုးသားများကလည်း မိမိတို့သည် မြန်မာဘုရင်၏လေးသည်တော် အဆက်အနွယ်များ ဟုလည်းကောင်း၊ မြန်မာဘုရင်က ရှမ်းပြည်နယ်သို့ ခန့်အပ်စေလွှတ်ထားသော ရွှေခွန်မှူး၊ ငွေခွန်မှူး၊ မြို့စားမင်းတို့နှင့် ရှမ်းအမျိုးသားတို့ သွေးစပ်ပြီး ဆင်းသက်ပေါက် ဖွားလာသော အနွယ်များ”ဟုလည်းကောင်း တင်ပြထားသည်ကို တွေ့ရှိရသည်။[၃]

၈။ ဗိုလ်မှူးဘရှင် ရေးသားခဲ့သော ‘အနော်ရထာအရှင်က မြန်မာနိုင်ငံ’ စာအုပ်တွင် “မြန်မာနိုင်ငံ အလယ်ပိုင်း၏ အရှေ့ဘက်ရှမ်းကုန်းပြင် မြင့်၏ အနောက်စွန်တွင်လည်း အသံကွဲမြန်မာစကား ပြောသူများရှိသည်၊ ထိုတိုင်းရင်း

---

၁။ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း၊ စာ-၁၄-၅-၆။ ၂။တိုင်းရင်းသား ရှမ်း၊ စာ-၈၄၊ ၈၆။ ၃။ တိုင်းရင်းသား ရှမ်း၊ စာ-၇၆။

သားတို့မှာ မြေလတ်အနောက်စွန် တစ်လျှောက် နေကြသောမနုများ၊ သူတို့၏ အရှေ့ဘက်တွင် တောင်ရိုးများ၊ အင်းလေး ကန်တဝိုက်တွင် အင်းသားများ ဖြစ်ကြသည်"ဟု တွေ့ရသည်။[၁]

၉။ ထို့ပြင် ကိုလိုနီခေတ် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်ချုပ်စဉ်က မိတ္ထီလာခရိုင် အရာရှိ ဆာဂျွန်ဒီဗီလ်ဆိုသူက မနုတို့အကြောင်းနှင့် စပ်လျဉ်း၍ ရေးသား ထားပုံကို ပြန်လည်ဖော်ပြသော 'တောင်ရိုး၊ မနုကျောင်းသူကျောင်းသား များ၏ တောင်ရိုး၊ မနုကျေးလက်တေးသံများ' စာအုပ်တွင် "အနော်ရထာမင်းဟာ လှိုင်းတက်မြို့ကို တည်ပြီးတော့ ရှမ်းပြည်တက်လာတယ်၊ လမ်းမှာ တောတွင်း သား လူဆန်းတစ်ယောက်ကို တွေ့ပါတယ်၊ ရှမ်းမြန်မာ နယ်ခြားဒေသမှာပါ၊ အနော်ရထာက မေးမြန်းစုံစမ်းကြည့်တော့ တောတွင်းသားက သူ့အဘိုးအဘီ အဆက်အနွယ် တွေဟာ လအယ်လူမျိုးဖြစ် ကြောင်း၊ ဒါပေမဲ့ သူ့အဘွားကတော့ ဗမာအမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း လျှောက်တင်ပါသတဲ့၊ ဒါကြောင့် အနော်ရထာက သူ့ကို 'မနု'လို့ခေါ်ဖို့ အမိန့်ချပေးခဲ့တယ်"ဟူ၍ ရေးဖွဲ့ ထားသည်။[၂]

၁၀။ အချို့သောဒေသခံများက "ပုဂံခေတ် ဘုရင်များသည် မြေပြန့် ကျောက်ဆည်၊ မြစ်သားမှတစ်ဆင့် ယခုမြေလပ်ပိုင်း တောင်တန်းလွင်ပြင်များ ဆီသို့ တောကစားထွက်လေ့ရှိသည်။ ဘုရင်များ ထိုသို့တောကစားထွက်သည့် အခါတိုင်း နောက်တော်ပါးမှ လေးမြားကိုင် စစ်သည်တော် များ လိုက်ပါလာကြ သည်။ ဘုရင်တောကစားပြီး၍ နေပြည်တော် ပြန်သည့်အခါ စစ်သည်တော် အချို့သည် သားကောင်ပေါသော ဤတောင်တန်းတစ်ခွင် လွင်ပြင်တွင် ဘုရင်ထံ ခွင့်ပန်ပြီး ချန်နေရစ်ခဲ့ကြသည်။ထို စစ်သည်တော်တို့ ကိုင်ဆောင်သောလေးနှင့် ယင်းတို့ကျွမ်းကျင်သည့် လေးအတတ် ပညာမှာ ပါဠိဘာသာအရ 'မနု'ဟုခေါ်

---

၁။ အနော်ရထာအရင်က မြန်မာနိုင်ငံ၊ စာ-၁၀၈။ ၂။ တောင်ရိုးမနုကျေးလက်တေး သံများ၊ စာ၊ အမှာ၊ ဆာ၊ဇ၊ မနုတောင်ရိုး၊ စာ-၃၆-၃၇။

ရာမှ ထိုလူမျိုးလေးသည်တော်များက ဆင်းသက်ပေါက်ဖွားလာသူများကို 'မနု'ဟု ခေါ်ကြောင်း ပြောဆိုခဲ့ကြသည်။ အချို့က အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်စဉ်အချိန်က ဘုရင့်အမှုထမ်းသည့် လေးသည်တော်များ ဤနယ်မြေအတွင်း ချန်ရစ်နေခဲ့ရာမှ ၎င်းတို့မှနွယ်လာ သူများကို 'မနုလူမျိုး' ဟုခေါ်ကြောင်း ဆိုစမှတ် ပြုကြလေသည်"ဟု မှတ်သားခဲ့ရဘူးသည်။[၁]

သို့သော် သုတေသီများကမူ ယင်းအမှတ်စဉ် (၁၀)၌ ပါသောဖော်ပြချက်များသည် ယထာဘူတ မကျဟုဆိုကာ လက်ခံခြင်း မရှိကြပေ။ ယင်းသုတေသီတို့က မနုလူမျိုးဟူသည် ရှမ်းပြည်မြေလပ်ပိုင်း ဤနယ်တစ်ကြောတွင်သာ နေထိုင်ကြသည်မဟုတ်။ မိုးကုတ်၊ မိုးမိတ်၊ မြောက်ပိုင်းရှမ်းပြည်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ မေမြို့အနီးတဝိုက်နှင့် တောင်ပိုင်းရှမ်းပြည် ရပ်စောက်၊ ပင်းတယ၊ ပွေးလှ၊ အောင်ပန်း၊ ရွာငံ၊ ပင်မှီဘော် နင်း၊ သာမိုင်းခမ်း၊ ကလော၊ တောင်ကြီး၊ ညောင်ရွှေဟဲဟိုး၊ လုံးပို၊ တီ ကျစ်၊ ပင်လောင်း မှစ၍ ပျဉ်းမနားအရှေ့ဘက် ပေါင်းလောင်းမြစ်ရိုးတစ်လျှောက်အထိ ရှည်လျားလှသော ရှမ်းကုန်းပြင်မြင့် အနောက်ဘက်တောင်တန်းတောင်ကြားလွင်ပြင်များ၌ အနှံ့အပြား နေထိုင်ခဲ့ကြသည်။

ဘုရင့်နောက်လိုက် လေးသည်တော်များအခြေစိုက် နေထိုင်ရာမှ ပေါက်ဖွားလာခြင်းကြောင့် မနုလူမျိုးဖြစ်ပေါ်လာသည်ဆိုလျှင် ရာစုနှစ်အနည်းငယ်မျှဖြင့် ဤမျှကျယ်လာသည်ဆိုလျှင် ဒေသတစ်လျှောက်တွင် ဤမျှပျံ့နှံ့သော လူနေမှုအခြေအနေ ဖြစ်နိုင်စရာမရှိဟု ဆိုကြလေသည်။[၁]

၁၁။ ဦးဖေမောင်တင်(ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီးဟောင်း) ရေးသားသော ဘာသာလောကကျမ်းတွင် "နန်ချောင်ရှမ်းတို့အထံမှ ခွဲထွက်ခဲ့ကြသော မူလမြန်မာတို့သည် ခရစ်နှစ်ကိုးရာစုနှစ်တွင် အနောက်ပိုင်း ယူနန်နယ်နှင့် မြောက်ပိုင်းရှမ်းပြည် ကိုဖြတ်၍ လွင်ပြင်များသို့ ကျောက်ဆည်မှ ဝင်ရောက်လာ

---

၁။ မနုတောင်ရိုး၊ ၃၈-၉။ တိုင်းရင်းရှမ်း၊ ၈၆-၇။

ကြဟန်တူ၏။ ခနုတို့သည် သူတို့နှင့်လမ်း လွဲ၍ ကျန်ရစ်သူများဖြစ်ပြီး တောင်တန်းအနောက်စွန်တစ်လျှောက် နေထိုင်ကြ၏။ သူတို့၏စကားသည် မြန်မာပေါရာဏနှင့်တူ၏" ဟု ဖော်ပြထားသည်။ [၁]

၁၂။ ရှေးဦးမြန်မာတို့သည် ကချင်ပြည်နယ် အရှေ့ပိုင်းနှင့် ယူနန်နယ်အနောက်ပိုင်းမှ တောင်ဘက်ရှမ်းပြည်မြောက်ပိုင်း ယင်းမှတစ်ဆင့် ရှမ်းပြည်တောင်ပိုင်းမြေလတ်ဒေသသို့ တစ်ဆင့်ပြီးတစ်ဆင့် ရွှေ့ပြောင်းလာခဲ့ကြောင်း ခန့်မှန်းနိုင်လေသည်။ ထိုမြေလပ် ဒေသမှတစ်ဆင့် မြန်မာပြည်အလယ်ပိုင်း မြေပြန့်ဒေသသို့ ရွှေ့ပြောင်းလာခဲ့စဉ်က လိုက်ပါမလာဘဲ ချန်ရစ်နေခဲ့ကြသူများ ဖြစ်သည်ဟု အချို့က ဆိုထားသည်။ [၂]

၁၃။ ခနုတို့သည် ရှမ်းပြည်သို့ မြေပြန့်မှတက်လာကြသည်။ တက်လာပုံမှာ အလောင်းဘုရားသည် ယိုးဒယားသို့စစ်ချီသွားရာ ယခုခနုတို့နေ ထိုင်ရာအရပ်တွင် ခရီးပန်းသဖြင့် တပ်စခန်းချနေထိုင်ခဲ့သည်။ တပ်မတော်တွင် ဒူးလေး၊ လင်းလေးတပ်များ ပါဝင်လာခဲ့ရာ တပ်မတော်အပြန်တွင် ဒူးလေးတပ်ကို လုံခြုံရေးအတွက် ထိုနေရာတွင် တပ်ချနေထိုင်စေခဲ့သည်။ ထိုဒူးလေးလင်းလေး စွဲကိုင်သော လူမျိုးကို ပါဠိဘာသာဖြင့် 'ခနုဂ္ဂဟ' ဟု ခေါ်သည်။ ယင်းမှ ခနုလူမျိုး ဖြစ်ပေါ်လာခဲ့သည်ဟုလည်း အချို့ကဆိုသည်။ [၃]

၁၄။ မြန်မာနိုင်ငံ ဘာသာပြန်အသင်းမှ ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းတွင် "မြေလပ်နယ်ရှိလူမျိုးများဖြစ်ကြသော အင်းသား၊ခနု၊ တောင်သူ၊ တောင်ရိုးတို့သည် ထိုဒေသရှိ မူလတိုင်းရင်းသားများ မဟုတ်ချေ။ ယင်းတို့သည် မြန်မာအစုဝင် လူမျိုးများဖြစ်ကြပြီးလျှင် အခြားဒေသများမှ အကြောင်းအမျိုးမျိုးကြောင့် ထိုဒေသများသို့ ရောက်ရှိလာကြသူများ ဖြစ် ကြသည်။ သို့သော် မြေလပ်နယ်များသည် ပထဝီဝင်အရ ရှမ်းနယ်များနှင့် ပို၍နီးစပ်သဖြင့်

---

၁။ ဘာသာလောကကျမ်း၊ ၁၆။ ၂။ အနော်ရထာအရင်ခေတ်က မြန်မာနိုင်ငံ ၁၀၉၊ စွယ်စုံ၊ ၁၀၊၃၄၀။ ၃။ တိုင်းရင်းသား ရှမ်း၊ ၈၄-၈၅။

မြန်မာတို့သည် ယင်းနယ်များအား ရှမ်းနယ်များကဲ့သို့ ယူဆဆက်ဆံခဲ့ကြလေသည်"ဟုဆိုထားသည်။[၁]

သို့သော် ယင်းအဆိုကို သုတေသီအချို့က လက်မခံပေ။ ရေသည် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းသကဲ့သို့ လူသားမျိုးနွယ်စု၏ မူလဘူတ အရပ်ဒေသသည် မွန်ဂိုကုန်းမြင့် ဒေသဖြစ်သည်။ထို့ကြောင့် မြေပြန့်အရပ်မှ တောင်ကုန်းအရပ်သို့ ရွှေ့ပြောင်းခြင်းမျိုး မဟုတ်ပေ။ တောင်ကုန်းဒေသမှ မြေဆီ,မြေဩဇာကောင်းသော မြေပြန့်လွင်ပြင်သို့ တစ်စတစ်စ တိုးချဲ့သွားခြင်းသာဖြစ်သည်"ဟူ၍ သုတေသီတို့က ထောက်ပြခဲ့ပေသည်။

ဤကား ဓနုတိုင်းရင်းသားများ ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ပညာရှင် အမျိုးမျိုးသုတေသီအဖုံဖုံတို့၏ ထင်မြင်ယူဆချက်များဖြစ်သည်။

ဤသို့လျှင် မြေလပ်ဒေသတွင် လူဦးရေ အများဆုံးနှင့် နေရာ အနှံ့အပြားတွင် နေထိုင်လျက်ရှိကြသော ဓနုတိုင်းရင်းသား ဓနုလူမျိုး တို့သည် မြန်မာမျိုးနွယ်မှ ဆင်းသက်လာကြသောမြန်မာများလော၊ မြန်မာနှင့်ရှမ်းတို့မှ ဆက်နွယ်ပေါက်ဖွားလာသောလူမျိုးများပင်လောဟူသောအဖြေကို ယနေ့တိုင် သုတေသီတို့ တိတိကျကျဖော်ပြထားသည်ကို မတွေ့ရပေ။ မျက်မမြင် ပုဏ္ဏားခြောက်ယောက် ဆင်ကိုစမ်းသကဲ့သို့ မိမိတို့စမ်းမိသည်ကိုသာ ပြန်လည်တင်ပြခြင်းခံရသော ဆင်၏ ပုံပန်းသဏ္ဌာန်နှင့် မခြားနားလှပေ။

ဓနုလူမျိုးများ၏ နောက်ခံသမိုင်းကြောင်းကို ဤကဲ့သို့ပညာရှင် သုတေသီတို့ ပြောဆို ဆွေးနွေးနေကြသော်လည်း ယင်းတို့သည် 'ပြဒါး လင်းဂူစု' အထောက်အထားမှအပ အခြားသောအထောက်အထားများကို ထုတ်ဖော်ပြဆိုခဲ့ခြင်း မရှိပေ။ ထိုပညာရှင်များသည် သဘာဝတောတောင် ရေမြေဒေသများကိုသာ အထောက်ထားပြု၍ ပထဝီဝင် အနေအထားမှ သမိုင်းအနေအထားသို့ ပြုပြင်ခဲ့ခြင်းသာ ဖြစ်လိမ့်မည်။ သို့ဖြစ်၍ တိကျသော အထောက်အထားများ

---

၁။ စွယ်စုံ၊ ၁၁၊ ၃၇၈။

ကမ္ပည်းထိုးမှတ်တမ်းတင်ထားသော ကျောက်စာ၊ မင်စာ၊ အုတ်ခွက်စာများကို ရှာဖွေလေ့လာဖို့ လိုအပ်နေ ပေသေးသည်ကို သုတေသီတို့အနေဖြင့် သတိချပ်သင့်ပေသည်။ ယင်းအထောက် အထားများသည် လူမျိုးတစ်မျိုး ဆင်းသက်လာပုံ ဇာစ်မြစ်နှင့် ပတ်သက်၍ များစွာ အကျိုးပြုသောကြောင့် ဖြစ်ပါသည်။

အထက်ပါသုတေသီတို့ယူဆချက်များကို ထောက်ရှု၍သော် လည်းကောင်း၊ ပြဒါလင်းဂူကို စူးစမ်းလေ့လာ၍သော်လည်းကောင်း ခနတို့သည် ရှေးဦးမြန်မာများ ပင်ဖြစ်ကြောင်း၊ မြန်မာမျိုးနွယ်စုများပင်ဖြစ်ကြောင်း သမိုင်းမတင်မီကာလကပင် ရှမ်းမြေလပ်ဒေသ၌ နေထိုင်ခဲ့ကြောင်း ယူဆရမည်သာ ဖြစ်ပါတော့သည်။

## ဒးရှးသမိုင်းအထောက်အထားများ

ခနတိုင်းရင်းသားလူမျိုးများ၏ အစမူလဇာစ်မြစ်ကို ရှာဖွေ, စူးစမ်း, လေ့လာ, ကြည့်ရှုသောအခါ များစွာသောသုတေသီတို့၏ ရှာဖွေ, စူးစမ်း, လေ့လာထားချက်များကို အမျိုးမျိုး အဖုံဖုံတွေ့ရှိရပေသည်။ သို့သော်လည်း ထိုကဲ့သို့ အမျိုးမျိုးအဖုံဖုံ မြင်တွေ့နေကြခြင်းမှာကား အဆန်းတော့ မဟုတ်ပေ။ အရာဝတ္ထုတစ်ခုတည်းကိုပင် နှစ်ယောက်ပြိုင်တူကြည့်က ပုံစံနှစ်မျိုးကွဲပြားနေမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ခနလူမျိုး ဆင်းသက်လာပုံနှင့်ပတ်သက်၍ သုတေသီတို့၏ ယူဆချက်များအမျိုးမျိုး အဖုံဖုံဖြစ်နေခြင်းသာဖြစ်သည်။ သုတေသီများသည် ကျမ်းဂန်အမျိုးမျိုးကို ကိုးကား၍ မိမိတို့၏ စာတမ်းကို ရေးသားခဲ့ကြသော်လည်း မူရင်းစာအုပ်၏အမည် ကျမ်းအမည်တို့ကို အထူးဂရုတစိုက် ထည့်သွင်းကိုးကားရန် အလွန်အရေးကြီးပါသည်။ ထိုသို့ မဟုတ်ပါမူ နောင်လာနောင်သား မျိုးဆက်သစ်များ ပြန်လည်ကြည့်ရှု ကိုးကားကြသောအခါ၌ ယနေ့မိမိတို့ရေးသား,ရှာဖွေ,စူးစမ်း, လေ့လာနေကြသော အကြောင်းအရာ အချက်အလက်များကို ပြန်လည်၍ အကိုးအကား ပြုကြပေလိမ့်မည်။

အကယ်၍ ယနေ့သုတေသီတို့၏ မှားယွင်းမှု၊ တဖက် အစွန်းရောက်မှု၊ အတွေး အခေါ်များကို နောင်တစ်ချိန်တွင် လေ့လာမည့် သုတေသီမျိုးဆက်သစ်များ ယုံမှားသံသယ သို့လော သို့လော ဖြစ်လာခဲ့ သော်လည်းကောင်း၊ မူရင်းစာပေကို ရှာမတွေ့သော်လည်းကောင်း ယနေ့ သုတေသီတို့၏ မှားယွင်းမှု အသေးအမွှား ကလေးသည် အချိန်ကာလ၏ ပြောင်းလဲခြင်းနှင့်အတူ 'အများညီ ဤကို ကျွဲဖတ်'ဆိုသကဲ့သို့ အမှားပေါ် အမှားဆင့်ကာ အမှားကို အမှန်ထင်၍ ထင်ရာအတိုင်း နောင်သုတေသီများ သုတေသနလုပ်ဆောင်ကြသောအခါ၌ မူလဘူတသမိုင်းဖြစ်စဉ် မှတ်တမ်းအထောက်အထားများသည် တစတစ ပြောင်းလဲ၍ တိမ်ကော ပျောက်ကွယ်သွားနိုင်ပေသည်။ သို့ဖြစ်၍ မနုတို့၏နယ် မြေ၌ ထင်ရှားရှိနေသောအထောက်အထားများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လက် လှမ်းမှီသရွေ့ တင်ပြလိုက်ပါ၏။ ယင်းသို့တင်ပြရာ၌ လက်တွေ့သွား ရောက်ရှာဖွေ၊ စူးစမ်းလေ့လာနိုင်သမျှကိုသာ တင်ပြခြင်းဖြစ်ပါသည်။ အခြား အခြားသော လက်လှမ်းမမှီသော အထောက်အထားများ ကျန်ရှိကောင်း ကျန် ရှိနိုင်ပါသည်။ ယင်းကဲ့သို့ ရှာဖွေတွေ့ရှိသောအထောက်အထားများကို မြို့နယ် ဒေသညွှန်းဆိုချက်များဖြင့် အောက်ပါအတိုင်း တင်ပြလိုက်ပါသည်။

ယင်းတို့မှာ----

၁။ ပဒလင်းဂူစု(ရွာငံမြို့နယ်)

၂။ ရွှေဘော်နှင်းကုန်းမှ အုဋ်ခွက်ဘုရားများ (ပင်းဒယမြို့နယ်)

၃။ ဆင်ဖိုတောင်(တောင်ပေါ်)မှခေါင်းလောင်းစာနှင့် ကျောက်စာ (ပွေးလှမြို့နယ်)

၄။ ရွှေအင်တောင်ကျောင်းမှ ခေါင်းလောင်းစာ (ရပ်စောက်မြို့နယ်)

၅။ တောင်တွင်းကြီးကျောက်စာ(နောင်ချိုမြို့နယ်)

၆။ ရွှေမြင်တင်ဘုရားကျောက်စာ (နောင်ချိုမြို့နယ်) တို့ဖြစ်ပါသည်။

## ၁။ ပဒလင်းဂူစု

**(ပုံ-၁ ရှု)** ပဒလင်းဂူစုသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ဓနုကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ရွာငံမြို့နယ်၊ ညောင်ကြပ်ကျေး ရွာအနီး လေးမိုင်ခန့်အကွာတွင် တည်ရှိသည်။ မြောက်လတ္တီတွဒ် ၂၁-ဒီဂရီ ၆-မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆-ဒီဂရီ၁၈-မိနစ်မှာရှိပြီး ပင်လယ်ရေ မျက်နှာပြင်အထက် ပေ ၁၀၀၀-အမြင့်၌ တည်ရှိလေသည်။[၁] (ယခုအခါယင်းရွာသည် ကင်းတား ဆည်ရေဝပ် ဧရိယာအတွင်းပါရှိသောကြောင့် ထိုနေရာ၌ ရွာမရှိတော့ပေ)

ပဒလင်းဂူအား ပြဒါးလင်းဂူဟုလည်းကောင်း၊ ပဒတ်လိုဏ်ဂူဟု လည်း ကောင်း နာမည်သုံးမျိုးဖြင့်ခေါ်တွင်ကြလေသည်။[၂]

ပဒလင်းဂူသည် ဂူအမှတ်-၁၊ ဂူအမှတ်-၂-ဟု ပိုင်းခြားထား သည်။ တစ်ဂူနှင့် တစ်ဂူမှာ ကိုက် ၂၀၀-ခန့် ဝေးပြီး တောင်ဘက်မျက်နှာ ပြုထားသော ဂူများဖြစ်သည်။

ဂူအမှတ်-၁-သည် အတွင်းဘက် သေးငယ်ကျဉ်းမြောင်း၏။သို့သော် လူသားတို့ နေထိုင်ရန်သင့်တော်၏။ ဂူ-၂-မှာမူ ကြီးမားသော်လည်း အတွင်းဘက်၌ စိုစွတ်ထိုင်းမှိုင်း နေသောကြောင့် လူတို့မနေနိုင်ဟု သုတေသီတို့ ယူဆခဲ့ကြသည်။[၃]

၎င်းဂူများသို့ မြန်မာနိုင်ငံရှေးဟောင်းသုတေသနဌာန၊ သမိုင်းကော်မရှင်၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်-ဘူမိဗေဒဌာန၊ မနုဿဗေဒ ဌာန၊ သတ္တဗေဒဌာန၊ လမ်းစဉ်ပါတီဌာနချုပ်အစရှိသည့် ဌာနအသီးသီးမှ ပုဂ္ဂိုလ်များသည် ၁၉၆၉-ခုနှစ်၊ ဇန်နဝါရီလ၁၂-ရက်နေ့မှ ၂၇-ရက် နေ့အထိ ၁၅-ရက်တိုင်တိုင် တူးဖော်လေ့လာ ခဲ့ကြသည်။

---

၁။ အသစ်မြင် မြန်မာ့သမိုင်း၊ ၃၁-၃၈။ ၂။ ဓနုတောင်ရိုး၊ ၃၃။ ၃။ Aung Thow 'Exploring Padahlin Caves Spectrum 1967 April, p-162 ပြဒါးလင်းကွင်းဆင်းလေ့လာ ရေးအစီရင်ခံစာ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်၊ ပညာရေးဝန်ကြီးဌာနကြီး၊ စာတွဲ- ၂၂၀၃/၇၊ ပညာ-၂။

ယင်းသို့ တူးဖော်၍တွေ့ရှိရသောပစ္စည်းများမှာ ကျောက်လက်နက်ပစ္စည်းများ၊လူရိုး၊တိရစ္ဆာန်ရိုးများ၊ မီးသွေးစများ၊ ပန်းချီရေးဆွဲရာ၌ အသုံးပြုသော ဆေးနီ ကျောက်ခဲများ ဖြစ်ကြသည်။ ၎င်းပစ္စည်းများသည် ဂူ-အမှတ်၁-တွင်တွေ့ရှိရသော ပစ္စည်းများဖြစ်သည်။ ထို့အပြင် ကျောက်ခေတ်ပန်းချီများဖြစ်ကြသည့် ကောက်ကြောင်း၊ ကျောက်ပန်းချီ၊ ပါးစပ် ဆေးငုံမှုတ်သော ဆေးမှုတ်ပန်းချီများကိုလည်း တွေ့ရှိရသည်။[၁]

ရှေးဟောင်းသုတေသနဌာနမှ ယင်းတူးဖော်ရရှိသောပစ္စည်း များကို ကာဗွန် စစ်ဆေးနည်းဖြင့် စမ်းသပ်သောအခါ ရှေးနှစ်ပေါင်း တစ်သောင်းကျော်ခန့်က လူများနေထိုင်ခဲ့ကြကြောင်း ယူဆခဲ့ကြသည်။[၂]

## ပဒလင်းဂူ=၁

**(ပုံ-၂ ရှု)** ပဒလင်းဂူ အမှတ်၁- ဟု နာမည်ပေးထားသော ဂူထဲ၌ အနောက် တောင်မှ အရှေ့မြောက်တန်းနေသော နံရံတစ်ခုရှိသည်။ ထိုနံရံပေါ်၌ လူ၏ လက်ဝါးနှစ်ဖက်အရုပ်၊ အခြေလေးချောင်းသားကောင်များအရုပ်၊ ငါးလို့ထင်ရသော အကောင်တစ်ကောင်၏အရုပ်၊ နေရုပ်တစ်ရုပ်ရေးဆွဲထားသည်။ မြေနီဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။ သရုပ်ပေါ်အောင် ကောက်ကြောင်းယူ၍ ကောက်ကြောင်းအတွင်း၌ ဆေးဘိန်းသွင်းသောနည်းဖြင့် ရေးခဲ့သည်။ အကြိုသမိုင်းခေတ်ကလူများ ရေးသားခဲ့ခြင်းသာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဂူနံရံမှ စိမ့်ထွက်သော ထုံးရေသည် အရုပ်များပေါ်တွင် ကျဖန်များသောကြောင့် ထုံးကျောက်သားတစ်ထပ် ပါးပါးဖုံးနေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့်

---

၁။ ပြဒါးလင်းဂူ ကွင်းဆင်းလေ့လာရေး အစီရင်ခံစာ။ ရွှေမြို့နယ်ဖြစ်စဉ် မှတ်တမ်း 'လက်နှိပ်စက်မူ' စာ-၄၅။ ၂။ Aung Thow 'Exploring Padahlin Caves Spectrum 1967 April, p-162 ပြဒါးလင်းကွင်းဆင်းလေ့လာရေးအစီရင်ခံစာ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်၊ ပညာရေးဝန်ကြီးဌာနကြီး၊ စာတွဲ- ၂၂၀၃/၇၊ ပညာ-၂။

'နောက်ပိုင်းလူများ(ဝါ)နှောင်းပိုင်းလူများဝင်ရေးသည်မဟုတ်' ဟု ရဲရဲပြောရဲခြင်းဖြစ်သည်။ အရုပ်ရေးဖို့ သွေးလက်စမြေနီခဲများကိုလည်း တူးဖော်တွေ့ ရှိရလေသည်။ ရေးခြယ်ခဲ့သောအရုပ်များသည် အကြိုသမိုင်းခေတ် ကာလက ခလေ့များဖြင့် ကိုက်ညီနေပေသည်။[၁]

## လက်ပုံ

**(ပုံ-၃ ရှု)** ပထမဦးဆုံး လက်ဝါးနှစ်ဖက်ပုံကို တွေ့ရှိရသည်။ လက်ညှိုးများ၌ အဆစ်အပိုင်းလေးများ ပြတ်နေတာကို သတိထားမိပါသည်။ ထိုခေတ်က ချစ်ခင်လေးစားသူသေလျှင် ကျန်ရစ်ခဲ့သောလူများက ဆုံးရှုံးသည့် အထိမ်းအမှတ်အနေနဲ့ လက်ချောင်းကလေးတွေကို ဖြတ်ပစ်လေသည် ဟု ယူဆရသည်။[၂]

## ငါးပုံ

**(ပုံ-၄ ရှု)** နောက်တစ်ရုပ်က 'ငါးလိုအကောင်မျိုး'ဟု သတ်မှတ်ကြသည်။ နတ်ကိုးပြီးစားသောက်ပုံကို ရည်ညွှန်းတာဖြစ်မည်ဟု သုတေသီတို့ယူဆကြသည်။

## နွားပုံ

**(ပုံ-၅ ရှု)** နွားနှင့်တူသော အရုပ်မျိုးကို အနီရောင်ဖြင့် ရေးခြယ်ထားသည်ကို တွေ့ရသည်။

---

၁။ ပြဒါးလင်းဂူ ကွင်းဆင်းလေ့လာရေး အစီရင်ခံစာ။ ရွှောင်မြို့နယ်ဖြစ်စဉ်မှတ်တမ်း 'လက်နှိပ်စက်မူ' စာ-၄၅။ ၂။ Aung Thow 'Exploring Padahlin Caves Spectrum 1967 April, p-162 ပြဒါးလင်းကွင်းဆင်းလေ့လာ ရေးအစီရင်ခံစာ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်၊ ပညာရေးဝန်ကြီးဌာနကြီး၊ စာတွဲ- ၂၂၀၃/၇၊ ပညာ-၂။

## ဝက်ပုံ

**(ပုံ-၆ ရှု)** နောက်တစ်ရုပ်မှာဝက်နှင့် အတော်ကလေးဆင်တူသည်၊ ဤအရုပ်များသည် သတင်းပို့သော အရုပ်များမဟုတ်၊ ပူဇော်ပသမှုနှင့် ဆိုင်မည်ဟု ယူဆရသည်။[၁]

## နေပုံ

**(ပုံ-၇ ရှု)** ကွေ့ကွေ့ကောက်ကောက် မျဉ်းနှစ်ကြောင်းအကြားမှာ နေရုပ်ရေးဆွဲထားသည်ကို တွေ့ရသည်။ တစ်ချို့ထင်သလို နေထွက်ရှုခင်းကား မဖြစ်နိုင်ပေ။ ဖြစ်နိုင်သည်မှာ အရင်နှစ် (၁၅၀၀၀)မှ (၁၀၀၀၀) အတွင်း တဖြည်းဖြည်းမိုးပါးလာပြီး အအေးဓာတ်လျော့နည်းလာသည်။ တစ်ဖက်မှ နေကလည်းပိုပူလာသည်။ အပူအအေး အားပြိုင်ရာမှ အပူက နိုင်လာသည်ကို တွေ့ရ၍ နေကိုရှိခိုးပူဇော်တာဖြစ်နိုင်သည်ဟု ယူဆသည်။[၂]

## ကျောက်လက်နက်ပစ္စည်းများ

**(ပုံ-၈. ၉. ၁၀-ရှု)** ကျောက်လက်နက်ပစ္စည်းများမျိုးစုံကို တွေ့ရှိခြင်း၊ စားကြွင်းအရိုးတို့ကိုတွေ့ရှိခြင်း၊ အိုးခြမ်းကွဲ အစအနများကို တွေ့ရှိခြင်းသည် လွန်ခဲ့သောနှစ်ပေါင်း (၇၀၀၀) အထက်က လူတို့ အသုံးပြုခဲ့သောပစ္စည်းများဖြစ်ကြသည်။ ထို့ပြင် 'ဤပြဒါးလင်းဂူ နှင့်ပတ်သက်၍ တွေ့ရှိခဲ့သောပစ္စည်းများကို ကာဗွန် စစ်ဆေးနည်းဖြင့် တိုင်းတာစမ်းသပ်သောအခါ လွန်ခဲ့သောနှစ် (၁၃၄၀၀) ခန့်မှာပင် ခနုလူမျိုးဟုခေါ် တွင်မည့် လူမျိုးများရှိနှင့်ပြီးဖြစ်ကြောင်း သုတေသီတစ်ဦးက အခိုင်အမာထောက်ပြခဲ့သေးသည်'ကို တွေ့ရှိရသည်။[၃]

---

၁။ က၊ ပြဒါးလင်းဂူကွင်းဆင်းလေ့လာရေး။

၂။ အသစ်မြင်မြန်မာ့သမိုင်း၊ ၃၂၊ ၃၃။ ၃။ အသစ်မြင်မြန်မာ့သမိုင်း၊ စာ- ၃၄။

သို့ဖြစ်၍ ပြဒါးလင်းဂူ စူးစမ်းလေ့လာရေး အကြောင်းအရာများကို ဆက်စပ် လေ့လာကြည့်သော် ပြဒါလင်းဂူတွင် လူသားများသည် လွန်ခဲ့သောနှစ် (၁၅၀၀၀)ခန့်က နေထိုင်ခဲ့သည်မှန်သော်လည်း မနုလူမျိုးများဟုကား တတ်အပ် သေချာစွာ မပြောနိုင်သေးပေ။ သို့သော် ယေဘုယျအားဖြင့် လူဦးရေ များပြား စွာနေထိုင်လျက်ရှိသည်ကို စစ်တမ်းနှင့် နှိုင်းစာ၍ပြောရလျှင် ဖြစ်နိုင်စရာတော့ ရှိပါသည်။ အနိမ့်ဆုံး ကျောက်လက်နက်ပစ္စည်းများကို ကြည့်ခြင်းအားဖြင့် လူတို့သည် လွန်ခဲ့သောနှစ်(၇၀၀၀)၏ သည်ဘက်ပိုင်းလောက်တွင်သာ စိုက်ပျိုး ရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အိုးလုပ်ငန်းများကို လုပ်ကိုင်လာသည်ကို တွေ့ရှိလာ ရသည်။ ဤသို့ယူဆလျှင် လွန်ခဲ့သော နှစ်(၁၅၀၀၀)၏ ဤမှာဘက်တွင် ဘာလုပ် ကိုင် စားသောက်အသက်မွေးကြသနည်း'ဟု မေးစရာရှိလာသည်။ အဖြေကား ရိုးစင်းလွန်းလှပါသည်။ ဂူအတွင်းမှ ကျောက်လက် နက်ပစ္စည်းများနှင့် တိရစ္ဆာန် အရိုး စားကြွင်းများသည် ထိုအချိန်က မုဆိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ကိစ္စကိုဖြေ ရှင်းခဲ့ကြသည်ဟု သက်သေခံလျက်ရှိပေသည်။[၁]

## ၂။ ရွှေဘော်နင်း ကုန်းစေတီမှ အုတ်စွပ်ဘုရားများ

(ပုံ-၁၁ ရှု)ရွှေဘော်နင်းကုန်းစေတီတော်များသည် ပင်းဒယမြို့ မြောက်ဘက်လေးမိုင်ခန့်အကွာ ကျောက်စုတိုက်ကျေးရွာအနီးတွင် တည်ရှိ သည်။ စေတီများသည် နှစ်ပရိစ္ဆေဒကြာပြီဖြစ်သောကြောင့် ယိုးယွင်းပျက်စီး နေသည်။ သို့သော်၁၃၆၄ခု-ခုနှစ်တွင် ကုလုံဆရာ တော်ကြီးမှ ဦးစီးဦးဆောင်၍ ပြုပြင်ခဲ့သောကြောင့် ယနေ့အချိန်တွင် ရွှေဝါရောင်တဖိတ်ဖိတ်တောက်ပလျက် ကြည်ညိုဖွယ် အတိဖြစ်ပါသည်။ ကုလုံဆရာတော်ကြီး ဘုရားပြုပြင်စဉ်ကပါရှိ သော အရှင်ဝေပုလ္လသည် တစ်ချိန်က သတင်းထောက်တစ်ဦးဖြစ်သည်။ စေတီ တော်အား ပြုပြင်မွမ်းမံရန်အတွက် ပြန်လည်တူးဖေါ်သောအခါ၌ အုတ်ခွက်

---

၁။ အသစ်မြင်မြန်မာသမိုင်း၊ စာ-၃၇။

ဘုရားများနှင့် ရွှေဆင်းတုတော်တစ်ဆူ၊ ငွေဆင်းတုတော် တစ်ဆူတို့ကို တွေ့ရှိခဲ့လေသည်။ ထိုဆင်းတုတော်နှစ်ဆူကို ရည်ရွယ်၍ ထိုကုန်းမြေအား 'ရွှေဘော်နင်းကုန်းမြေ'ဟု ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။ ယင်းကုန်းမြေမှ မြောက်ဘက် အနိမ့်ပိုင်းကိုက်(၁၀၀)ခန့်တွင် 'ငွေဘော်နင်းကုန်းမြေ'ဟုရှိသည်။ ရွှေဆင်းတုတော်အားရွှေဘော်နင်းကုန်းမြေရှိစေတီတော်များတွင် ဌာပနာခဲ့ခြင်းဖြစ်သည်။ သို့သော်အလွန် ရှေးကျသောလက်ရာများနှင့်တကွ စာပေမှတ်တမ်းရေးထိုးထားသောအုတ်ခွက်ဘုရားများကိုကား လေးဆူခန့်တွေ့ရှိခဲ့ရသည်။ အခြားသောဘုရားများ၌ စာမပါပေ။ အုတ်ခွက် ဆင်းတုတော်များကား အလွန်များလှသောကြောင့်အရေအတွက်ကို အတိအကျ မရေတွက်နိုင်ခဲ့ပေ။ ယင်းတို့ကို မှတ်တမ်းဓာတ်ပုံနှင့် တင်ပြရသော်-

**(ပုံ ၁၂မှ ၁၈ထိရှု)**

(အထက်ပါ ဓာတ်ပုံမှတ်တမ်းများတွင်ပါဝင်သော မူရင်းအထောက်အထားများကို သီးခြားသိမ်းဆည်းထားခြင်းဖြစ်သည်။)

ယင်းမှတ်တမ်းအထောက်အထားများကို ကြည့်ပြီးနောက် သမိုင်းအမြင်ဖြင့် ဆင်ခြင်ပါမူ လွန်ခဲ့သော နှစ်ပေါင်း(၈၇၁)လောက်တွင် ဤဒေသ၌ပွဲစားများ တည်ရှိနေပြီးဖြစ်သည်။ အလှူရှင်များအဖြစ် မောင်ရှင်ဇိန္န(မောင်ဇိန်သ)၊ ညိန်သောင်၊ ပွဲစားရော်ဟူသော နာမည်များကို အထူးပြုထားသည်ကိုထောက်သော် ဤဒေသရှိ လူမျိုးများသည် ဘာသာရေးအဆင့်အတန်း လူမှုရေးအဆင့်အတန်း၊ စီးပွားရေးအဆင့်အတန်း အတော်အတန်မြင့်မားနေသည်ကို တွေ့ရမည်ဖြစ်သည်။ သတိပြုရန်လို အပ်သည်ကား ထိုအချိန်၌ ပုဂံမင်း နရပတိ စည်သူလက်ထက်ဖြစ်သည်။

## ၃။ တောင်ပေါ်(ဆင်ဖို)မှကျောက်စာနှင့် ခေါင်းလောင်းစာ

**(ပုံ-၁၉ ရှု)** တောင်ပေါ်ကျောင်းဟု လူသိများသော ရှေးဟောင်းစေတီ၊ ပုထိုးများတည်ရှိရာအရပ်သည် ပွေးလှမြို့၏ အရှေ့မြောက်ထောင့်အရပ်၊ ပွင့်လမ်းရွာမှ အနောက်ဘက်တွင် တည်ရှိသည်။

ထိုတောင်ပေါ်သို့ ဦးချစ်စိန်(ပင်းတယ)၊ ဦးမျိုးထွန်း(ပွေးလှ) တို့နှင့်အတူ ၄/၄/၂၀၁၂တွင် သွားရောက်လေ့လာခဲ့ပါသည်။ယင်း တောင်ထိပ်ပေါ်၌ စေတီ၊ ပုထိုးများကို မှတ်တမ်းပြုရေးထိုးထားသော ခေါင်းလောင်းစာကို တွေ့ရှိခဲ့ရသည်။ ယခုအချိန်တွင် 'တောင်ပေါ်တောင်' ဟုအမည်တွင်သော ထိုတောင်ကို ယခင်က 'ဆင်ဖိုတောင်' ဟုခေါ်တွင်ခဲ့ကြသည်ကိုလည်းကောင်း၊ ယင်းတောင် နှင့် ကပ်လျက် အနောက်ဘက်တွင် 'တပ်ကုန်းတောင်'ဟုခေါ်တွင်သောတောင်ရှိသည်။ ထိုတောင်ကို ယခင်က 'ဆင်မတောင်' ဟုခေါ်တွင်ခဲ့ကြသည်။ ထို့အတူပင် 'ပွေးလှမြို့'ကို အလျင်က 'ဝေးလှ'ဟု ခေါ်တွင်ခဲ့သည်။

ကျောက်စာချပ်ပေါ်၌ မှတ်တမ်းတင်ထားသည်ကို ကြည့်ရှုရသဖြင့် ထိုတောင်ပေါ်ရှိ စေတီတော်ကြီး၏ အလှူရှင်အစဉ်အဆက်ကို တွေ့ရှိရသည်။ ကျောက်စာနှင့် ပတ်သက်၍ ထိုတောင်ပေါ်ရှိ စေတီ၊ ပုထိုးများ၏ မူလအလှူရှင်ဖြစ်သူကား သီရိဓမ္မာသောကမင်းဖြစ်သည်။ထို့နောက် နရပတိစည်သူဖြစ်သည်။ ထို့နောက် ငွေခွန်မှူးတစ်ယောက်ဖြစ်သော ပိုက်နယာဗိုလ်မင်းသည် သုံးဆက်မြောက်ကုသိုလ်ရှင်ဖြစ်သည်။ စတုတ္ထမြောက်ကုသိုလ်ရှင်များကား ဆြာပန်းအမိနှင့် ဒေါ်ငွေ တို့ကိုအမှူးထား၍ ဘုရားဒကာ ဦးထွန်းလှနှင့် ဘုရားဒကာမ ဒေါ်ငွေရီ တို့ဖြစ်ပြီး ထိုသူတို့၏သားငယ်များသည် မောင်သိန်းအောင်နှင့် မောင်သိန်းမောင်တို့ ဖြစ်ကြသည်။ ယင်းကျောက်စာအား နောင်သုတေသီတို့ အလွယ်တကူဖတ်ရှုရန် အဆင်ပြေစေခြင်းငှာ မူရင်းသတ်ပုံအတိုင်း ပြုပြင်ထားခြင်းမရှိ ပကတိအတိုင်း ဖော်ပြလိုက်ပါသည်။

(ကျောက်စာပုံ – ၂၀၅)

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အောင်ဇေယျတု သဗ္ဗမင်္ဂလံ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု၊ ဗုဒ္ဓသာသနံ မြတ်စွာဘုရာ၏ သာသနာတော် မြတ်ကြီးကို၊ စိရံ-ကြာမြင့်စွာ (ဝါ)သာသနာငါးထောင် ကာလပတ်လုံး။ တိဋ္ဌတု၊ တည်စေသတည်း။ ဝါ-တည်စေသော်၊ ပွေးလှမြို့၏ ဧသံ ထောင့်အရပ်၌ တည်ထားကိုးကွယ်သော တောင်ပေါ် စေတီကြီး၏ ပြုစုကိုးကွယ်သော ဒါယကာအစဉ် အဆက်နှင့်တကွ ဘုရား၏အထုပ္ပတ္တိကို နောင်လာနောင်သားတို့ မှတ်စိမ့်သောငှာ အမြွက်မျှ ကျောက်စာကမ္ပည်းတို့ဖြင့် ထွင်းဖေါက်၍ထားခဲ့ ပေတော့အံ့သတည်း။ အနန္တဉာဏ တိလောကပရမေ အစိန္တေယျ တေဇာ အပ္ပမေယျ ဂုဏ အတုလ အဓိပတိဖြစ်တော်မူသော မြတ်စွာဘုရား၏ သာသနာတော် တည်ထွန်းရာ ကောင်းမြတ်သည့် ပွေးလှမြို့၏ ဧသံထောင့်တောင်ပေါ် ကုန်း၏ ဒေသအရပ်၌ သီရိဓမ္မာ သောကမင်းကြီးသည် ပဌမတည်ထားပြုစုကိုးကွယ်သည်၊ သီရိဓမ္မာသောကမင်းကြီး၏ ပဌမတည်ထားပြုစုကိုးကွယ်သော စေတီတော်ကြီးသည် ကာလမြင့်စွာ တာရှည်သဖြင့် ပျက်စီးပြိုန္ဓမ်းခြင်း သို့သာရောက်လေ၏။ဒုတိယအချက်မှာ ၎င်းသီရိဓမ္မာသောကမင်းကြီးက မွေတော်ဓာတ်တော်တို့ကို ပြုစုကိုးကွယ်တည်းထားရာအရပ်၌ နောက်ထပ် တစ်ဖန် နရပတိစည်သူမင်းကြီးသည် ဘောင်းတော်တစ်သိန်းသားတို့နှင့်တကွ ဆန်တက်ကြွတော်မူလေသော် 'ဝေးလှ'တောင်ပေါ် တွင် ဌာပနာတိုက်တွင်းအနက်(၁၅) တောင်တူးစေ၍ ပြေပြစ်ချောမွေ့စွာ ပြင်ဆင်ပြီးလျှင် မြကျောက်ငါးပြည် နှင့်တကွ ဓာတ်တော်တစ်ဆူ ဌာပနာသွပ်သွင်း၍ 'ခပ်သိမ်းသော ရန်သူအပေါင်းတို့သည် မဖျက်ဆီးနိုင်ပါစေသတည်း'ဟု မိတ်ဌာန်တော်မူ၍ စေတီတော်၏ ပမာဏသန်းတောင် (၅)တောင် (၂)မိုက်တည်ထားတော်မူခဲ့သည် ဖြစ်၍ 'ဝေးလှ'ဗုဒ္ဓေါတောင်ပေါ် စေတီဟူ၍ သမုတ်ထားခဲ့ပေသည်။တတိယအချက် သုံးကြိမ်မြောက် ပြုစုကိုးကွယ်ခြင်းမှာ သီရိဓမ္မာသောကမင်း နရပတိစည်သူမင်း

ဂုဏ်းတို့နှစ်ဦးက မွေတော်ဓာတ်တော်တို့ကို အသစ်တစ်ဖန်ထပ်မံပြုပြင် တည်ထား ကိုးကွယ်ထိုက်သည်ဖြစ်၍ ရှေးရှေးသောဘဝတို့၌ ပုညသမ္ဘာရင့်သန်ပါသဖြင့် ကုလပုတ္တမည်စွာ ပညာဗဟုသုတ အာစာရနှင့် ခနဝီရိယ သတ္တိစွမ်းအားရှိသော ရွှေနန်းရိုးအခွန်တော်ဆက် ငွေခွန်မျုး ချုပ်ပိုက် နရာဗိုလ်မင်းသည် 'တေဇရပ်မွမ် ထီးတံခွန်နှင့် ကျောင်းကန်ဘုရား ပြုစုငြားလော' ဟူသော ရှေးသူတော်ကောင်း တို့၏ ထုံးဟောင်းနည်းနာအရာရာတို့ကို ဆရာဖြစ်သောရွှေကျောင်းဆရာ တော်နှင့် တိုင်ပင်လျှောက်ကြားကြသည်တွင် ဗဟုသုတအရာဝယ် လိမ်မာ ကျွမ်းကျင်သည့် ဆရာဒါယကာဖြစ်ကြ၍ ကြည့်ရှုမျှော်မြင် ဆင်ခြင်ထောက် ထားကြသော် သိုက်တပေါင်စနည်း နမိတ်တို့သည်ကား "ရေလည် ဖြင်သောင်း တောင်ထိုက်ကောင်း မင်းကောင်းဘုရားရှိလိမ့်မည်၊ ဆင်ဖိုဆင်မ ပုံဟံလ ယှဉ်သတောင်လည်ရှိလိမ့်မည်၊ ထိုထို၌ဌာနဖြစ်လတ်က များစွာဘုရားတည် လိမ့်မည်၊ မြတ်စေတီ ဇသံကျခါ ဌာနတဲ့မှန်လိမ့်မည်၊ အောင်ဘရှည်သံလို စိန္တေယျမြတ် နရပတိဟာလကြီးဘိယုံသွယ် တန်ခိုးကြွယ်သလေ၊ ဆယ်မြေ မှန်လ လိုတိုင်းစုပုံလို့သုံးမကုန် ဗိုလ်ပုံ တင်တည်ကြီ မြင်ဌာနဟူ၍လည်း တပေါင်ထွက် သည်၊ သီတာရေများ ပေါ်ရာသွား"ဟူ၍လည်း စနည်း ရှိသည်။ နတ်မောင်နှမ တို့က မြောက်တောင်အလယ်တွင် သီရိဓမ္မာသောကမင်းကြီး တည်ထားသော မွေတော်ဓာတ်တော်အစစ်တို့၏ ကိန်းဝပ်တော်မူသည့် ကျောင်းတော်ကြီးသည် ပျက်စီးယိုးယွင်းပါသဖြင့် ပြုစုကိုးကွယ်ပါဟု ရွှေကျောင်းဆရာတော်အားအခါခါ အိမ့်မွက်ပေးသည်၊ သီဟိုကလာ သည်ဆိုသောသူတို့က ပင့်ဆောင်ခဲ့သည့် မြတ်စွာ ဘုရား၏၊ သရီရဓာတ်တော်အစစ် ဤခုနစ်ဆူကို ဌာပနာ၍ ရှေးမင်းလောင်း တို့၏ ဘုရားကို ကောင်းမွန်စွာ ပြုစုကိုးကွယ်လောဟု ပိုက်နရာဗိုလ်မင်းအား ဆောင်နှင်း မှာထား၍ သွားလေ၏။ တောင်ငူကလာသည်ဆိုသောသူကလည်း ပင့်ဆောင်ခဲ့သော တောင်ငူမြ စောညီနောင် ဆင်းတုတော်နှစ်ဆူကို ဌာပနာ၍ ရှေးမင်းလောင်းတို့၏ စေတီတော်ကို ကိုးကွယ်ပါလော့ဟု ပိုက်နရာဗိုလ်မင်းအား

ဆောင်နှင်းမှာထား၍ သွားလေ၏။ ၎င်းသရီရဓာတ်တော်တို့ကို အပ်နှင်းခဲ့သည့်အတိုင်း ရွှေကျောင်းဆရာတော်ကို အမှူးထား၍ ပိုက်နရာဗိုလ်မင်းအား တတိယသုံးကြိမ်မြောက် ပြုစု ကိုးကွယ်ခြင်းဖြစ်သည်။ စတုတ္ထလေးကြိမ်မြောက် ပြုပြင်သော နှေ့လ၊ သက္ကရာဇ်ကို ရေတွက်စစ်သော် ကောဇာ သက္ကရာဇ်(၁၂၉၉) ခုသာသနာ တော်နှစ်(၂၄၈၅)ခု၊ ပဟမန္တ ဥတုဟုခေါ်ပေသည်။ ပြာသိုလဆုပ်(၈) ရက်နေ့ကိုအစပြု၍ ပြုပြင်စီမံသည်။ ဒါယကာမှာ ပွေးလှမြို့ အလယ်ရပ်နေ အဖဖြစ်သူ ဘုရားဒါယကာ ဆြာပန်းအမိ ဘုရားအမ ဒေါ်ငွေ ထိုနှစ်ထွေ တို့၏ ကွယ်လွန်ပြီးသည့်နောက် ကျန်ရစ်သော သားဖြစ်သူ ဘုရားတ္တကာ ဦးထွန်းလှ စေတနာ တူမျှသော ဘုရားအမဒေါ်ငွေရီ၊ သားရတနာနှစ်ထွေ မောင်သိန်းအောင်၊ မောင်သိန်းမောင်း ဟုခေါ်ကြပေသည်။ ထိုနှစ်ထွေသော သားတို့နှင့် အတူအကွ နတ်ရောလူပါ ဖူးမြော်ရာဖြစ်သော တောင်ပေါ်စေတီကြီးကို သပိတ်ကအောက် တမံသလင်း၊ မဟာရံတံတိုင်း၊ ခြသေ့်လေးကောင်၊ အုဋ္ဌ ပြသာဒ်လေးဆောင် ခြံရံဆောင် ၍ စေတီတော်ကြီးနှင့်တကွ ဘုရားသုံးဆူနှင့် အဆောက်အဦတို့ကို ရှေးသူတော်ကောင်းတို့၏ ပြုစုကိုးကွယ်ကြသည့်အတိုင်း စေတနာမဆိုင်းဘဲ သာသနာမြင့်စွာ ထွန်းလင်းစိမ့်သောငှာလည်းကောင်း သူတော်ကောင်းတို့နှင့် လျော်စွာ 'သိဝံ ပတ္တေ ဘိက္ခဝေ သိဝံ ပတ္တေတွာန ဒါနံ ဒါတဗ္ဗံ' ဟု လာရှိသည့်အတိုင်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်သည့် တောင်းတ၍ ပြုပြင်ပါသဖြင့် ကောဇာသက္ကရာဇ်(၁၃၀၃)ခုနှစ်၊ သာသနာ နှစ်(၂၄၈၉)ခုနှစ် ပဟမန္တဥတု၏အထွက် တပေါင်းလဆန်း (၁၄)ရက်နေ့တွင် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ပါသဖြင့် သောင်းသောင်းသာဓု နတ်လူ ခေါ်စေသော်၊ ဣမိနာ ပုညကမ္မေန ဤသို့မွေတော်ဓာတ်တော်တို့၏ ကိန်းဝပ်ရာဖြစ်သော စေတီတော်ကြီးကို ပြုစုကိုးကွယ်ရသောအကျိုးအားကြောင့်၊ မယံ-အကျွန်ုပ်တို့သည်၊ ဇဝနတိက္ခဂမ္ဘီရ ပဏ္ဍောတဟာသပညေဟိစ- လျင်သောပညာထက်သော ပညာ နက်နဲသောပညာ ထွန်းတောက်သောပညာ၊ ရွှင်သောပညာတို့နှင့်၊ သမ္ပန္နာနိ-

ပြည့်စုံကုန်သည်၊ ဘဝေယာမ- ဘဝဆက်တိုင်း ဘဝဆက်တိုင်းပြည့်စုံ ရပါလိုကုန်၏၊ မဟာပထဝိယာစ- ကြီးကျယ်သောအထုရှိသော မဟာပထဝီ မြေကြီးကဲ့သို့ ကြီးကျယ်သော ပညာရှိသည်လည်းကောင်း၊ အာကာသော ဝိယစ- အဆုံးမရှိပြန့်နှံ့၍တည်သော ပညာရှိသည် လည်းကောင်း၊ မဟာသမုဒ္ဒေါဝိယစ- ရှစ်သောင်းလေးထောင်နက်ဝှမ်းဆောင်သော မဟာသမုဒ္ဒါကဲ့သို့ အလွန်နက်နဲသောပညာရှိသည်လည်းကောင်း၊ သိနေရုပေါ ဝိယစ- ရှစ်သောင်းလေးထောင်နှစ်ပြန်ဆောင်သော မြင်းမိုရ်တောင်ကြီးကဲ့သို့ ကြီးကျယ်ခိုင်မတ်သော ပညာသည်လည်းကောင်း၊ စန္ဒ သူရိယောဝိယစ- အမိုက်မှောင်ကြီးကို ထွန်းလင်းခြင်းငှာ စွမ်းနိုင်သော လမင်းနေမင်းကြီးကဲ့သို့ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကြီးကို ထွန်းလင်းနိုင်သော ပညာရှိသည်လည်းကောင်း၊ ဘဝေယျာမ- ဘဝဆက်တိုင်းဖြစ်ရပါလိုကုန်၏၊ ဟိန္ဒကုလေသုစ-ယုတ်သောအမျိုးတို့၌လည်းကောင်း၊ ဘဇ္ဇေသုစ-သူ့ကျွန်အမျိုး တို့၌လည်းကောင်း၊ စတူသုစ-လေးပါးကုန်သော၊ အပါယေသုစ-အပါယ်ဘုံ တို့၌လည်းကောင်း၊ မိစ္ဆာဇိဝေသုစ-အယူမှားသောအမျိုးတို့၌လည်းကောင်း၊ ကုဒါစနံ- တစ်ရံတစ်ဆစ်မျှ နဘဝါမ- ဘဝဆက်တိုင်း မဖြစ်ရပါလိုကုန်၏၊ }

ဣဒံ မေ ပုညပါကံ ဝဟံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

**(မူရင်းသတ်ပုံအတိုင်း)**
**စာကူးသူ-အရှင်ကောသလ္လ (မြို့ကြီး)**
**အရှင်ပညိန္ဒ(ကနီ)နှင့်ဦးမျိုးထွန်း(ပွေးလှ)**

တောင်ပေါ်၌ ကျောက်စာကိုတွေ့ရှိရသကဲ့သို့ ခေါင်းလောင်းစာကိုလည်း တွေ့ရှိရသည်။ ယင်းစာများအရ ခေါင်းလောင်းနှင့် ကျောက်စာတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၂၂၀-ခန့်ကြာမြင့်ပြီ ဖြစ်သည်။ သိန်းခိုမင်း နန်းသက် ၉နှစ်တွင် လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ သို့ဖြစ်၍ ထိုအချိန်တွင် အနော်ရထာမင်းပင် မမွေးသေးသည်ကို သိနိုင်သည်။ ကျောက်စာသည် ခေါင်းလောင်းထက်ပို၍ နှစ်စောသည်ကိုတွေ့ ရှိရသည်။

## ၄။ ရွှေအင်တောင်ကျောင်းမှ ခေါင်းလောင်းစာ

ရပ်စောက်မြို့မှ အနောက်ဘက် (၇) မိုင်အကွာတွင် နောင်ခမ်း ကျေးရွာတည်ရှိ၏။ ထိုရွာ၏မြောက်ဘက် တောင်ကုန်းပေါ်တွင် ယခင် အလွန်ထင်ရှားခဲ့သော နရပတိစည်သူမင်းကြီး၏ ကောင်းမှုတော်ဖြစ်သော စေတီတော်တစ်ဆူကို တွေ့ရှိခဲ့သည်။ ထိုစေတီတော်အား 'ရွှေအင်တောင်'ဟု သမုတ်ခဲ့သည်။ ထိုစေတီတော်အား လေ့လာရန်အတွက် ပင်းတယမှ ဦးချစ်စိန်၊ ဦးမျိုးသန်း၊ ကောင်းဘို့မှ ဦးဘမော်တို့နှင့်အတူ ရပ်စောက်မှ ဦးကျော်ဇော၏ လမ်းညွှန်ချက်အရ (၅. ၄. ၂၀၁၂-ခုနှစ်နေ့တွင် ကျွန်ုပ်တို့ သွားရောက်လေ့လာခဲ့ပါသည်။ ထိုကျောင်း၌ နရပတိစည်သူ သမိုင်းပေမူရှိသည် ဟုဆိုသော်လည်း ရှာဖွေ၍ မတွေ့၊ ပျောက်ပျက်သွားပြီဖြစ်သည်။ သို့သော် ခိုင်မာထင် ရှားစွာ ကျန်ရစ်နေသည်ကား ခေါင်းလောင်း သုံးလုံးဖြစ်သည်။ ယင်းခေါင်းလောင်း များ၌ ကုသိုလ်ရှင် အမည်များနှင့် ထိုအချိန်က ကျောင်းထိုင်ဆရာတော်၏ ဘွဲ့နှင့်အတူ သက္ကရာဇ်ရက်စွဲတို့ကို ရေးထိုးထားပေသည်။ ထို့ကြောင့် ခနုလူမျိုးတို့၏ သမိုင်းစတစ်ခုအဖြစ် အစောဆုံး လှူဒါန်းခဲ့သော ခေါင်းလောင်းစာကို တင်ပြလိုက်ပါသည်။

**ခေါင်းလောင်းစာ ( မူရင်းသက်ပုံအတိုင်း )**

**ကြောင်းရေ- ၁။** ဇေယျတု အောင်ဆု သဗ္ဗမင်္ဂလာ၊ တြိဘဝ၊သုံးလောကတွင် ခြောက်ရောင်လင်းသည်။ ထိုရှိဘုံရှိန်၊ ထိန်တလင်းလင်း၊ ရွှေအဆင်းနှင့်တူသော ကျေးဇူးတော်အစုံဂုဏ်တော်အရပ်ရပ်-

**ကြောင်းရေ- ၂။** တို့ဝ်ဖြင့် ပြည့်စုံတော်မူသော မုနိငါးပါးတို့၏ အထွဋ်အထိပ်ဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓ၏ ကိုယ်စားရုပ်ပွားတော်အဖြစ်၊ မွေတော်အစစ် ဖြစ်တော်မူသော လူနတ်တကာတို့၏ ပူဇော်အထူးဝိသေသကို-

**ကြောင်းရေ- ၃။** ကယ်တင်ပိုင်သတော်မူသော ရွှေအင်တောင်ကျောင်းနေ ဆရာဘုရား၊ သာရကိတ္တိ အရှင်ဘုရားသည်၊ ရဟန်း**းရှင်** လူတာယကာ၊ ယောကျ်ား မိမ္မားကြီးငယ်တစုတို့ဝ်ကိုင်၊ မင်္ဂိုလ်နိဗ္ဗာန် အလို့ဝ်ငှာ သံသရာကိုရှေ့ထား-

**ကြောင်းရေ- ၄။** နှုံဝ်ဆော်ချည်မြင့်၊ထောက်ပင့်၍ ရရသမျှ ခေါင်လောင်တော်ကျိုကိုဝ် ၊လက်သမားဆရာ တို့ဝ်ကိုဝ် အဖို့ဝ်လက်ခ၊ ပေး ကျွေပေ၍၊ ၂ဝိ၊ ခေါင်းလောင်းကျိုသွန်သည်မှာ ကြေးချိန် ၁၅၈-နှင့် အမျှ ပြီးစီးအောင်မြင်ပါသည်။ သက္ကရာဇ် ဒ၂၂ဒ -ခုသတင်း-

**ကြောင်းရေ- ၅။** ကျွတ်လ္ဆန်း ၁၀-ရက် ၅တေးနေ့ ညနေခင်း သုံးချက်တီးအချိန်တွင် ပြီးအောင်မြင်သည်၊ ဤသည့်ဒါန ကုသလတို့၏၊ ပုညပြည့်ဖြိုး၊ ရေကောင် ကြိုဝ်ကျောင့်၊ တက်ဖြို ဇေတနာ၊ ကုသလာကို၊ လျူဒါန်းပုညမိဘဆရာ၊ ငယ်စွာလက်ဦး၊ မွေပေးဖူသည်။

**ကြောင်းရေ- ၆။** ကျေးဇူးဆိတက်၊ ဆရာမြတ်က စသည်မျာစွာ လူနသ်တကာနှင့် ဗြဟ္မာမကြွင်း ခပင်းများစွာ သဗ္ဗေသတ္တာ သတ္တဝါကဆုံးဆဲ့တစ်ဘုံ ကျင်လည်ကုန်ထ စသည်ကလျှင် ဝေငှပါ၏ ဤသည့်ဒါန ကုသလကို နောင်ခါမတော် ငါမေ့သော်လည်း ဝသုန္ဓြေ-

**ကြောင်းရေ - ၇။** အား ဤမြေနတ်သား တိုင်တည်ထားသည် အများသာစု သာစု အများနတ်လူ ခေါ်စေသော။။(မှတ်ချက်= ၁-ဂဏန်းကို ဒဖြင့် ရေးသားထားသည်)

(စာကူးသူ= အရှင်ကောသလ္လ=အရှင်ပညိန္ဒ၊
ဦးချစ်စိန်၊ ဦးမျိုးဆန်း (ပင်းတယ)ဦးဘမော်(ကောင်းဘို့)
**(ပုံ-၂၁-၂၂ရှု)**

ယင်းခေါင်းလောင်းစာတွင် သက္ကရာဇ်သည် 'အောင်ကျော်ချမ်းအေး မန္တလေး' ဟူသော လင်္ကာအတိုင်း မန္တလေးမြို့တည်နှစ်နှင့် တထပ်တည်းဖြစ်သည်။ ထို့ကြောင့် နှစ်ပေါင်း(၁၅၂)နှစ် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုကျောင်း၌ ရှေးကျသော သမိုင်းအထောက် အထားများရှိနိုင်လေသည်။ ပေစာအထုပ်၊ ပုရပိုက်များစွာ တွေ့ရှိခဲ့လေသည်။ အချို့စာမူများကား ရှမ်းစာပေဖြင့် ရေးသားထားခြင်းဖြစ်သည်။ အရှင်စန္ဒာသီရိမှ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ထားခြင်းဖြစ်သည်။ ထိုတောင်ပေါ်ဘုရားမှ အနောက်ဖက် နှစ်မိုင်ခန့်တွင် ဖောင်းတောကျေးရွာအနီး ပျူပတီးစေ့များ တူးဖော်တွေ့ရှိခြင်းတို့ကို ထောက်ဆ၍သော်လည်းကောင်း ပျူခေတ်မှ လူမျိုးများသည် ဤအရပ်ဒေသတွင် နေထိုင်ခဲ့ဘူးသည်ကို မှန်းဆ၍ ရရှိနိုင်ပေသည်။

ထို့အတူပင် ပင်းတယမြို့နယ် မိုင်းအင်ကျေးရွာ၊ မိုင်းအင် ကျောင်းမှ ခေါင်းလောင်းစာကား သကြဲဇ် ၁၁၅၀ ပြည့်နှစ် တပို့တွဲလ ပြည့်ကျော် ဆယ်ရက် စနေနေ့" ဟူ၍ ရေးထိုးထားသည်။ လွန်ခဲ့သောနှစ် (၂၂၄)နှစ်က ဖြစ်သည်။ ဤအရာများသည်လက်လှမ်းမှီသမျှ အချိန်နှင့်မျှ၍ တွေ့ရှိခဲ့သော အထောက်အထား များဖြစ်သည်။

ထို့အပြင် မြေလပ်ဒေသအတွင်း ရှေးကျသော အလျှုရှင်နှင့် ကောင်းမှုများကို တင်ပြလိုက်ပါသည်။

ရပ်စောက်မြို့ကုန်းမှ ခေါင်းလောင်း သက္ကရာဇ် ၁၁၉၀-တ ပေါင်းလကွယ် ဒကာတကာမ ကောင်းဘို့ရွာ ညောင်ပင်သာကျောင်းမှ ခေါင်းလောင်းစာ ၁၂၈၄-ခုနှစ်၊ တပေါင်း လဆန်း ၄-ရက် ဒါယကာ မှုထား၊ ၁၂၆၉-ခုနှစ်၊ ပြာသိုလ်လဆုပ်၊ ဒါယကာ ဦးအတ်ကြောင် အမ ဒေါ်သား။ ကောင်းဘို့ရွာ၊ မဲတောကျောင်း၊ ကျောက်ဖြူ ဆင်းတုပလ္လင်စာ။ သက္ကရာဇ် ၁၂၆၄-ခုနှစ်၊ ပြာသိုလ်လ ပြည့်ကျော် ၁၅-ရက်၊ ဘုရား တကာ ဦးမူး၊ မယ်ပေါ။

ကောင်းဘို့ရွာ၊ကုန်စည်ကျောင်း၊ ဆင်းတုတော်မှ စာ သက္ကရာဇ် ၁၂၅၄-ခုနှစ်၊ ဝါဆိုလဆန်း၈-ရက်၊ ဘုရားအမ မစီ။

ရပ်စောက်မြို့နယ်၊ နောင်လုံကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းမှ ဆင်းတုတော်။ သက္ကရာဇ်-၁၁၇၄၊ တပို့တွဲလဆန်း ၁၁-ရက်။ ဒကာ နောင်လုမ်ကျေးစား အမတ်ကြီး ခမ်ဝတ်မိုင်ဆိုင်။

နောင်သခေါ်ရွာ၊ ဘုန်းကြီးကျောင်းမှ ခေါင်းလောင်းစာဝယ် သက္ကရာဇ် ၁၂၇၅-ခု၊ တပေါင်းလဆန်း ၁၃-ရက်။ တကာ ဦးထွန်းပေါ်၊ မယ်ပို။

၎င်းကျောင်းအပေါ်ရှိ ကြေးဆင်းတုကြီးတွင် ပလ္လင်စာပါရှိလေသည်။ "သက္ကရာဇ် ၁၂၈၆-ခု၊ တကူးလဆန်း ၁၀-ရက်။ ဒကာအများ ကောင်းမှု။

ရှမ်းပြည်နယ်ရှိ ကျောင်းများတွင် မပျောက်ပျက်စေရန် အစဉ်တစိုက် ထိန်းသိမ်းထားသောပေစာ၊ ကျောက်စာနှင့် ပုရပိုက်စာ၊ ခေါင်းလောင်းစာ၊ ပလ္လင်စာများ မြောက်များစွာတွေ့ရှိရလေသည်။ ထိုတွင်ခနတို့၏နေရာ မြေလပ်ဒေသ၏ လှေခါးထစ်သဖွယ်ဖြစ်သော မြို့ကြီးတောရကျောင်းတွင် ပေစာထုပ်ပေါင်းများစွာကို ဘုရားတိုက် တည်ဆောက်၍ ဂရုတစိုက် ထိန်းသိမ်းလာခဲ့ရာ ကျောင်းထိုင်ဆရာတော် ၇-ဆက်ရှိပြီဖြစ်သည်။ ပထမဆရာတော်သည် ၁၂၄၉-ခုနှစ်တွင် ကျောင်းတိုက်ကို စတင်တည်ထောင်ပြီး စာသင်သား ၃၀၀-ခန့် စာပေသင် ကြားပို့ချခဲ့သော ကျေးရွာ စာသင်တိုက်လေးတစ်ခုဖြစ်သည်။ ယခုလက်ရှိ စီမံအုပ်ချုပ်လျက်ရှိသော သတ္တမမြောက် ဆရာတော်သည်

မြေလပ် ဒေသ ရွာငံမြို့နယ်တွင် သက်တော်ရင့် ဝါတော်ရ ဆရာတော်ကြီးတစ်ပါး ဖြစ်သည်။

အထက်ပါ မှတ်တမ်းများသည် ၁၉-ရာစုနှစ် မှတ်တမ်းများဖြစ်သည်။ အချို့ အရာများမှာ ကုန်းဘောင်မင်းဆက်တွင်ပါဝင်သော မင်းတုန်းမင်း၊ သီပေါမင်းတို့ လက်ထက်ကဖြစ်သည်။ ယင်းမှတ်တမ်းများသည် မဝေးလှသေးသော်လည်း ခိုင်မာသော အထောက်အထားများရှိသောကြောင့် တင်ပြလိုက် ခြင်းဖြစ်ပါသည်။

## ၅။ တောင်တွင်းကြီးဘုရားမှ ကျောက်စာ

နောင်ချိုမြို့မှ တောင်သို့လားသော် ၈-မိုင်ခွဲမျှ ဝေးသောအရပ် တွင် ကန်ကြီးရွာ ရှိ၏။ ထိုရွာမှ တောင်သို့ လာသော် ၁၅-မိုင်ခန့်ဝေးသော အရပ်၌ သမိုင်းဝင်ထင်ရှားသော 'တောင်တွင်းကြီးဘုရား' ကိန်းဝပ်တော်မူ၏။ ထိုစေတီတော်အတွင်း၌ တည်ရှိသော ဓာတ်တော်၊ မွေတော်များကား ဘုရားရှင်၏ မွေတော်အစစ်၊ ဓာတ်တော်အမှန်များကို သာသနာ့ဒါယကာ သီရိဓမ္မာသောကမင်းက ဌာပနာသွင်းကုသိုလ်ရှင် ဒါယကာအဖြစ်ခံယူကာလှူဒါန်းခဲ့သည်ကို အောက်ပါကျောက်စာမှဖေါ်ပြလျက်ရှိသည်။

### တောင်တွင်းကြီးဘုရားစေတီတော်သမိုင်း
### တောင်တွင်းကြီးဘုရား မော်ကွန်းသမိုင်း

**(ပုံ-၂၃ ရှု)** စိရံ တိဋ္ဌတု။ ။ကမ္ဘောဇတိုင်း။၃၀။ မြို့တောင်းခမ်းတိုင် နားရှိုးကျောင်းတွင် သတင်းသုံးနေတော်မူသော ဦးရင်ကြီးကို ဗြဟ္မာသိကြားနတ်မင်းများက ဘိုးသူတော်ရောင် ကြံဆောင်ဖံဆင်းကိုယ် တိုင်ဆင်း၍ တောင်တွင်းကြီးဒေသ တောင်ထိပ်ဝသို့ ခေါ်ထသွားလာ ဓမ္မာသောကမင်း မြရာဇာ တည်ထားကိုးကွယ်သော (၈၄၀၀၀)များမျှောင်စေတီကျော်ဖြစ်သည်ဟု ပြောဆို

ရှိရာ ဦးရင်ကြီးနှင့် မြို့နေရွာသား လူအများတို့တောဝယ်သစ်ပင် နွယ်ရှင်ရက်ယောင်း ချုပ်ပိတ်ပေါင်း တို့ကို ခုတ် ထွင်းတူးဆွ ကြည့်ရှုကြရာ ကြေးနီပုရပိုက်နှင့်တကွ စေတီတော် **၁**၃ခန့် တွေ့ရှိသည့် အတိုင်း။၃၀။မြို့စော်ဘွား မြို့နယ်တွင်းရှိသူ လူအများတို့က ဌာပနာသွင်းတည်ထား၍ အုပ်စေတီတော်ကြီး တည်ထားကိုးကွယ်သော ဥဒါန်းစကားဖြင့် တောင်တွင်းကြီး ဘုရားယောင်း နွမ်းပျက်စီးရှိရွှင်းရှိသည်များကို အာရုံပြုဆုတောင်း၍-

၁၂၆၉-ခုနှစ်၊ နတ္တော်လွှန်း (၅)ရက်နေ့အစ သီပေါအုန်း (ကုန်း) ဘောင်။၄။မြို့ပိုင်အရှင် သသွှင် စော်ဘွားကြီး ဥက္ကဋ္ဌပြုလုပ် ကျောင်းတကာ နယ်ပိုင်မင်းဦးသန့်နယ်အတွင်းရှိလူအများတို့ ပိုင်းဝန်းပြင်စင် မွန်းမံ ချယ်လယ်ရာ ၁၂၆၉-ခုနှစ်၊ ပြာသိုလ်လွှန်း (၈)ရက်နေ့ ကိစ္စထမြော်အပြီး တိုင်ရောက်က ၁၂၇၀-ခုနှစ်၊ နှောင်းတံကူးလွှန်း (၁၁)ရက်နေ့ သံတိုင်စိုက်တင်ပြီးလျှင် သီပေါအုန်း(ကုန်း)ဘောင် အရှင်သွှင် စော်ဘွားကြီးက အသီးပုဂ္ဂလ ထီးတော်ကြီးတဌာနကျောင်းတကာ နယ်ပိုင်မင်း-ဦးသန့်+ကျောင်းအမ-မနှစ် နယ်အတွင်းရှိ လူအများတို့ စေတီရုံထီးတော် စင်းရေ။၈။ များနှင့်တကွ ဥဿဟာစိုက်ထုပ် ပြုလုပ်စီမံပြီးစီးရှိသည့်အတိုင်း ပွဲရုပ်စုံကပြ အတီးအမှုတ်များနှင့် ၁၂၇၀-ခုနှစ်၊ နှောင်းတံကူး လွှုပ်(၅)ရက်နေ့ နံက် (၁၀)နာရီအချိန်တွင် ထီးတော်တင် ဆက်ကပ်လှူ၍ အရိယာသံဃာတော်မြတ်ရီမှတ်၍ သမုဓိသင်္ဃာတော်မြတ်တို့အား ဒေယျဒမ္မဒါတဗ္ဗဝတ္ထုတို့ကို လှူဒါန်းပူဇော် ရေစက်သွန်းချ အမျှဝေပါ၍ ဤကောင်းမှုတို့ သာဓု သာဓု သာဓု နတ်လူ သာဓုခေါ် စေသော်။

## ဘုရားအလောင်းတော်များကျက်စားတော်မူရာ
## စေတီတော်များ၏သမိုင်းရွှေပေလွှာ

ဇေယျတု မြတ်စွာ ဥဒဉ်ကုရုကျွန်းက ကြွတော်မူသောအခါ တောင်သဦးက ရပ်တော်မူ၍ နို့လှုသည်၊နွဲ့ လှုသည်ဟူ၍ ပြုံးတော်မူသည်။ ဘုရားမြတ်စွာ

ပြုံးတော်မူသောအကြောင်းကို ရဟန္တာတို့ မေး တော်မူလေ၏။ ဘုရာမြွက်စွာ ဤသို့ မိန့်တော်မူလေသည်။ သ၊ သံ၊က၊ တံ၊ ဉုံ၊ မံ၊ ပိ။ သ-ကို တောင်သမင်ဦး၊ သံ-ကို တောင်သမင်ဖျား၊ က-ကို ကုံးသာ၊ တံ-ကို တောင်တွင်းကြီး၊ ဉုံ-ကို တောင်ဦး၊ မ-ကို မြင်းဖြူတောင်၊ ပိ-ကို တောင်ပို့လှ ဤခုနှစ်ပါးမှု တောင်မြွက်။ ရှေးသောအခါ ငါဘုရားသည် ရွှေသမင်အစစ်ဖြစ်သောအခါသည် သ-တွင် ငါကိန်းအိပ်တော်မူသည်။ သံ-ကို ငါကျက်စားတော်မူသည်။ ရေဦးရှေ့ကမူ ငါ ကစားတော်မူသည်။ တံ-မူ ငါဘုရားသည် ရွှေဆိတ်အစစ်ဖြစ်သောအခါ ကျင်လည်သောအရပ်၊ ဉုံ-မူ ငါဘုရားသည် ရွှေခါအစစ်ဖြစ်သောအခါ ကျင်လည်သောအရပ်၊ မံ-မူ ငါဘုရားသည် မြင်းဖြူ အစစ်ဖြစ်သောအခါ ကျင်လည်သောအရပ်၊ ပိ-မူ ငါဘုရားသည် ရွှေဂျီအစစ်ဖြစ်တော်မူသော အခါ ကျင်လည်သောအရပ်၊ ငါဘုရားပရိနိဗ္ဗာန်လွန်သည်နောက်မှ ငါ၏ သာသနာ တော်အနှစ်တရာမှ သီရိဓမ္မာသောကမင်းသည် တည်လပ်မည်။ ငါ၏ သာသနာ တော် အနှစ်နှစ်ထောင့်သုံးရာနီးတွင် သီရိဓမ္မာသောကမင်း အမျိုးမင်းလောင်း ညီနောင် ခုနှစ်ပါးသုံးဆယ်အရပ်တွင် ညီ၍ နေလတ်မည်။ နှစ်ယောက်မူ သုံးဆယ်ကင်းစောင့် မင်းမူလပ်မည်။ ထိုမင်း၏လက်ထက်တွင် အလိုကြီး တရားမစောင့် ဒိဋ္ဌိအကျင့်ကျင့်လပ်မည်။ ရဟန်းလူသူ အမွေအနှစ် အဆစ်အရှိ သိမ်း၍ ယူလပ်မည်။ ငါ၏ ချစ်သား ရဟန်းများလည်း မလေးစားပြု လပ်မည်။ မြေနေသူများတွင် အလိုအားကိုးစီးနင်း၍ စိတ်အားသမျှ ရုပ်စားပြုလပ် မည်။ မြေနေသူများ မနေနိုင်၍ အကုန်ပြေးလပ်မည်။ စီရင်တတ်သူများ မနေနိုင်၍ သွားလပ်မည်။ တစ်ယောက်မူ သုခမိန်နက္ခတ်တာရာအခါ ပေးလပ်မည်။ တစ်ယောက်မူ ပန်းရံသမားဖြစ်လပ်မည်။ တစ်ယောက်မူကား တောင်သူသား ဘုရားအလောင်းအစစ် ရဟန်းဖြစ်လပ်မည်။ ထိုအလောင်းတွင် နတ်တို့အိပ်မက် ပေး၍ စေတီတော်ကို ရှိုးရင်း၍တည်လပ်မည်။ နှစ်ယောက်မင်းမူ ဘုန်းရှိသော မင်းမူ ထီးတော်ကို တင်လပ်မည်။ ငါးယောက်မူကား ကပ်ပါးတွင်နေလပ်မည်။

တရားဆယ်ပါး အမှန်စကားကို ကျင်သော် ထိုအား အစီးအပွားများလပ်မည်။ ကပ်ပါးနေသူများပျောက်၍ သွားသော် တစ်ဖန်ပြန်လပ်မည်။ မင်းငယ်မူ မင်းကြီးအကြီးမြောက် လုပ်မည်။ ပြည်ငယ်မူ ပြည်ကြီး အကြီးမည်လပ်မည်။ ကင်းစားသားအစဉ် စားလပ်မည်။ မြေထက် နေသူများ နေစရာမအား မြို့ပါတိုင်အောင် နေလပ်မည်။ တရားဆယ်ပါး မကျင့်သုံးလျှင် ပြုန်းလပ်မည်။ တရားဆယ်ပါးကို ကျင့်သုံးသော် မင်းကိုးဆက်တိုင်အောင် ကောင်းစားလပ်မည်။ စေတီသုံးဆူ ဘိနပ်မူသတောင်ငါးဆယ် သုံးထပ်တည်လပ်မည်။ ခုနှစ်ဆူတိုင်အောင်တည်လပ်မည်။ ဘုရားမြတ်စွာ သာသနာတော် အနှစ်တစ်ရာတွင် တပေါင်းလပြည့် ပိတ်တပှူးနေ့ ရာဟုစန်း ဒဏ်သင့်သောအခါတွင် သီရိဓမ္မာသောကမင်း တောင်သမင်ဦးတွင် ဌာပနာမူသောအခါ ဓာတ်တော်ကို တစ်သိန်းထိုက်သောကျောက်ကို ကျုပ်လုပ်၍သွင်းသည်။ တစ်ယူဇနာသော တိုက်လုပ်၍ မြကျောက်ဖြာခင်း၍ ပတ္တမြားသုံးတင်း ပတ္တမြား ဆီမီး၍ ကျုပ်နှင့် ဌာပနာတော်မူသည်။ ရေကန်လှူသည်ကား အရှေ့တောင်တောင့် ကလေးတောင်တစ်ဆယ်ခုနှစ်လံပတ်လည်လုပ်၍ လှူတော်မူသည်။ အုဌ်ကား ဘုရားနာမည်တော်ကား ရွှေမြင်တင်ဟုမည်သည်။ တောင်သမင်ဖျားကား ဓာတ်တော်ကို တစ်သိန်းထိုက်သော ကျောက်ဖြာကို ကျုပ်လုပ်၍ သွင်းသည်။ တစ်ယူဇာနာသောတိုက်လုပ်၍ ပတ္တမြားကျောက်ဖြာခင်း၍ ပတ္တမြားသုံးတင်း ပတ္တမြားဆီမီး၍ ခွက်နှင့် ဌာပနာတော်မူ၏။ နာမတော်ကား ရွှေဦးမြော် တင်မည်သည်။ အနောက်မြောက်တောင့်က တစ်မျှော် လောက်တွင် အုဌ်ကိုးသောင်းမြုပ်၍ ထား၏။ စရိတ်လည်း အောက်မှာထား၏။ ကန်တော်လှူတည်သည်။ ဘုရားအရှေ့မြောက်တောင့်တွင် လုပ်၏။

ရေဦးကန်သာတွင် ဓာတ်တော်ကို ပတ္တမြား ကြုပ်လုပ်၍ သွင်းသည်။ တစ်ယူဇနာသောတိုက်လုပ်၍ မြင်းသီလာကျောက်ဖြာခင်း၍ ပတ္တမြားကိုးတင်း၊ ရွှေလင်ပန်းဆီမီးနှင့် ဌာပနာတော်မူသည်။ နာမတော်ကား ရွှေကုံးကျော်ထင်

မည်သည်။ အရှေ့ကုန်းရင်းမှာ အုဌ်ကိုးသောင်း မြေတွင် နှံထား၏။ ကန်တော်ကား အနောက်မှာ လုပ်၍ လှူ၏။ အုဌ်ကန်အောက်မှာ ဓမ္မစစ်စရိတ် ထား၏။ ဘုရားသုံးဆူခြေတော် လှူသည်ကား ပေါ်-စီ-ရေ-ငုပ်-ရင်-ငပ်-ရေ။ ဆုန်နွားချန်ကျောက်ကျားဆိတ် စုန်ဝဲရေ၊ ဓမ္မစစ်နွယ်တောင်၊ မိုဃ်းညောင်ရေ၊ စကျင်ကျောက်လေးထောင်လည်တောင်၊ ထင်းရှူးတောင်၊ ကျောက်စယ်တောင်၊ ထင်းရှူးနတ် တောင်ကျရေ၊ မြစ်ဆုန်ဖွဲ၊ ပုရင်းဖြူတောင်၊ တောင်ပို့လှတောင်၊ ဥတ်မင် တောင်ထိပ်မြို့ လှူတော်မူသည်။ ကျွန်တော်လှူ သော်ကား ကိုးကျိပ်ကိုးယောက် အေိုဖျဉ်း၊ ငစင်ကား၊ ငကျော်ကြီး၊ အကြီးသုံးယောက်ပြုစေ။ ဘုရားအနောက်တောင်ထောင့်က နှစ်တိုင်နားတွင် ရှိ၏။ တောင်ကသုံးတိုင် ကျောက်ဆောင်ရေရှိ၏။ ထိုအောက်တွင် ဓမ္မစစ်ကိုးတင်းထား၏။ တောင်ထိပ်မြို့အရောင်အရှေ့တံခါးမှာ ဓမ္မစစ်သုံးတင်းထား၏။ ပေါ်စီရေအထွက် အနောက်တမြော်နီးနီးတောင်ပို့ကြီးအောက်တွင် ငါးတင်းထား၏။ ထိုများကို ယူ၍ စရိတ်ပြုလေ၊ ယူသောအခါမှာ နတ်ကြီးကိုဝတ် ဖြူနှင့်ကိုးကွယ်လေ။ တောင်သမင်နတ်လည်းမပြတ်ကိုးလေ။ ငါကဲ့သို့ ဘုန်းလည်းကြီး တရားဆယ်ပါး စောင့်လျှင် ငါ့ရွှေပေလွှာကို ရွှေပေအတိုင်း ဖြစ်ပါစေ။ ထိုဥစ္စာများကို လွယ်ကာရပါစေသော်။ တရားဆယ်ပါးမစောင့်လျှင် ငါ့ရွှေပေလွှာကို ခဲမဖြူဖြစ် စေသော်။ ထိုဥစ္စာများကို မရနိုင်သည်ဖြစ်စေသော်။ (ဤကျောက်စာ၏မူရင်းကို နောင်ချိုမြို့နယ် နောင်တောကျေးရွာ ရွှေမြင်တင်ဘုရား၌ ကြည့်ရှုနိုင်ပါသည်)

[စာကူးသူ- အရှင်ဩဘာသ
(နောင်ချို)]

အထက်ပါကျောက်စာများကို ဆန်းစစ်လေ့လာကြည့်သောအခါ ပြန်လည်ပြုပြင်ထားပြီး ဖြစ်ကြောင်းကို သိရှိနိုင်လေသည်။ သို့သော် ကျောက်စာ

အသီးသီး ဦးပါရှိသော မူလဒါယကာမှာ သီရိခမ္မာသောကမင်းဟု သမုတ်ထားကြ
သည်ကိုထောက်သော် ယင်းစေတီတော်များ အတွင်းရှိ ဓာတ်တော်၊မွေတော်
များသည် ဘုရားရှင်၏ သရီရဓာတ်တော်များ ဖြစ်သည်ဟု လေ့လာသိရှိရသည်။
ယင်းအထောက်ထားများသည် နောင်ချိုမြို့နယ်အတွင်း မနုလူမျိုးစုများ
အများအပြား နေထိုင်ရာဒေသတွင် တည်ရှိသောကြောင့် မနုတို့၏သမိုင်းစဉ်တွင်
ထည့်သွင်း၍ အထောက်အထားတစ်ခုအဖြစ် တင်ပြလိုက်ရပေတော့သည်။

## ၁း၈။ ခြုံငုံသုံးသပ်ချက်

မနုတိုင်းရင်းသားလူမျိုးများ စတင်ဖြစ်ပေါ် လာပုံနှင့်စပ်လျဉ်း၍ သုတေသီ
ပညာရှင်များ၏ အမြင်အတွေ့တို့ကို ရှေးဦးစွာတင်ပြပြီးဖြစ်ပါသည်။ ထို့အပြင်
သမိုင်းစာမျက်နှာပေါ်၌ မရောက်ရှိသေးသော အထောက်အထားများကိုလည်း
ကွင်းဆင်းလေ့လာတွေ့ရှိခဲ့သည့်အတိုင်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယင်းတင်ပြခဲ့သောအထောက်အထားများကို ပြန်လည် သုံးသပ်ခြင်းဖြင့်
ပညာရှင်အသီးသီးတို့၏ အမြင်အတွေးတို့ကိုလည်းကောင်း၊ မနုလူမျိုးများ
စတင်ပြန့်ပွားလာပုံတို့ကိုလည်းကောင်း ပြန်လည် ဆန်းစစ်ရန်လို အပ်ပေသည်။
ပညာရှင်သုတေသီတို့၏ အယူအဆများသည် များသောအားဖြင့် မနုတို့၏
သမိုင်းကို ပြန်လည်ဖော်ပြရန်အတွက် မေးမြန်းလေ့လာထားသမျှ ရရှိလာသော
ပါးစပ် ရာဇဝင်(ပါးစပ်သမိုင်း)ကိုသာ တင်ပြထားသည်ကို တွေ့ရှိရလေသည်။

သမိုင်းစာမျက်နှာပေါ် သို့ မရောက်သေးဘဲ ကျန်ရှိနေသော အထောက်
အထားများကို အပေါ်ယံမျှသာ ကြည့်ရှုပါက စေတီ,ပုထိုးများ ၏သမိုင်း၊ ကျောင်း,
တန့်, ခေါင်းလောင်းစာ, ပေစာ, ပုရပိုက်စာ မှတ်တမ်း များသာ ဖြစ်သော်လည်း
ထိုအချိန်က မနုနယ်မြေ၌ မှတ်တမ်းမှတ်ရာဟူ ၍ ကုသိုလ်ပြုလုပ်ရာ၌သာ
'ဤကောင်းမှုနှင့်စပ်သမျှ' စသည်ဖြင့် ရေးထိုးမှတ်တမ်းတင် မှာကြားချက်များ
သာဖြစ်လေသည်။ ထိုမှတ်တမ်းများသည် ပါးစပ်ဖြင့် ပြောသောသမိုင်းများထက်

ပိုမို၍ တိကျလေသည်။ အဘယ့် ကြောင့်ဆိုသော် တိုင်းရင်းသား ယဉ်ကျေးမှုတွင် ပါဝင်သော အချက်အလက်များသည် လည်းကောင်း၊ မြန်မာ့စွယ်စုံကျမ်းများ၌တွေ့ ရှိရသော အချက်အလက်များသည်လည်းကောင်း ပါးစပ်ရာဇဝင် (ပါးစပ်သမိုင်း)ဟုလည်းကောင်း ဖေါ်ပြထားသည်ကိုထောက်သော် ယင်းအချက်အလက်များသည် ရှမ်းတိုင်းရင်းသားများစာပေ၌ 'ခနု' ဟူ၍ နေရာရရှိလာစေရန်အတွက် ပုဒ်ပြည့်ကာမျှ ထည့်သွင်းထားဟန်တူပါ သည်။

သုတေသီများတွင် တိုင်းရင်းသားလူမျိုးစု သမိုင်းကြောင်းများကို ရေးသားသူများမှာ များသောအားဖြင့် ခရစ်ယာန်သာသနာပြုများဖြစ် ကြသည်။ ခနုတိုင်းရင်း သားလူမျိုးများ နေထိုင်ရာဒေသသည် ရှမ်းပြည် နယ်တွင် ရှိသည်။ ရှမ်းပြည်နယ်ရှိတိုင်းရင်းသား များသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများဖြစ်သဖြင့် သူတို့ယုံကြည် ကိုးကွယ်မှုသည် အလွန်ခိုင်မြဲသည်။ လွယ်လင့်တကူ ဘာသာခြားအယူကို လက်ခံခြင်းပြုမည်မဟုတ်။ ထို့ကြောင့် စာရေးဆရာ သာသနာပြုပုဂ္ဂိုလ်များသည် ရှမ်းပြည်နယ်ကို များစွာစိတ်ဝင်းစားမှုမရှိကြခြင်းဖြစ်သည်။ ခနုတိုင်းရင်းသား လူမျိုးများနှင့် ဆက်စပ်၍ လေ့လာတင်ပြမှုများများ စားစားမတွေ့ရပေ။ အဘယ့်ကြောင့်ဆိုသော် သာသနာနှစ် ၂၃၆(ဘီစီ- ၃၀၈)တွင် သီရိဓမ္မာသောကမင်းကြီး၏ ချီးမြှောက်ထောက်ပံ့မှုဖြင့် တတိယ သင်္ဂါယနာအပြီး အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့ဦးဆောင်သောအဖွဲ့သည် သုဝဏ္ဏဘူမိ (မြန်မာနိုင်ငံ သထုံ၊ ထိုင်း၊ ကမ္ဘောဒီယား၊ လာအို၊ အင်ဒိုနီရှားနှင့် မလေးရှား စသည်များ)သို့ သာသနာပြုကြွချီခဲ့ကြသည်။ ထိုအချိန်အခါမှစ၍ ခနုတိုင်းရင်းသားလူမျိုးများ၏ နှလုံးအိမ်ဝယ် ဗုဒ္ဓဘာသာတရားသည် ကိန်းအောင်းနေပြီးဖြစ်သည်။ ဘာသာခြား၏ အယူဝါဒကို လွယ်ကူစွာ ထိုးဖေါက်ဝင်ရောက်ခွင့် မပြုကြပေ။ ထို့ကြောင့် စာရေးဆရာ (သာသနာပြု)များ အသားပေး၍ ရေးသားခဲ့မှုမရှိခြင်းဖြစ်သည်။ ယင်း(သာသနာပြု)တို့ရေးသားလျှင်လည်း နှိမ့်ချ၍ ရေးစမြဲ ဖြစ်သည်။ သို့သော် ယနေ့ခေတ် အချိန်အခါတွင်ကား ဗုဒ္ဓဘာသာဝင်

စာတတ်ပေတတ် အကျော်အမော်များထွန်းကား လျက်ရှိပြီဖြစ်ရာ ရှမ်း ပြည်မှ ထွက်ပေါ်လာသော စာပေယဉ်ကျေးမှု အမွေအနှစ်များကို မြောက်များစွာ ထုတ်ဖော်နေကြပြီဖြစ်သည်။

ထို့ကြောင့် ပညာရှင်သုတေသီအချို့၏ အမြင်ကို ပြန်လည် ဆန်းစစ်ရန်လိုအပ်ပြီဟု အစပျိုးခဲ့ခြင်းဖြစ်သည်။ ယင်းသုတေသီများတွင် အမှတ်စဉ်(၁)'မစ္စတာ၊ အက်ဖ်၊ အိပ်ချ်၊ဂျိုင်း' တင်ပြချက်သည် 'ဓနုတို့သည် ဟံသာဝတီမှ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်' ဟုတင်ပြထားရာတွင် ယနေ့ မြေပြန့်လွင်ပြင်၌ရှိသောဓနုလူဦးရေမှာ သုံးသိန်းကျော်ကျော်ရှိပြီ ဖြစ်သည်။ သို့ဖြစ်၍ မူလဘူတဖြစ်သော ဟံသာဝတီတစ်ခွင်၌ ဓနုလူ ဦးရေ(၅၀)ရာ ခိုင်နှုန်းမျှ ရှိသင့်သည်မဟုတ်ပါလော။ သို့သော်ဓနုဟူသောအသံကို လူတိုင်းလိုလိုပင် မသိကြပေ။ ထို့ကြောင့် ယင်းအဆိုပြုချက်မှာ မမှန်ကန်နိုင်ပေ။

ထို့အတူပင် အမှတ်စဉ် (၂-၃)တွင်'ဆာ ဂျေ အေစကော့'နှင့် မစ္စတာ စီအီးဘရောင်းတို့ကမူ ဓနုတိုင်းရင်းသားများသည် ရှမ်းကုန်သည် ဗမာကုန်သည်များမှ ပေါက်ဖွားလာသူများ'ဟုလည်းကောင်း 'ဗမာမင်းပို့ထားသော ရွှေခွန်မှူး၊ ငွေခွန်မှူးတို့နှင့်ရှမ်းတို့မှ သွေးစပ်ပြီး ပေါက်ဖွားလာသူများဟုလည်းကောင်း ဆိုခဲ့ကြသည်။ အမှတ်စဉ်(၁၃-၁၄)တွင်ပြဆိုထားပြီးသော ဓနုတို့ဖြစ်ပေါ်လာပုံမှာ 'အလောင်းမင်းတရား ယိုးဒယားသို့ စစ်ချီရာမှအပြန် ကျန်ရစ်ခဲ့သော လေးတပ်သားများမှပေါက်ဖွားလာသည်'ဟုလည်းကောင်းဒဏ္ဍာရီဆန်လွန်းစွာ တင်ပြခဲ့ကြသည်။

ထိုနည်းလည်းကောင်း တင်ပြထားသူမှာ ကိုလိုနီခေတ် မိတ္ထီလာခရိုင်အရာရှိ ဖြစ်သူ 'ဆာဂျွန်ဒီဗဲလ်' ဖြစ်သည်။ ထိုသူက ဓနုတိုင်းရင်း သားများသည် အနော်ရထာ မင်းက လှိုင်းတက်မြို့ကို တည်ပြီးရှမ်းပြည်သို့ တက်လာရာတွင် လမ်းမှာတွေ့သော တောတွင်းသား လူဆန်းတစ်ယောက်ကို ပေးခဲ့သောနာမည်မှ 'ဓနု'ဟုဖြစ်လာကြောင်းတင်ပြထားသည်။ သို့သော် ယင်းအဆိုနှင့် အမှတ်

စဉ်(၄) တွင်ပါရှိသော' စမ္ဗူဒီပ ဥဆောင်းကျမ်း' ပြဆိုချက်များဖြင့် အလွန်ခြားနားနေသည်။ အဘယ့်ကြောင့်ဆိုသော် အနော်ရထာ မတိုင်မီကပင် မနုတိုင်းရင်းသားများသည် မြေလပ်ဒေသတွင်ရှိနေပြီးဖြစ်သောကြောင့်တည်း။ ထိုကျမ်းစာမျက်နှာ၊ ၃၀၊ 'ပုဒ်မ ၃(ခ) ရေကြီးရွာအစရှိ ၉၆၃ခု' ခေါင်းစဉ်အောက်တွင် "သက္ကရာဇ် ၉၆၃ခု တပေါင်းလ ပြည့်ကျော် ၁၂-ရက်နေ့တွင် ညောင်ရမ်းမင်းတရားကြီးသည် တောင်ဘက်လေးခရိုင်၊ငါးခရိုင် ကျောက်ဆည် မြောင်းပျားဆည်ကြီး မည်ဆည် နွားတက်ဆည် ကလန်ကျော်ဆည် လယ်ပယ်မျိုးကျ ခွန်တော်ကျပယ်နယ်ဦး ရေစာရင်း ပယ်တသောင်း မြောင်းတရာ လမိုင်းမြေ ဒိုင်းမြေ သူရဲမြေဝင်းမြေကာမြေ မြင်းမြေ သူရဲ၁၂-တပ်မြေ အဆောင်နီ မြေတံခါးနီ မြေလက်နက်ကြီး မြေဝင်းလေးမျက်နှာ မြေမှစ၍ စုခြားငန်းခြားတို့ကို နုတ်ပေးခြားတာတိုင်းတာစစ်ကြောသည်။ စန္ဒသီရိနန္ဒပညာတို့ကို စေ၍ ကြိုးတိုင်းတာ သမုတ်စစ်ကြော စိမ်းမှည့်ခန့် ထားသည့်ကာလ အထက်ရှမ်းပြည်ရှိ မြို့ကျေးရွာ တပ်ပေါင်းစား ဇာပေါင်းစား မြင်းစီးတော်နှင့် ဟယ်နွယ်မြို့ပြု သက္ကရာဇ် ၁၀၂-ခုဂဆုန်လဆန်း ၁၂-ရက်နေ့ သိန်းနီမြို့ကို တည်ထားသည့်ကာလ မြို့ပေါင်းကား စကားမြို့၊ နောင်မွန်မြို့၊ တီကျစ် မွေးလှ(ပွေးလှ) ရငန်၊ ရောက်စောက်၊ လဲခြား၊ မှိုင်းတွယ်မြို့၊ ကျိုင်းတောင်မြို့၊ ကျိုင်းသင်းမြို့၊မိုးမိတ်မြို့၊ မိုး ညှင်းမြို့၊ မိုးပြဲမြို့၊ မှိုင်းပတ်မြို့၊ သုံးဆယ်မြို့၊ ကသာမြို့၊ မြတောင်မြို့၊ သီပေါမြို့၊ ထီးချိုင့်မြို့၊ ကြံညှပ်မြို့မှစ၍ မြို့ပေါင်း၁၇၅-မြို့ကို သက္ကရာဇ် ၁၀၂-ခု စစ်ကြောပြုစု သမုတ်ထားသည့်အတိုင်း ထပ်၍စစ်ကြောသည်" ဟုပါရှိရာ မနုလူမျိုးစုရာခိုင်နှုန်း များစွာနေသော ပွေးလှ၊ ရွာငံ၊ ရောက်စောက်စသောမြို့အချို့ကို သက္ကရာဇ် ၁၀၂-ခုတွင် စပြီးသမုတ်ခဲ့သည်ကို တွေ့ရပါသည်။

အမှတ်စဉ်လေးတွင် ပြဆိုထားချက်များ၌ 'စမ္ဗူဒီပဥဆောင်းကျမ်း'ကို အကိုးသာဓကပြု၍ ရေးသားထားပုံအချို့ကို ဆန်းစစ်လေ့လာ ကြည့်သော် "သက္ကရာဇ် ၅၆၂-ခုနှစ် အနော်ရထာမင်းလက်ထက်" ဟု မှားယွင်းစွာ တင်ပြထား

သည်ကို တွေ့ရှိရလေသည်။ ယင်းကဲ့သို့ သက္ကရာဇ်ကို ထည့်သွင်းထားသည်မှန် သော်လည်း အနော်ရထာမင်းသည် ခရစ်နှစ်၁၀၁၄-ခုတွင် ဖွားပြီး အသက် ၃၀-အရွယ်(၁၀၄၄)တွင် ထီးနန်းအုပ်ချုပ်မင်းလုပ်လေသည်။ အသက် ၆၃-နှစ် အရွယ် ခရစ်နှစ် ၁၀၇၇-ခုနှစ်တွင် နတ်ရွာ စံသည်ကို မြန်မာရာဇဝင်ကျမ်းများ၌ ပြဆိုထား ပေသည်။ သို့ဖြစ်၍ ကောဇာသက္ကရာဇ်နှင့်တွက်စစ်ကြည့်သော် အနော်ရထာ မင်း၏ မွေးသက္ကရာဇ်သည် ကောဇာသက္ကရာဇ် ၃၇၆-ခုနှစ်ဖြစ်၍ ကောဇာ သက္ကရာဇ် ၄၃၉-ခုနှစ်တွင် နတ်ရွာစံသည်ကို တွေ့ရှိရလေသည်။ ထို့ကြောင့် ယင်းတို့တင်ပြထားသော သက္ကရာဇ်သည် အနော်ရထာမင်းလက်ထက်မှာ မဟုတ်ပေ။ နရပတေ့စည်သူ မင်းလက်ထက်ဖြစ်သည်ကို တွေ့ရှိရပေသည်။ သို့သော် 'စမ္ဗူဒီပဉဆောင်းကျမ်း'၌ ယင်းသို့ဆိုလိုသည် မဟုတ်ပေ။ ယင်း သက္ကရာဇ် ၅၆၂-နှစ်မှာ ပုပ္ပားစောရဟန်းမင်း သက္ကရာဇ်ဖြိုသည့်နှစ်ကို ထည့်သွင်း ထားခြင်းသာဖြစ်သည်။

သို့သော် အမှတ်စဉ်(၅)တွင် တင်ပြထားသည် များမှာ မြန်မာ့သမိုင်းဖြစ် စဉ်နှင့်များစွာဆီလျော်မှုရှိပေသည်။ ထို့ပြင် အမှတ်စဉ်(၈)၌ ပြဆိုထားချက် များသည် ခနုတိုင်းရင်းသားတို့၏ တည်နေရာကို ညွှန်ပြ ထားခြင်းသာဖြစ်သည်။ အမှတ်စဉ် (၁၁)တွင်မူကား ခနုတိုင်းရင်းသားတို့၏ ဘာသာစကားအားဖြင့် ရခိုင်၊ ယော၊ အင်းသား၊ ထားဝယ်၊ တောင်ရိုးတိုင်းရင်းသားများနည်းတူ ဘာသာ စကားကွဲပြားလာမှုကို တင်ပြထားခြင်းသာ ဖြစ်ပါသည်။ မြန်မာအစုဝင် များဖြစ်သော အထက်ပါလူမျိုးစုတို့၏ ဘာသာစကားအားဖြင့်လည်းကောင်း၊ အနွယ်အားဖြင့်လည်းကောင်း တူညီမှုရှိသည်ကို ယင်းအမှတ်စဉ်(၁၁)ဖြင့်ပင်သိ စေပါသည်။

ဤကား ခနုတိုင်းရင်းသား လူမျိုးများဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ သုတေသီများ၏ ထင်မြင်ယူဆချက်များကို ပြန်လည်သုံးသပ်ထားခြင်းဖြစ်ပါ သည်။

ထို့အပြင် ထပ်ဆင့်၍ တင်ပြလိုသည်မှာ လွန်ခဲ့သော နှစ်အနည်းငယ်၌ တူးဖော်၍ရရှိသော အထောက်အထားများနှင့် ရှာဖွေ၍ တွေ့ရှိသော အထောက်အထားများပင်ဖြစ်ပါသည်။ ယင်းတွေ့ရှိသော အထောက်အထား များကို သမိုင်းအမြင်ဖြင့် ဆင်ခြင်သုံးသပ်ရပါမူကား-

ရှေးဦးစွာ တင်ပြထားသည်မှာ 'ပဒလင်းဂူစု' ပင်ဖြစ်သည်။ ယင်း ပဒလင်းဂူသို့ သုတေသီလေ့လာရေးအဖွဲ့များ သွားရောက်လေ့လာစဉ် ဂူအမှတ်-တစ်တွင် တူးဖော်တွေ့ရှိခဲ့သော အထောက်အထားများကို ရေဒီယို ကာဗွန်စမ်း သပ်နည်းတို့ဖြင့် စမ်းသပ်ခဲ့ကြသည်။ ထိုစမ်းသပ်ခြင်းမှ ထွက်ရှိလာသော အဖြေတို့ကို နှစ်အပိုင်းအခြားအားဖြင့် လွန်ခဲ့သော နှစ်(၁၀၀၀၀)ကျော်ကာလမှ ဖြစ်ပြီး၊ အချို့ပစ္စည်းများမှာမူ လွန်ခဲ့သောနှစ်(၆၀၀၀)ကျော် ကာလသာရှိ သေးသည်ကို သုတေသီတို့ သိခွင့်ရခဲ့သည်။ ယင်းအထောက်အထားများအပြင် နံရံဆေးရေး ပန်းချီများကိုလည်းတွေ့ရှိခဲ့ရသည်၊ ပီပီပြင်ပြင် ထင်ထင်ရှားရှား တွေ့မြင်ရသည် မဟုတ်ပေ။ယင်းပန်းချီများအပေါ်၌ ထုံးကျောက်ပါးပါး ဖုံးအုပ်နေခြင်းကို တွေ့ရှိခဲ့ ခြင်းဖြစ်သည်။ ယင်းလူသုံးပစ္စည်းများကို ထောက်ဆ၍ ထိုပဒလင်းဂူ၌ လွန်ခဲ့သော အနှစ် ၁၀၀၀၀-အထက်တွင် လူတို့နေခဲ့ကြသည်ဟု သုတေသီတို့ မှတ်ချက်ချခဲ့သည်။ ဂူအမှတ် ၂-သည် ကြီးမားကျယ်ပြန့်လွန်း၏။ အတွင်းဘက်၌စွတ်စိုလွန်းအားကြီးသောကြောင့် လူသားများ နေထိုင်ရန် မသင့်ပေ။

ယင်းဂူများသည် ဓနုတိုင်းရင်းသားတို့၏ ဒေသဖြစ်သော ရွာငံမြို့နယ်၌ တည်ရှိသော ဓနုတိုင်းရင်းသားများ မြန်မာနိုင်ငံအတွင်း၌ စတင်နေထိုင်ခဲ့သော နေရာဟု တထစ်ချမယူဆလိုသော်လည်း ပတ်သက်မှုကား ရှိနိုင်ပေသည်။

ထို့နောက် ပင်းတယမြို့နယ် ကျောက်စုတိုက် ကျေးရွာအနီးရှိ ရွှေဘော် နင်းကုန်းမြေမှ အုဌ်ခွက်ဘုရားများ တွေ့ရှိခဲ့သည်။ ထိုအုဌ်ခွက်ဘုရားများ ဌာပနာရာစေတီတော်ပြုပြင်စဉ်က ရှေးရှေးကုသိုလ်ရှင်များ တည်ထားကိုး

ကွယ်ခဲ့သော စေတီတော်ကိုပင် အပြင်မှငုံ၍ တည်ထားသည်ကို တွေ့ရသည်။ အပြင်မှ နှစ်ကြိမ်တိတိ ငုံထားခြင်း ဖြစ်သည်။ ယင်းအုဋ်ခွက်ဘုရားများတွင် သက္ကရာဇ်များမှတ်သားထားသည်ကို လည်းကောင်း၊ အလှူရှင်များအမည်ကို လည်းကောင်း ရေးထိုးထားခဲ့သည်ကို တွေ့ရှိရပေသည်။ ထင်ထင်ရှားရှား တွေ့ရှိရသော သက္ကရာဇ် အထောက်အထားမှာ **"၅၀၃-ခုနှစ်၊ ပဌမဝါဆိုလ ပြည့်ကျော် ၁၂-ရက်နေ့တွင် ဓမ္မနာသည် နိဗ္ဗာန်ဆုသာခု"** ဟူ၍ ဖြစ်သည်။ ယင်းသက္ကရာဇ်ကို ကြည့်ခြင်းအားဖြင့် စတုတ္ထပုဂံမင်းဆက် နရပတိစည်သူလက်ထက် ဖြစ်သည်။ နရပတိစည်သူ နန်းသက် ၄၆-နှစ်ရှိရာတွင် ထီးနန်းစိုးစံ၍ ၃၉-နှစ်ခန့်ဖြစ်သည်။ ထိုနရပတိစည်သူမင်းကြီးသည် ထီးနန်းအုပ်စိုးစဉ် အချိန်၌ ရှမ်းပြည်နယ်သို့ တိုင်းခန်းလှည့်လည်၍ စေတီအဟောင်းများပြုပြင်၊ စေတီအသစ်များတည်ထား ကိုးကွယ်ခဲ့သည်မှာ အရေအတွက်အားဖြင့် ၄၂-ဆူ ရှိသည်ကို 'သက္ကရာဇ် ၂၆၉-ခု၊ တပိုတွဲ လဆုတ် ၁၀-ရက်ကူးသော က-အစယေ-အဆုံး၊ ၇-ကြောင်းပေဖြင့် နရပတိစည်သူသမိုင်း' ဟု ရေးထိုး ထားသောပေမူ-မှ တွေ့ရှိခဲ့ရသည်။ ၎င်းပေမူသည် ရပ်စောက်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စု၊ နောင်ခမ်း ကျေးရွာ၊ ရွှေအင်တောင် ကျောင်းဆရာတော်အထံမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၄၂-ဆူသော စေတီတော်တို့ကို တည်နေရာအရပ်ဒေသနှင့်တွဲ၍ ၁၉၈၆-ခု၊ အောက်တိုဘာလ တွင်ထုတ်ဝေခဲ့သော 'ရဿဝတီရပ်စောက်မြို့နယ်မဂ္ဂဇင်း' တွင်အကျယ်ပြုဆိုထားပေသည်။

**ယင်း ၄၂-ဆူသော စေတီတော်များမှာ. . .**

ပုဂံ၊ နရပတိစည်သူမင်းသည် ရှမ်းပြည်သို့ ဖောင်စကြာဖြင့် လှည့်လည်လာပြီး (၁) အင်းလေးဒေသ သန်းတောင်ရွာတွင် ရွှေသန်းတောင်စေတီ (၂) အင်းတိန်ရွာတွင် ရွှေအင်းတိန်စေတီ (၃) နမ့်ပန်ရွာ တွင် ရွှေပေါက်ပေါက်စေတီ၊ (ယခင် ဘုရားပေါက် ဟုခေါ်) (၄)တောင်တိုရွာတွင် ဟသ်ာကျစေတီ (၅) မော်ပီရွာတွင် မော်ပီမွေတော် စေတီတည်သည်။ (၆) စကားမြို့တွင်၊ တာခေါင်

စေတီ (၇) စကားအရှေ့ တောင်တွင် ထမင်းချိုးစေတီ(၈) နမ့်တုပ်ရွာတွင် နမ့်တုပ်စေတီ (၉) မှိုင်းခုန်တွင် ရွှေစည်းခုံစေတီ (၁၀) မိုးဖြဲတွင် မိုးဖြဲစေတီ (၁၁) မိုးဖြဲအလွန်တွင် ရွှေဝက်ကျစေတီ (၁၂) မိုးဖြဲအလွန်တွင် ရှင်ပင်ရွှေချမ်း သာစေတီ (၁၃) ထိုမှ မြောက်စူးစူးတွင် ဖောင်တော်ဆုတ်စေတီ (၁၄) ထိုအလွန်တွင် ဆင်မီးခတ်အရပ် လွယ်တင်တောင် (ဟဲလုံအရပ်ဟု လည်းခေါ်)တွင် ရွှေလက်လှစေတီ (၁၅) မိုင်းပွန်တွင် စေတီတဆူ (၁၆) ထိုမှ မြောက်အရပ်တွင် ဗုဒ္ဓါစေတီ (၁၇) ပြုပ္ပါဒီသာအရပ်သို့ ကြွချီ လျက် လေးရက်နေထိုင်သည်။ သစ်ပင်များစိမ်းလန်းစိုပြေရာ အရပ်တွင်ဒေသသားတို့က ပိန္နဲသီးငါးလုံးဆက်သည်။ ပိန္နဲအရပ်ဟုခေါ်တွင်သည်။ နောင်တွင် မိုးနဲဟုခေါ်သည်ဆိုသည်။ စေတီဆဆူတည်သည်။ (၁၈) လဲချားတွင် မင်္ဂလာဗုဒ္ဓါစေတီ(၁၉) မိုင်းကိုင်တွင် စေတီတဆူ (၂၀) မိုင်းလင်းတွင် ဗုဒ္ဓါစေတီ (၂၁) ထိုမှ ဖောင်တော်ဖြင့် ရက္ခသဝါသီ အရပ်သို့ရောက်လျှင် ပိန္နဲသီးမှည့် ကို ဖောင်တော်၌ စားသည်။ အစေ့ကို အမိဋ္ဌာန်ဖြင့်ချရာ အပင်ပေါက်သည်။ နောင်တွင် ရပ်စောက်ဟု ခေါ်တွင်သည်။ ရပ်စောက်တွင် ရွှေပိန္နဲစေတီတည်သည်။ (၂၂) ရပ်စောက်မှ အနောက်တောင်ဘက်သို့ကြည့်ရာ နီသော ကုန်းတခုကို တွေ့သည်။ မေးသောအခါ ကုမ္ဘာဘယ သွေးအင်တောင်ကုန်းဟုဖြေကြသည်။ ဖောင်တော်ဆိုက်ခိုင်းပြီး ငါးဆယ့်နှစ်တောင်တူးပြီး ဌာပနာကို ကျောက်ဖျာပိတ်သည်။ ငါတည်သောဘုရားကို မြုပြင်သန့်ရှင်းလှူဒါန်းသူတို့သည် နိဗ္ဗာန်ရပါစေသတည်း။ ရောဂါဘေးရန်ကင်း ပါစေသတည်ဟု မိဋ္ဌာန်သည်။ (ယခုရွှေ အင်တောင်ဘုရားဟုခေါ်) (၂၃) မဲတောအရပ်တွင် ရွှေပန်းခွက် စေတီတည်သည်။ (၂၄) တောင်ဘက်တွင် ရွှေပုထိုးစေတီ (၂၅) ပင်းတယဂူတွင် ကျောက်ဂူဗုဒ္ဓါစေတီ (၂၆) ပွေးလှတွင် မြစေတီ (၂၇) ရမ္မာဝတီ (အင်းလေးဒေသ) သို့သွားလျက် ရေနန်းဖြင့်နေသည်။ ဆင်မတောင်တွင် ဗုဒ္ဓါရှင်မ ဘုရား (၂၈) အနောက်ဘက်တွင် ရွှေလင်ပန်းစေတီ (၂၉) ကူကြီးအရပ်တွင် ကူကြီးစေတီ (၃၀) အနောက်အရပ်တွင် ပေါ်ရိသတ်စေတီ

(၃၁)အနောက်အရပ်တွင် လှိုင်မင်းစေတီ (၃၂)တောင် အရပ်အင်းလေး အနောက်ကမ်းတွင် ပေါင်းပိန်စေတီ (၃၃) ရေပူတွင် ရေပူစေတီ (၃၄)တောင် ဘက်တွင် ကွမ်းတောင်စေတီ (၃၅) ခေါင်တိုင်ရွာ တွင် ဆုတောင်းပြည့်စေတီ (၃၆) မနီးမဝေး တောင်အရပ်တွင် ရွှေမြင်တင်စေတီ (၃၇) အရှေ့ကမ်း မိုင်းသောက်ရွာတွင် စေတီတဆူ (၃၈) သလဲဦးရွာတွင် ခွဲခြမ်းစေတီ (၃၉) ဘော်နင်း အရပ်တွင် ရွှေလင်းဇင်ဗုဒ္ဓါ စေတီ (၄၀) မြောက်အရပ်တွင် ရွှေချမ်းသာစေတီ (၄၁) မြောက်အရပ်တွင် ရွှေတန်ညောင်စေတီ (၄၂) ရွာငံတွင် ရွှေကြက် စေတီတို့ဖြစ်ပါ သည်။

ထို့ပြင် ပွေးလှမြို့ အရှေ့တောင်ထောင့် အရပ်ရှိ ဆင်ဖိုတောင် ပေါ်မှ စေတီအား လေ့လာရာတွင် ကျောက်စာတစ်ချပ်နှင့် ခေါင်း လောင်းသက်တမ်း တို့ကို တွေ့ရှိခဲ့ရ သည်။ စေတီတော်၏ ဒါယကာအစဉ် အဆက်ကို ကျောက်စာ တွင် ဖော်ပြထားပြီးဖြစ်သည်။ နရပတိစည်သူ ပြန်လည်ပြု ပြင်ခဲ့သည်ဟုသာ တွေ့ခဲ့ရသည်။ မူလဒါယကာမှာ သီရိဓမ္မာသောကမင်းကြီးဟု ယူဆထားသည်။ သို့သော် ခေါင်းလောင်းစာမှာ သက္ကရာဇ် ၁၅၄-ဟု ရေးထိုးထားသည်။ ပုဂံခေတ် အနော်ရထာမင်းထက် ပို၍ရှေးကျသည်။ ယင်းသက္ကရာဇ်သည် အနော်ရထာ မင်းထက် နှစ်ပေါင်း ၂၂၀-ခန့်စောသည်ကို တွေ့ရှိခဲ့ရပြီး သိန်းခိုမင်းလက်ထက် ဖြစ်နေပေသည်။

နောင်ချိုမြို့နယ်မှ တွေ့ရှိသော တောင်တွင်းကြီးဘုရား ကျောက်စာ၊ ရွှေမြင်တင် ဘုရားကျောက်စာ၊ ရွှေပေလ္လာသမိုင်း ကျောက်စာ ပါစာများကို ထောက်ဆ၍ မူလဒါယကာမှာ သီရိဓမ္မာသောကမင်း ကြီးဖြစ်ကြောင်းတွေ့ ရှိခဲ့ရသည်။ ယင်းကျောက်စာများတွင် ဘုရားလောင်းဘဝဖြစ်စဉ်တစ်ချို့ကို ရေးထိုးထားသည်ကိုတွေ့ရှိရသည်။

ထို့နောက် ရပ်စောက်မြို့နယ်ရှိ ရွှေအင်တောင်ဘုရားသည် နရ ပတိ စည်သူလက်ထက်၌ တည်ထားကိုးကွယ်ခဲ့သည်ဟု ပေမူတွင်ဖော်ပြထားသည်။

ထိုကျောင်းရှိ ခေါင်းလောင်းစာကား ကုန်းဘောင်ခေတ် အတွင်းတွင် လှူဒါန်းထားခဲ့ခြင်းသာဖြစ်သည်။

ဤသည်များကား တွေ့ရှိခဲ့သောအထောက်အထားများနှင့်ပတ်သက်၍ သုံးသပ်ခြင်းသာ ဖြစ်သည်။

ဤသို့လျှင် ခေတ်ပြိုင်မြန်မာ့သမိုင်းဆရာတို့၏ အမြင်ကို လည်းကောင်း၊ သုတေသီများ၏ အယူအဆတို့ကိုလည်းကောင်း၊ ထပ်မံတွေ့ရှိသော အထောက်အထားများကိုလည်းကောင်း လေ့လာသုံးသပ်ခြင်းဖြင့် ဓနုတိုင်းရင်းသားများ ဆင်းသက်လာပုံကို အောက်ပါအတိုင်း ဆက်လက်၍ တင်ပြလိုက်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုး (၁၃၅)မျိုးတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားပါသည်။ ထိုတိုင်းရင်းသား (၁၃၅) မျိုးတွင် 'ဓနု'တိုင်းရင်းသားများလည်း အပါအဝင်ဖြစ်သည်။

ဓနုတိုင်းရင်းသားများ မြန်မာပြည်တွင်းသို့ မည်သည့်အချိန်က အခြေချနေထိုင်ခဲ့သည်ကိုကား ပညာရှင်များ အတိအကျပြောဆိုမှတ်သားထားခြင်း မရှိပေ။ မနုဿဗေဒပညာရှင်များအဆိုကို လေ့လာခြင်းဖြင့် ဓနုတိုင်းရင်းသားတို့၏ မူလနေရာသည် မွန်ဂိုကုန်းမြင့် ဒေသပင်ဖြစ်သည်။ ထိုအရပ်မှ မြန်မာနိုင်ငံအတွင်းသို့ ရေကြည်ရာမြက်နု ရာရှာဖွေရင်း ပြောင်းရွှေ့ ဝင်ရောက်လာကြသည်။ ထိုအချိန်ကား(ဘီစီ-၃၀၀၀)ခန့်ပင် ဖြစ်သည်။ ဓနုတိုင်း ရင်းသားများ ပြောဆိုသော စကားသည် ရှေးဦးမြန်မာစကားဖြစ်သည်။ မြန်မာပြည်တွင်းသို့ တိဗက် မြန်မာအစုဝင်တို့ ဝင်ရောက်လာစဉ်က ပါဝင်လာခြင်းဖြစ်သည်။ ဓနုတိုင်း ရင်းသားတို့၏ ပြောဆိုသောစကားသံကိုထောက်ဆ၍ အနွယ်ကိုသတ်မှတ် ရသော် တိဗက်မြန်မာမျိုးခွဲမှ အာသံမြန်မာအနွယ် မြန်မာအစုတွင် အကျုံး ဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့အချိန်အထိ ဓနုတို့ဒေသ၌ ဓနုတိုင်း ရင်းသားလူမျိုးများ ပြောဆိုသုံးနှုန်းလျက်ရှိသော ဘာသာစကားမှာ ရှေးဦး မြန်မာ တို့ အသုံးအနှုန်းများဖြစ်သော ကျောက်စာများတွင်ပါရှိသော ဘာသာစကား

နှင့်တူသောကြောင့်ဖြစ်သည်။ ဓနုတိုင်းရင်းသားများ၏ နေရာအရပ်သည် ရှမ်းပြည်နယ်တွင်ရှိသောကြောင့် အချို့ကရှမ်း အမျိုးကွဲတစ်ခုဟု သတ်မှတ်ကြသည်။ စကားသံခြားနားခြင်းဖြင့်ပင် သံသယရှင်းစွာ ရှမ်းအမျိုးကွဲ မဟုတ်သည်ကို တွေ့ရှိရသည်။ ထို့အတူပင် မြန်မာမှ ပေါက်ဖွားလာ သော လူမျိုးစုဝင်လည်း မဟုတ်ပေ။ ခရစ်နှစ်(၉)ရာ စုလောက်တွင် ဘာသာစကား စတင်ကွဲပြားလာခြင်းသာဖြစ်သည်။ 'ဓနု'ဟူ၍ အမည်တွင်လာမည့် မြန်မာအစုတွင် ပျူအစု,သက်အစုဟူ၍ အုပ်စုကြီးများရှိသည့်အနက် ပျူအစု နှင့် နီးကပ်စွာ ဆက်ဆံခဲ့ရသည်ကို တွေ့ရှိရသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ဓနုတို့နေရာ မြေလပ်ဒေသဖြစ်သော ရပ်စောက်မြို့ အနောက်ဘက် ဖောင်းတောကျေး ရွာအနီး၌ ပျူပုတီးစေ့များကို တွေ့ရှိခဲ့သောကြောင့်ပင်ဖြစ်သည်။

ဓနုတိုင်းရင်းသားများသည်ဓနုဟု အမည်မတွင်မီ ရှေးဦးမြန်မာ များ အဖြစ်ဖြင့် ပျူတို့နှင့်ရောနှောကာ ပျူလူမျိုးအဖြစ်ဖြင့် အထက်မြန်မာ တစ်ဝှမ်းလုံးတွင် အစုများအလိုက် လှည့်လည်သွားလာကျက်စားနေခဲ့ကြသည်။ ပုဂံခေတ်အစ အေဒီ-၁၀၇မှ အနော်ရထာမင်း အေဒီ-၁၀၄၄-အထိ နှစ်ပေါင်း ၉၃၇-နှစ်အတွင်း မင်စာကျောက်စာများတွင် ပျူလည်းမြန်မာ၊ မြန်မာလည်း ပျူ' ဟူ၍လည်းကောင်း၊ ပုဂံ ရာဇဝင်ကြီးတွင် 'မြန်မာဟူသည် ကား ပျူသားပျူမြေးတည်း' ဟူ၍လည်းကောင်း 'လျှင်မြန်၍ သန်မာသောသူကို ပျူအချင်းချင်း မြန်မာသော ပျူ' ဟူ၍လည်းကောင်း ထူးခြားစွာ ဖော်ပြခဲ့ပေသည်။ လွန်စွာ ရှေးကျသော ဟန်လင်း ပျူမင်းဆက် (၅၁) ဆက်မြောက် မင်းလက်ထက်တွင်ပျူ(၁၂) ပြည်ထောင်ရှိသည့်အနက် မောပျူသည် ပြည်တစ်ခုအနေဖြင့် ပါဝင်ပေသည်။ ဤကဲ့သို့ ရှေးဦးမြန်မာတို့သည် ပျူလူမျိုးစုများ သမိုင်းနှင့်ဆက်စပ်၍ ဗုဒ္ဓမပွင့်မီ နှစ်ပေါင်း(၂၀၀၀) ဘီစီ-၂၅၀၀လောက်တွင် ဟန်လင်းပျူမင်းဆက်ကို စတင်ခဲ့သော ပျူအကြီးအကဲ 'ကရဘော'မှစ၍ လွန်ခဲ့သောနှစ် ပေါင်း(၅၀၀၀)မှ မြန်မာ လူမျိုးဟု စတင်၍ ပီပီပြင်ပြင် ခေါ်ဝေါ်သုံးစွဲခဲ့သောပုဂံခေတ် လွန်ခဲ့သော

နှစ်၁၀၀၀-ခန့် စုစုပေါင်း လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀-ခန့်လောက်တွင် မြန်မာပြည်အထက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ပြန့်ကြဲစွာ တည်ရှိနေခဲ့ကြသည်။

ယင်းပျူတို့နှင့် နီးစပ်မှုမှတစ်ဆင့် မြန်မာအစုများသည် ဘာသာ စကား ကွဲပြားလာခဲ့ကြသည်။ ဘာသာစကားကွဲပြားလာသည်နှင့်အမျှ အမည်နာမများ လည်း ခြားနားလာလေသည်။

'ဓနု'ဟူသောအမည်သည် ပါဠိသက်ဝေါဟာရ ဖြစ်သည်ကို ထူးခြားစွာ တွေ့ရှိရသည်။ 'ဓနု'ဟူသောပါဠိ သက်ဝေါဟာရကို မြန်မာမှု ပြန်ဆိုပါက လေး (မြား)ပင် ဖြစ်သည်။ ထိုသို့ မြန်မာဘာသာအားဖြင့် လေး(မြား) ပင်ဖြစ်သော်လည်း အမည်နာမတစ်ခုအဖြစ်သာ မှတ်သားသင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် 'မောင်ချမ်းသာဟု အမည်တွင်သော်လည်း လူဆင်းရဲ ဖြစ်နေခြင်း၊ မောင်သက် ရှည်ဟုဆိုသော်လည်း အသက်တိုနေခြင်း' စသော သာဓကများကို လေ့လာ မှတ်သားသင့်၏။

သို့ဖြစ်၍ အချုပ်အားဖြင့်ဆိုရသော် ဓနုတိုင်းရင်းသားတို့သည် ရှမ်းလူမျိုးမှ ဆင်းသက်လာသူများ၊ မြန်မာများမှ ပေါက်ဖွားလာသူများ မဟုတ်ကြပေ။ ရှေးဦး မြန်မာအစုဝင်များဖြစ်ကြပြီး သမိုင်းမတင်မီ ခေတ်ကာလကတည်းကပင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ခဲ့ကြသည့် တိုင်းရင်းသားလူမျိုးစု တစ်စုသာ ဖြစ်ပါသည်။


**အခန်း(၁) ပြီး၏။**

၁း၉။ ဓာတ်ပုံကဏ္ဍ



ရှမ်းအမျိုးသား နှင့် အမျိုးသမီး

(ပုံ ၁) ပဒလင်းဂူစု



(ပုံ ၂) ပဒလင်းဂူ – အမှတ် ၁



(ပုံ၊ ၃) လက်ပုံ



(ပုံ၊ ၄) ငါးပုံ




(ပုံ ၅) နွားပုံ




(ပုံ ၆) ဝက်ပုံ




(ပုံ ၇) နေပုံ




(ပုံ ၈) ကျောက်လက်နက်ပစ္စည်းများ



(ပုံ ၉) ကျောက်လက်နက်ပစ္စည်းများ




(ပုံ ၁၀) ကျောက်လက်နက်ပစ္စည်းများ



(ပုံ ၁၁) ရွှေဘော်နင်း ကုန်းမြေမှ အုတ်ခွပ်ဘုရားများ



(ပုံ–၁၂) ဆင်းတုတော်ပုံ



(ပုံ-၁၃) ဆင်းတုတော်ပုံ (ကြောဘက်)



(ပုံ-၁၄) ဆင်းတုတော်ပုံ




(ပုံ-၁၅)ဆင်းတုတော်များပုံ



(ပုံ-၁၆) သပိတ်ပုံ



(ပုံ-၁၇) စုပေါင်းပုံ



(ပုံ–၁၈ ) ဦးဝေပုလ္လ(လယ်)




(ပုံ–၁၉ ) ခေါင်းလောင်းပုံ



(ပုံ - ၂၀) ကျောက်စာပုံ




(ပုံ- ၂၁) ပုရပိုက်စာ



(ပုံ – ၂၂) ခေါင်းလောင်းပုံ



(ပုံ– ၂၃ ) ကျောက်စာပုံ



(ပုံ-၂၄)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသရရှိအောင် ဆောင်ရွက်ခဲ့သူများ



(ဝဲမှယာ)-ဦးအောင်သိန်း(မြိုင်)၊ ဦးကံလှ(ပင်းတယ)၊
ဦးကျော်ဇော(ရပ်စောက်)ဦးမြသန်း(ရွေဦး)

## အခန်း(၂)

### ၂း၁။ ခနောကပြောသော 'သမိုင်း'

တိုင်းရင်းသားအများစုတွင် မိမိတို့အမျိုးအနွယ် ဆင်းသက်လာပုံကို ဘိုးစဉ်ဘောင် ဆက် ပြောဆိုခဲ့ကြသော 'သမိုင်း'များရှိကြပေသည်။ ထို့အတူပင် 'ခနောတိုင်းရင်းသားမျိုးနွယ်စုတွင်လည်း မိရိုးဖလာ အစဉ်အဆက်ပြောဆိုလျက် ရှိကြသောပါးစပ်'သမိုင်း'ကြောင်း များများစွာရှိပါသည်။ 'တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း' ဆိုသကဲ့သို့ နေထိုင်ရာ အရပ်ဒေသအလိုက် ပြောဆိုပုံပြော ဆိုနည်းများ ကွဲပြားလျက် ရှိသည်။ ရှေးရှေးက လူကြီးမိဘများသည် ကလေး သူငယ်တို့အား ညအချိန်တွင် အိပ်ရာဝင်ပုံပြင်များ ပြောဆိုခဲ့ကြသည်။ ထိုသို့ပြော ဆိုရာ၌ ပုံပြင်ထဲမှာ သူငယ်တို့ မှတ်သားစေရန် သင်ခန်းစာများလည်း ကြားညှပ်၍ ထည့်သွင်းကာ ပြောဆိုခဲ့ကြသည်။ ကလေးသူငယ်များ တဖြည်း ဖြည်း အရွယ် ရောက်လာလျှင် 'စကားထာ၊ညဏ်စမ်းပုစ္ဆာ'များကို တစ်ဆင့်ပြီး တစ်ဆင့် ပြောဆိုခဲ့ကြသည်။ ဤကဲ့သို့ လူကြီးမိဘများသည် ကလေးသူငယ်တို့အတွက် အိမ်တွင်းပညာပေးစနစ် ကျင့်သုံးနေကြသည်ကို နေရာ ဒေသများစွာ၌ တွေ့ရပေ သည်။

လူမျိုးစုသမိုင်းများကို 'အဘယ့်ကြောင့် ပုံပြင်များပြုလုပ်၍ ပြော ဆို ကြပါသနည်း'ဟု မေးမြန်းဖွယ်ရှိပါသည်။ အဖြေကား 'သိလွယ်မှတ် လွယ်သော ကြောင့်' ဟုဖြေရပါမည်။ မှန်ပါသည် ကလေးသူငယ်ဘဝမှာ ကြားဘူးနား ဝရှိခဲ့သော အကြောင်းအရာအချို့ကို လူကြီးရင့်မာကြီးဖြစ် သည့်တိုင်အောင် အရိုးစွဲလျက် ရှိနေသည်။ ဤကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် အစဉ်အဆက်ပြော လာခဲ့ကြသောကြောင့် ခနောတိုင်းရင်းသားမျိုးနွယ်အတွင်း၌ ပါးစပ်သမိုင်းမှာလည်း အမျိုးမျိုး ကွဲပြားလျက်ရှိပေသည်။

ယင်းတို့ကား-

၁။ 'ဓနုအမျိုးသားဟူသည် မြန်မာအမျိုးအနွယ်များသာ ဖြစ် သည်၊ ရှမ်းပြည်နယ် တွင်ပါဝင်၍ ရှမ်းလူမျိုးများနှင့် အနေနီးသောကြောင့် အချို့ကိစ္စများတွင် ရှမ်းဓလေ့၊ ရှမ်းအမူ အကျင့်များ ပါဝင်နေသည်။ ယင်းတို့ကို အပြောနှင့်သော်လည်းကောင်း၊ အပြုအမူနှင့်သော် လည်းကောင်း၊ ဝတ်စားဆင်ယင်ပုံနှင့်သော်လည်းကောင်း ဖော်ပြကြသည်'။

၂။ အချို့ဓနုများကလည်း 'မိမိတို့သည် မြန်မာဘုရင်၏ လေးသည်တော် အဆက်အနွယ်များဟုလည်းကောင်း၊ မြန်မာဘုရင်မှ ရှမ်းပြည်နယ်သို့စေလွှတ်သောအမှုတော်ထမ်းများဖြစ်သည့် ရွှေခွန်မှူး၊ ငွေခွန်မှူး အဆက်အနွယ်များနှင့် ရှမ်းအမျိုးသားတို့ သွေးစပ်ပြီး ဆင်းသက်လာသောအနွယ်များ ဖြစ်သည်' ဟုလည်းပြောကြပါသည်။

၃။ အချို့သော ဓနုများကမူ 'ပုဂံခေတ်ဘုရင်များသည် ရှမ်းမြေ လပ်ဒေသသို့ နောက်ပါ စစ်သည်တော်များနှင့်အတူတောကစား ထွက်လေ့ရှိသည်။ တောကစားပြီး၍ နေပြည်တော်ပြန်သောအခါ အချို့လေးမြားကိုင်စစ်သည်တော်များသည် သားကောင်ပေါသော ရှမ်းမြေလပ်တခွင် တောတောင်တန်းတွင် ချန်ရစ်နေထိုင်လိုကြောင်း ဘုရင့်အထံသို့ လျှောက်ထား၍ ၎င်းကျန်နေရစ်ခဲ့ကြသော လေးမြား ကိုင်စစ်သည်များ၏ အမျိုးအနွယ်များမှ ဓနုတိုင်းရင်းသားများ ပေါက်ဖွားလာသည်' ဟု လည်းကောင်း ပြောကြပါသည်။

၄။ အချို့ကမူ ' အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်စဉ်ဘုရင့်အမှုတော်ထမ်း လေးသည်တော်များ ဤဒေသအတွင်း ချန်ရစ်နေခဲ့ရာ ၎င်းတို့မှ နွယ်လာသူများကို ဓနုလူမျိုး ဟုခေါ်ကြောင်း' ဆိုစမှတ် ပြုကြပြန်သည်။

၅။ အချို့ကမူ 'ကုန်းဘောင်မင်းဆက်ကိုတည်ထောင်သူ အလောင်းမင်းတရားကြီး ယိုးဒယားသို့ စစ်ချီပြီး အပြန်ခရီးတွင် လေးတပ်ကို လုံခြုံရေးအတွက် ဓနုတို့ဒေသတွင် တပ်ချနေထိုင်စေခဲ့ပြီး ၎င်းလေးတပ်သားများမှ နွယ်လာသူများသည် ဓနုလူမျိုးများဖြစ်လာသည်'ဟု ဆိုကြ၏။

၆။ အစဉ်အဆက်အားဖြင့် မနေလူမျိုးတို့ ဖြစ်ပေါ်လာပုံကို ပြောဆိုကြရာတွင် မပါမ ဖြစ်သော ဇာတ်လိုက်မင်းသားသည် 'သုမနေမင်းသား'ပင် ဖြစ်သည်။ မနေတိုင်းရင်းသား များ နေထိုင်ရာဒေသအတော်များများတွင် ယင်းသုမနေမင်းသားနှင့် ဒွေးမယ်နော်ကိန္နရီ ဇာတ်ကို အသားပေး၍ ပြောဆိုလျက်ရှိသည်ကို တွေ့ရပြန်သည်။ သို့သော် ယင်းဇာတ်လမ်းသည် နေရာဒေသအတော်များများတွင် အသုံးပြုခြင်းကိုခံနေရသည်။ ထိုဇာတ်လမ်းသည် ဒဏ္ဍာရီဆန်သော်လည်း စိတ်ဝင်စားစရာကောင်းနေပေသည်။

ဒွေးမယ်နော်ဝတ္ထု၏ အရင်းခံအကြောင်းအရာသည် ဇင်းမယ် ပဏ္ဏာသကျမ်း၌ပါသော မဟာသုမနေဇာတ်ဖြစ်သည်။ ထိုဇာတ်နှင့် သဘောချင်းတူသော မဟာသုမနေဇာတ်ကို သက္ကဋဘာသာဖြင့်စီကုံးထားသော ဒိဗျာဝဒါနထေး မဟာယာနကျမ်း၌ပါရှိသည်။ ထိုဇာတ်တော်တွင် မနောဟရီမင်းသမီး၏ အကြောင်းကို ဖွဲ့နွဲ့စီကုံးထားသည်။ မနော်ဟရီ မင်းသမီးကား ဒုမရာဇ်မင်းကြီး၏ သမီးတော်ခုနစ်ဖော်အနက် အထွေးဆုံးသော သမီးတော်ဖြစ်သည်။ သမီးထွေး မနော်ဟရီဟူသော စကားကို ယူ၍ မြန်မာဘာသာဖြင့် 'ဒွေးမနော်' ဟု အတိုချုံး၍ခေါ်ရာမှ ကာလကြာလတ်သော် 'ဒွေးမယ်နော်'ဟုဖြစ်လာသည်။

ထိုဒွေးမယ်နော်ဝတ္ထုသည် မြန်မာစာပေဖြင့် ရေးသားထားခြင်းရှိသကဲ့သို့ အခြားသော တိဗက်၊ သီဟိုဠ်၊ အင်ဒိုနီးရှား၊ ယိုးဒယားစသော စာပေတို့၌လည်း ရေးသားခဲ့ကြသည်။ ထို့ပြင်မြန်မာနိုင်ငံအတွင်း ကယား(ယခင်က ကရင်နီ) ပြည်နယ်၏ ဇာစ်မြစ်သမိုင်းကို ဒွေးမယ်နော်အကြောင်းကို အခြေခံ၍ ရေးသားထားကြသည်။ ကယားပြည်နယ်ရှိ တိုင်းရင်းသားတို့သည် ၎င်းတို့ဒေသ၌ရှိသော ငွေတောင်နယ်ကိုပင် ဒွေးမယ်နော်ဝတ္ထုတွင်လာရှိသော ငွေတောင်ပြည်ဟူ၍ ယူဆကြသည်။ ကယားပြည်နယ်၏ အမျိုးသားအလံတွင် ဒွေးမယ်နော်မင်းသမီးကို အစွဲပြု၍ ကိန္နရာရုပ်ကို အသုံးပြုသည်။ ထို့အတူပင် ကရင်အမျိုးသားတို့၏ အစဉ်အလာ၌လည်း ဒွေးမယ်နော်ဝတ္ထုကို အခြေခံထားသည့်အချက်များ ရှိပေသည်။

သုခနုမင်းသားနှင့် ဒွေးမယ်နော်တို့ကို မြန်မာကရင်ဘာသာဖြင့် 'မော်သုဂနုနှင့်နော် နုခါရီ' ဟူ၍လည်းကောင်း၊တလိုင်းကရင်ဘာသာဖြင့် 'မန်းသုခနုပ်နှင့်နန့်နောင်းခါရီ' ဟူ၍လည်းကောင်း ခေါ်ဆိုခဲ့ကြသည်။ ယင်းဇာတ်ကို အခြေခံ၍ ထွက်ပေါ်လာသော မြန်မာစာပေများလည်း ခေတ်အလိုက် အလွန်များစွာရှိသည်။ ဤသို့လျှင် 'သုခနု'ဟူသော ဝေါဟာရကို နေရာအတော်များများတွင် တွေ့ရသကဲ့သို့ ခနုတို့ဒေသဖြစ်သော မြေလပ်ပိုင်း၌လည်း သုခနုဇာတ်ကို ကြောရိုးပြု၍ ခနုတိုင်းရင်းသားတို့၏အကြောင်းကို ပြောဆိုခဲ့ကြသည်။ ဇာတ်လမ်းအဆုံးသတ်သောအခါ မင်းသားနှင့်မင်းသမီးပေါင်းဆုံခန်းဖြင့် သိမ်းလေ့သိမ်းထမရှိပေ။ 'ထိုသုခနုမင်းသား၏အမည်မှ သုကိုဖြုတ်လိုက်ရင် ငါတို့ခနုဖြစ်လာတာပေ့ါ' ဟူ၍ ပြောဆိုအဆုံးသတ်လေ့ရှိသည်။

ဤအရာများကား ခနုလူမျိုးဆင်းသက်လာပုံနှင့် ပတ်သတ်၍ ဘိုးစဉ်ဘောင်ဆက် ပြောဆိုခဲ့ကြသောပါးစပ်ရာဇဝင် ပါးစပ်သမိုင်းပင်ဖြစ်ပါသည်။ သမိုင်းကြောင်းကိုပင် အိပ်ရာဝင်ပုံပြင်အဖြစ်ပြောခဲ့ကြခြင်းကြောင့် (အိပ်မွေ့လိုသောပုံ့ကင်း)အိပ်ချင်နေသော ကလေးတို့အတွက် ကောင်းမွန်စွာ မမှတ်သားနိုင်ပေ။ ထို့ကြောင့် အထောက်အထားလည်း ခိုင်ခိုင်လုံလုံ မပြနိုင်ပေ။ ပုံပြင်ဟုပြောဆိုခဲ့သောကြောင့် ယုံကြည်စေရန်လည်း အားမထုတ်လိုတော့ပေ။ မယုံလျှင်ပုံပြင်ဟုသာမှတ်စေလိုသည်။ အချုပ်အားဖြင့်ဆိုရသော် အထက်ပါ အချက်အလက်များသည် 'ခနုက ပြောသောသမိုင်း'ပင်ဖြစ်ပါသည်။

## ၂၂ ပျံ့နှံ့နေထိုင်ရာဒေသနှင့် လူဦးရေ

ခနုတိုင်းရင်းသားတို့သည် ရှမ်းပြည်နယ်နှင့် မြန်မာပြည်မကြီး အကြားမြောက်လတ္တီတွဒ် ၂၀-ဒီဂရီမှ ၂၃-ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆-ဒီဂရီမှ ၉၇-ဒီဂရီအကြားတွင် အများဆုံးနေထိုင်ကြသည်။ အထက်ပိုင်းတွင် မန္တလေးခရိုင်၊ မေမြို့(ပြင်ဦးလွင်)ခရိုင်၊ ကျောက်မီတွင်းဒေသ၊ ရှမ်းပြည်နယ်ရှိ မိုင်းလုံ၊

ရပ်စောက်၊အနောက်မြေလပ်ပိုင်းဒေသတွင် ပင်းတယ၊ ပွေးလှ ၊ ရွာငံ၊ ဒေသများ တွင် အများဆုံးနေထိုင်ကြသည်။ မြို့ကြီးများဖြစ်သော တောင်ကြီး၊ အောင်ပန်း၊ ကလောမြို့များတွင် များစွာနေထိုင်ကြသည်။

မနုတိုင်းရင်းသားများသည် မြေလပ်ပိုင်းသာမက မိုးကုတ်၊ မိုးမိတ်၊ မြောက်ပိုင်း ရှမ်းပြည်၊ ကျော်မဲ၊ သီပေါ၊နောင်ချို၊ မေမြို့ (ပြင်ဦးလွင်) အနီးတဝိုက် နှင့်တောင်ပိုင်းရှမ်းပြည် ရပ်စောက်၊ အောင်ပန်း ၊ ပင်မှီ၊ ဘော်နင်း၊ သာမိုင်းခမ်း၊ ကလော၊ တောင်ကြီး၊ ညောင်ရွှေ ဟဲဟိုး၊ လုံးပို၊ တီကျစ်၊ ပင်လောင်းမှစ၍ ပျဉ်းမနားအရှေ့ဘက် ပေါင်းလောင်းမြစ်ရိုး တစ်လျှောက်အထိ ရှည်လျားသော ရှမ်းကုန်းပြင်မြင့် အနောက်ဘက် တောင်တန်းတောင်ကြားလွင်ပြင်များ၌ အနှံ့အပြား နေထိုင်လေ့ရှိကြသည်။ နေထိုင်သောလူဦးရေကို တွက်စစ် ကြည့်သော် ၂၀၁၁-ခုနှစ် ဇွန်လ သန်းခေါင်းစာရင်း အရ(၃၂၆၂၈၀)ဦးရှိပါသည်။ ၎င်းတို့ အများဆုံးနေထိုင်ရာ အရပ်ဒေသများကို သမိုင်းအကျဉ်းနှင့်တကွ လက်လှမ်းမှီ သမျှ အောက်ပါအတိုင်းတင်ပြလိုက်ပါသည်။ ယင်းတို့မှာ--

ရွာငံ၊ ပင်းတယ၊ ကလော၊ နောင်ချို၊ ရပ်စောက်၊ တောင်ကြီး၊ မေမြို့ (ပြင်ဦးလွင်)နှင့် မိုးကုတ်မြို့များဖြစ်ကြသည်။ ထိုတွင်--

ရွာငံမြို့နယ်ဒေသဆိုင်ရာ အချက်အလက်များကို တင်ပြပေအံ့ . . .

ရွာငံမြို့သည် မြောက်လတ္တီတွဒ် ၂၀-ဒီဂရီ ၂၂-မိနစ်နှင့် အရှေ့ လောင်ဂျီတွဒ် ၉၆-ဒီဂရီ ၃၇-မိနစ်တွင် တည်ရှိပါသည်။ ပင်လယ်ရေမျက်နှာပြင် အထက် (၄၀၈၂)ပေတွင် တည်ရှိပြီး အရှေ့ဘက်တွင် ရပ်စောက်မြို့နယ်၊ အနောက် ဘက်တွင် မြစ်သားမြို့နယ်၊ တောင်ဘက်တွင် သာစည်မြို့နယ်၊ မြောက်ဘက်တွင် ကျောက်ဆည်မြို့နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ ရွာငံမြို့နယ် အနောက်ဘက် ပန်းလောင်မြစ်ဖျားဒေသ၊ ရနဲအုပ်စုနှင့် မြို့နယ်မြောက်ဘက် ဇော်ဂျီမြစ် ဝှမ်းဒေသမြို့ကြီးဒေသတို့မှာ မြေနိမ့်ဒေသများ ဖြစ်ပါသည်။ အမြင့်ဆုံး ဒေသဖြစ်သော ဒုတ္ထိုးရေရှာသည် ပင်လယ်ရေမျက်နှာ ပြင်အထက် ၅၇၅၅-

ပေရှိပြီး အနိမ့်ဆုံးဒေသဖြစ်သော ဆည်ရွာကျေးရွာသည် ၄၅၂-ပေရှိပါသည်။ မြို့နယ်၏ အရှေ့ဘက်ရှိ မိုးလုံးဟိန်းတောင်တန်းတွင် အမြင့်ပေ(၇၇၅၂) ရှိသော အရှေ့မြင် အနောက်မြင်တောင်ရှိပါသည်။ ဇော်ဂျီမြစ်နှင့် ပန်းလောင်မြစ်တို့သည် ရွာငံမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျှက်ရှိပါသည်။

ရွာငံမြို့ကို သက္ကရာဇ် ၁၀၂-ခု၊ ကဆုန်လဆန်း ၁၂-ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်ဟု စမ္ဗူဒီပဥဆောင်းကျမ်း၌ တွေ့ရသည်။ ရွာငံနယ်အား ရှေးမင်းတို့က 'ဘော်နယ်'ဟုလည်းကောင်း၊'ရပ်ငံ'ဟုလည်းကောင်း ခေါ်ဆိုခဲ့ကြသည်။

မြို့နယ်အတွင်း မှီတင်းနေထိုင်သော လူဦးရေမှာ ၂၀၁၁-ခု၊ ဇွန်လသန်းခေါင်း စာရင်းအရ (၇၇၂၁၀)ဦးရှိပြီး ဓနုအမျိုးသားများမှာ (၇၅၂၀၈)ဦးရှိပါသည်။ **မှတ်ချက်။ ရွာငံမြို့၌ ဗလီဝတ်ကျောင်းမရှိပေ။**

ဓနုလူမျိုးများ ဒုတိယ(ရာခိုင်နှုန်း)အများဆုံး နေထိုင်ရာမြို့သည် ပင်းတယမြို့ ဖြစ်သည်။ ယင်းပင်းတယမြို့သည် မြောက်လတ္တီတွဒ် ၂၀-ဒီဂရီ ၄၀-မိနစ်နှင့် ၂၁-ဒီဂရီ ၁၃-မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆-ဒီဂရီ ၂၅-မိနစ်နှင့် ၉၆-ဒီဂရီ ၃၇-မိနစ်တွင် တည်ရှိသည်။ ပင်လယ် ရေမျက်နှာပြင်အထက် (၃၈၈၀)ပေဖြစ်ပြီး အရှေ့ဘက်တွင် ကလောမြို့နယ်၊ အနောက်ဘက်တွင် ရွာငံမြို့နယ်၊ တောင်ဘက်တွင် ကလောမြို့နယ်၊ မြောက်ဘက်တွင် ရပ်စောက်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ ဇော်ဂျီမြစ်သည် ပင်းတယမြို့၏ မြောက်ဘက်တွင် မြစ် ဖျားခံ၍ တောင်မှမြောက်သို့ စီးဆင်းလျှက် ရှိပါသည်။

ပင်းတယမြို့သမိုင်းမှာ သုဓနုဇာတ်တော်ကြီးကိုမှီး၍ 'ပင်းကူရမှ ပင်းဒယ (ပင်းတယ) ဖြစ်လာသည်'ဟုဆိုထားသည်ကိုတွေ့ရသည်။ မြန်မာသက္ကရာဇ် ၁၁၀၃-ခုနှစ်တွင် စတင်တည်ထောင်သည် ဟုဆိုထားသော်လည်း ခိုင်လုံသော အထောက်အထားကား မတွေ့ရပေ။ သို့သော် မြို့မြောက်ဘက် လေးမိုင်ခန့် ကျောက်စုတိုက်ကျေးရွာအနီး ရွှေဘော် နင်းကုန်းမြေမှတွေ့ရှိသော အုတ်ခွက်

ဘုရား၌ပါသော သက္ကရာဇ်နှင့် နိုင်းဆပါမူ မြန်မာသက္ကရာဇ် ၅၀၀-ထက်မကျော်' ဟု ယူဆရပါသည်။ ၎င်းမြို့နယ်အတွင်းရှိ ပွေးလှကျေးရွာအား (ဥသြဇစီ-ပွေးလှတည်) ၁၁၁၃-ခုနှစ်တွင် ပွေးလှတည်သည်ဟူသော မှတ်တမ်းအရ လွန်ခဲ့သော နှစ်(၂၆၀)ခန့်က တည်ထားသည်ဟု သိရသည်။

မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော လူဦးရေ စုစုပေါင်းမှာ ၂၀၁၁-ခု ဖွန်လ သန်းခေါင်စာရင်းအရ (၇၄၇၅၆)ဦးဖြစ်သည်။ ခနုတိုင်း ရင်းသားဦးရေမှာ( ၅၂၀၈၃)ဦး ရှိပါသည်။ **(မှတ်ချက်- ပင်းတယမြို့နယ် ၌လည်း ဗလီဝတ်ကျောင်းများမရှိပေ။)**

## ကလောမြို့နယ်ဒေသဆိုင်ရာအချက်အလက်များကို တင်ပြပေအံ့-

ခနုအမျိုးသားများ ၄၀-ရာခိုင်နှုံးခန့်နေသော ကလောမြို့သည် မြောက်လတ္တီတွဒ် ၁၀-ဒီဂရီ ၂၄-မိနစ် ၄၂-စက္ကန့်နှင့် ၂၀-ဒီဂရီ ၁-မိနစ် ၅၇-စက္ကန့်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆-ဒီဂရီ ၂၆-မိနစ် ၂၃-စက္ကန့်နှင့် ၉၆-ဒီဂရီ ၅၈-မိနစ်၅၈-စက္ကန့်အကြားတွင် တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်မှာ ၄၃၁၅-ပေဖြစ်သည်။ မြို့နယ်နိမိတ်မှာ မြောက်သို့လားသော် ပင်းတယမြို့နှင့် ရပ်စောက်နယ်၊ အရှေ့ဘက်တွင် တောင်ကြီး၊ ညောင်ရွှေမြို့နယ်၊ တောင်ဘက်တွင် ပင်လောင်းမြို့နယ်၊ အနောက်ဘက်တွင် သာစည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျှက်ရှိသည်။

ကလောမြို့နယ်၏ မြေမျက်နှာအသွင်အပြင်မှာ ကုန်းမြင့် လျှိုမြောင်ပေါများ၍ ဟဲဟိုးချိုင့်ဝှမ်း လွင်ပြင်တည်ရှိပြီး၊ မြောက်ဘက်တွင် ၅၄၀၀-ပေအမြင့်ရှိသော မနောလှတောင်၊ အမြင့်ပေ-၅၃၁၄-ရှိသော မြင်းကတောင်၊ အရှေ့ဘက်တွင် ၄၆၆၀-ပေအမြင့်ရှိသော သီခေါင်တောင်နှင့် အမြင့်ပေ ၅၆၇၈-ရှိသော မြင်းမထိတောင်၊ တောင်ဘက်တွင် အမြင့်ပေ ၅၀၃၀-ရှိသော မိုင်းလုံးတောင်တို့တည်ရှိသည်။

ကလောမြို့နယ်သည် ပလောင်လူမျိုးများတည်ထောင်ခဲ့ပြီး 'ကလောက်' ဟူသည့် ပလောင်စကားမှ ဆင်းသက်လာပါသည်။ ဒုတိယကမ္ဘာစစ် မဖြစ်မီ စော်ဘွားများအုပ်ချုပ်ခဲ့သည်။ ကလောမြို့သည်နယ်ပိုင် ဝန်ထောက်ရုံးစိုက်သည့် မြို့ဖြစ်ပါသည်။ အောင်ပန်းမြို့တွင် မြို့ပိုင်ရုံးစိုက်ခဲ့သည်။ (၂၇-၄-၁၉၅၉)ရက်နေ့တွင် စော်ဘွားများ အာဏာစွန့်ခဲ့သည်။ (၁၀-၆-၁၉၆၆)ရက်နေ့တွင် ကလောမြို့၌ မြို့ပိုင်ရုံး စတင်ဖွင့်လှစ်၍ မြို့နယ်ခွဲများအား ပြင်ဆင် သတ်မှတ်ခဲ့ပါသည်။

ကလောမြို့နယ်အတွင်းမှီတင်းနေထိုင်သော လူဦးရေ စုစုပေါင်းမှာ ၂၀၁၁-ခု ဇွန်လ သန်းခေါင်းစာရင်းအရ (၁၄၄၀၉၃)ရှိပြီး မနုအမျိုးသားဦးရေမှာ (၅၅၂၁၈)ဦး ရှိပါသည်။

## နောင်ချိုမြို့နယ်၏ ပထဝီအနေအထားကို တင်ပြပေအံ့-

နောင်ချိုမြို့နယ်သည် မြောက်လတ္တီတွဒ် ၂၂-ဒီဂရီနှင့် ၂၃-ဒီဂရီ အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆-ဒီဂရီနှင့် ၉၇-ဒီဂရီအကြားတွင် တည်ရှိပြီး ပင်လယ်ရေအထက် (၂၇၅၀)-ပေမြင့်ပါသည်။ အရှေ့ဘက်တွင် ကျောက်မဲမြို့နယ်၊ အနောက်ဘက်တွင် မေမြို့(ပြင်ဦးလွင်)မြို့နယ် တောင်ဘက်တွင် ရပ်စောက်မြို့နယ်၊ မြောက်ဘက်တွင် ကျောက်မဲမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး၊ မြို့နယ်အကျယ်အဝန်းမှာ (၁၂၆၅. ၆၁ )စတုရန်းမိုင် (၈၀၉၉၉၂)ဧကရှိပါသည်။ နောင်ချိုမြို့နယ်အား ယခင်က 'အင်းစိမ်းစခန်း' ဟုခေါ်တွင်ခဲ့ပါသည်။ 'နောင်ချို' ဟူသောစကားမှာ ရှမ်းဘာသာဖြစ်၍ 'နောင်=အင်း၊ ချို=စိမ်း' ဟုအဓိပ္ပါယ်ရသည်။ ၎င်းအင်းမှာ ယခုဟော်တော် ဘုန်းကြီးကျောင်း အနောက်ဘက်တွင်ရှိသည်။ သုံးဆယ်၊ မိုင်းလုံ၊ နမ့်လန်၊ သီပေါနယ်တို့ကို အုပ်ချုပ်သော စော်ဘွားစောချယ်မှ ဦးခွန်မှုံအား သုံးဆယ်နယ်သို့ စေလွှတ်အုပ်ချုပ်စေခဲ့သည်။ ၁၈၉၉- ခုနှစ်၊ ဧပြီလ ၂၈-ရက်နေ့မှစ၍ ဂုတ်ထိပ်တံတားတည်ဆောက်စဉ်

စစ်ကဲတော်မင်းမှာ သုံးဆယ်တွင် ဆက်မခံတော့ဘဲ 'အင်းစိမ်းစခန်း'သို့ ပြောင်းရွှေ့နေထိုင်ခြင်းမှစ၍ 'နောင်ချိုမြို့နယ်' ဖြစ်လာသည်။ နေထိုင်သောလူဦးရေ စုစုပေါင်းမှာ ၂၀၁၁-ခု ဇွန်လ သန်းခေါင်းစာရင်းအရ (၁၁၄၄၉၇)-ဦးရှိပြီး၊ မနု အမျိုးသားဦးရေမှာ (၅၇၂၄၈)-ဦးရှိသည်။

## ရပ်စောက်မြို့နယ်ဒေသဆိုင်ရာအချက်အလက်ကို တင်ပြပေအံ့-

ရပ်စောက်မြို့နယ်၌ မနုလူဦးရေ ၂၅ရာခိုင်နှုန်းမျှ နေထိုင်သည်ကိုတွေ့ရ၏။ ထိုရပ်စောက်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၀-ဒီဂရီ ၁၀-မိနစ်နှင့် ၂၁-ဒီဂရီ ၁၅-မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆-ဒီဂရီ၄၀-မိနစ်နှင့် ၉၇-ဒီဂရီ ၁၅-မိနစ်အကြားတွင် တည်ရှိပါသည်။ ပင်လယ်ရေ မျက်နှာပြင်အထက် (၃၀၅၀)-ပေတွင်တည်ရှိပြီး အရှေ့ဘက်တွင် ဟိုပုံးမြို့နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၊ အနောက်ဘက်တွင် ရွာငံမြို့နယ်၊ တောင်ဘက်တွင် ပင်းတယမြို့နယ်၊ ကလောမြို့နယ်နှင့် တောင်ကြီးမြို့နယ်၊ မြောက်ဘက်တွင် နောင်ချိုမြို့ နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ ရပ်စောက်မြို့နယ်အား ကောလိမင်းသည် ပညာရှိသုခမိန်တို့နှင့် ညှိနှိုင်းတိုင်ပင်ပြီး ကျစ်ကုန်း အရှေ့တောင်အရပ်တွင် ရသဝတီအမည်ဖြင့် သက္ကရာဇ် ၁၄၂-ခု တပေါင်းလဆန်း ၃-ရက်နေ့တွင် သမုတ်ခေါ် ဝေါ်ခဲ့သည်။ ယင်း 'ရသဝတီ'မှ 'ရပ်စောက်'ဟု ခေါ်တွင်လာခြင်း ဖြစ် သည်။ 'စမ္ဗူဒီပဥဆောင်းကျမ်း'အဆိုကား ၁၀၂-ခု ဟုပင် မြို့ပြနှစ်ကို ဖေါ်ထုတ်ထားပါသည်။

မြို့နယ်အတွင်း နေထိုင်သောလူဦးရေ စုစုပေါင်းမှာ ၂၀၁၁ခု ဇွန်လ သန်းခေါင်းစာရင်းအရ (၉၉၀၁၂)-ဦးရှိပါသည်။ ထိုတွင် မနု အမျိုးသားဦးရေမှာ စုစုပေါင်း (၂၃၂၀၉)- ဦးတို့ မှီတင်းနေထိုင်လျှက်ရှိပါသည်။

## တောင်ကြီးမြို့နယ် ဒေသဆိုင်ရာ အချက်အလက်များကား-

တောင်ကြီးမြို့နယ်သည် မြောက်လတ္တီတွဒ် ၂၀-ဒီဂရီ ၄၆-မိနစ်နှင့် ၁၅-စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇-ဒီဂရီ ၂-မိနစ်နှင့် ၂၁-စက္ကန့်အကြားတွင် တည်ရှိပါသည်။ ပင်လယ်ရေမျက်နှာပြင်ရေအထက်(၄၇၁၂)ပေတွင် တည်ရှိပြီး အရှေ့ဘက်တွင် ဟိုပုံးမြို့နယ်၊ အနောက်ဘက်တွင် ကလောနှင့် ညောင်ရွှေမြို့နယ်၊ တောင်ဘက်တွင် ဆီဆိုင်မြို့နယ်၊ မြောက်ဘက်တွင် ရပ်စောက်မြို့နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။

သက္ကရာဇ် ၁၂၁၀-ခန့်လောက်ကတည်ခဲ့သော ပအိုဝ့်ရွာကလေးတစ်ရွာရှိခဲ့ပြီး 'ဒုံတောင်တီ' ဟု ခေါ်ပါသည်။ ရှမ်းသံဖြင့် 'တွမ်တီး' ဟု ခေါ်ပြီး 'ထောင်ကျည်'၊ 'တွမ်တီး' မြန်မာအသံဖြင့် 'တောင်ကြီး'ဟု ခေါ်တွင်လာသည်။ တောင်ကြီး ဟူသည်မှာ တည်ပင်နှင့်တူသော အပင်မျိုးပေါက်ရောက်ရာရွာ ဟုဆိုလိုသည်။ ၎င်းရွာအနီးတဝိုက်တွင် ပင်လုံရွာ၊ ရှမ်းရွာ ၊မွန်ခြိမ့်ရွာနှင့် ဝါးပြားရွာ များရှိခဲ့ပါသည်။သက္ကရာဇ် (၁၂၅၆)ခုနှစ် မြို့စတင်တည် ထောင်စဉ်က မြို့အနီး၌ မွန်ချယ်ရွာ၊ ဟမ်ဗွာရွာ၊ ခိုချယ်ရွာ၊ တွမ်တီးခေါ် ဒုံတောင်တီရွာတို့ရှိကြပြီး တွမ်တီးရွာကို အစွဲပြု၍ 'တောင်ကြီး'ဟု ခေါ်တွင်ခဲ့ပါသည်။

မြို့နယ်အတွင်း မှီတင်းနေထိုင်သူ လူဦးရေ စုစုပေါင်းမှာ ၂၀၁၁-ခု ဇွန်လ သန်းခေါင်းစာရင်းအရ (၃၀၆၄၁၉)ဦးရှိပါသည်။ ဓနုအမျိုးသား လူဦးရေမှာ (၁၀၄၉၅) ဦးရှိပါသည်။

## ပြင်ဦးလွင် ဒေသဆိုင်ရာအချက်အလက်များကား-

ပြင်ဦးလွင်မြို့နယ် (မေမြို့) ကို သူကြီးဓနုဦးခမ်းဦးနှင့် အမရပူရ မင်းမှုထမ်း ဦးမောင်မောင်ဒွေးတို့က ၁၂၁၀-ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ယင်း တည်ထောင်သည့်နှစ်မှာပင် ဓနုတိုင်းရင်းသား လူဦးရေသည် (၁၄၄၉) ဦးရှိခဲ့ပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ-၃၀၀၀ကျော်ရှိပါသည်။

## မိုးကုတ်မြို့နယ်ဒေသဆိုင်ရာ အချက်အလက်များကား . . .

မိုးကုတ်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၂-ဒီဂရီ ၅၀-မိနစ်နှင့် ၂၃-ဒီဂရီ ၃၀-မိနစ်အကြား အရှေ့လောင်ဂျီတွဒ် ၉၆-ဒီဂရီ ၁၁-မိနစ်နှင့် ၉၆-ဒီဂရီ ၄၅-မိနစ်အကြားတွင် တည်ရှိပါသည်။ အကျယ်အဝန်းမှာ အရှေ့နှင့်အနောက် မိုင်(၃၀)၊ တောင်နှင့်မြောက် (၁၅. ၁၂)မိုင်ရှိပြီး ဧရိယာ (၄၅၀. ၆၀) စတုရန်းမိုင်ရှိပါသည်။

မိုးကုတ်မြို့နယ်သည် ရှမ်းပြည်နယ်မြောက်ပိုင်း ရှမ်းကုန်းပြင် မြင့်၏ အနောက် ဘက်စွန်းတွင်တည်ရှိပြီး ယခုအခါ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်တွင် ပါဝင်ပါသည်။ ပင်လယ်ပြင် မျက်နှာပြင်အထက် (၃၇၅၀)ပေတွင် တည်ရှိသည်။

မိုးကုတ်မြို့သည် လွန်ခဲ့သော နှစ်ပေါင်း ၈၀၀-ခန့်ကပင် ပတ္တမြား ထွက်ရာဒေသဖြစ်ခဲ့သည်။ ဘူမိဗေဒပညာရှင်များ တွက်ဆချက် အရ မိုးကုတ်ဒေသအောက်ခံ ကျောက်ဖျာထုသည် မြန်မာနိုင်ငံ၏ သက်တမ်းအရင့်ဆုံး ကျောက်ဖျာထုများတွင် တစ်ခုအပါ အဝင်ဖြစ်သည်။ ၎င်းမြို့တွင် မြို့ပေါ်ရပ်ကွက် (၅)ရပ်ကွက်၊ ကျေးရွာအုပ်စု (၃၀)၊ ကျေးရွာ ပေါင်း(၁၃၂)ရွာရှိပြီး လူဦးရေစုစုပေါင်းမှာ ၂၀၁၁-ခု ဇွန်လ သန်းခေါင်းစာရင်းအရ (၁၉၅၆၇၄) ဦးရှိပြီး ဓနုအမျိုးသားဦးရေမှာ (၄၂၃၂၄) ဦးရှိပါသည်။

အထက်ပါတင်ပြချက်များသည် ဓနုတိုင်းရင်းသား အများစု နေထိုင်ရာမြို့များကို လက်လှမ်းမှီသမျှ တင်ပြထားခြင်းသာဖြစ်ပါသည်။ ထိုမြို့နယ်ဒေသများ၏ ပထဝီအနေအထားများကို သမိုင်းကြောင်းနှင့် ဆက်စပ်၍ တင်ပြခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ပထဝီသဘောသည် သမိုင်းပြုစုရာတွင် ကျေးဇူးပြုသောကြောင့်ဖြစ်ပါသည်။

## ၂၃။ မျိုးနွယ်စု

ဓနုတိုင်းရင်းသားလူမျိုးတို့အား--

၁။ ရှမ်းဓနု

၂။ မြန်မာဓနု ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားထားသည်။ ထိုတွင်-

နောင်ချိုတဝိုက်တွင်နေထိုင်သော အချို့ဓနုအမျိုးသားများသည် ရှမ်းစကားကို ပြောဆိုကြ၍ ယင်းကိုထောက်၍ ထိုဓနုအမျိုးသားတို့ကို 'ရှမ်းဓနု'ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။ မြေလပ်ဒေသ၌ မြန်မာစကား ပြောဆိုသူများကို 'မြန်မာဓနု'ဟု ခေါ်ဆိုခဲ့ကြခြင်း ဖြစ်သည်။

အချို့ကလည်း ရှမ်းသံပါပါပြောဆိုသူ ဓနုအမျိုးသားများကို 'ရှမ်း ဓနု' ဟုခေါ်ဝေါ်ကြသည်။ မြန်မာသံပါပါပြောဆိုသူတို့ကို 'မြန်မာဓနု' ဟူ၍ ခေါ်ဝေါ်ကြသည်။

မည်သို့ပင်ဆိုစေ ဓနုတိုင်းရင်းသားတို့၏ မူလအမျိုးအနွယ်သည် တိဗက်မြန်မာ ဖြစ်သည်။ ထိုမှ အာသံမြန်မာနွယ်အဖြစ်၊ ထိုအာသံမြန်မာ အနွယ်မှ မြန်မာအစုဝင် များဖြစ်သည်။ ထိုမြန်မာအစုဝင်များမှ အသံကွဲ မြန်မာစကား ပြောဆိုသူများတွင် ပါဝင်လေသည်။ အမှန်အားဖြင့် ဓနုအမျိုးသားများသည် မျိုးကွဲမရှိပေ။ ဓနုအမျိုးသားများသည် မျိုးနွယ်စု တစ်ခုတည်းမှ ပေါက်ဖွားလာကြပြီး ရပ်တည်ရာဒေသခြားနားခြင်းကြောင့် နီးစပ်ရာဘာသာစကားကို မွေးစားပြောဆိုကြခြင်းသာဖြစ်ပါသည်။ ဓနုတိုင်းရင်းသား လူမျိုးစုသည် တစ်ဦးနှင့်တစ်ဦး နေထိုင်ရာအရပ်ဒေသမည်မျှပင် ခြားနားဝေးကွာပါစေ မူလအရင်းခံစိတ်ဓာတ်မှာ လွန်စွာတူညီမှုရှိသည်ကို လေ့လာတွေ့ရှိရပေသည်။

## ၂၄။ ဘာသာစကား

ဓနုတိုင်းရင်းသားတို့ နေ့စဉ်သုံးစွဲပြောဆိုနေသော ဘာသာစကားသည် များသောအားဖြင့် မြန်မာတို့နှင့်တူပါသည်။ သို့သော် အချို့ ဓနုတိုင်းရင်းသား

တို့ပြောဆိုသုံးစွဲကြသော စကားလုံးများကို မြန်မာတို့ နားမလည်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် မနုတိုင်းရင်းသားတို့ ပြောဆိုသောစကားလုံးများသည် ပေါရာဏ(ရှေးဦးမြန်မာတို့စကား)စကားကို ယနေ့အချိန် အထိ ဆက်လက်သုံးစွဲနေသောကြောင့်ဖြစ်သည်။ စာပေအားဖြင့် မခြားနားသော်လည်း ထိုစာလုံးတို့အား မနုတိုင်းရင်းသားတို့ဖတ်သောအခါအလွန်ခြားနားသွားပေသည်။ မြန်မာတို့၏ 'သ,ရှ'အသံတို့ကို မနုတို့က'ဆ'အသံဖြင့် ဖတ်ခြင်း၊ ဥပမာ- မြန်မာတို့က 'သမီး,ရွှေအိမ်,ရွှေနန်း'တို့ကို မနုတို့က 'ဆမီး,ဆွေအိုင်,ဆွေနန်း' ဟုဖတ်ကြသည်။ ထို့အပြင် မြန်မာတို့က 'အိုက်'ဟူသောအသံကို မနုတို့'အိပ်' ဟူ၍ လည်းကောင်း၊ မြန်မာတို့က 'အိပ်'အသံကိုမူ မနုတို့က 'အိုက်' ဟုလည်းကောင်း ဖတ်တတ်ကြသည်။ ဥပမာ- မြန်မာတို့က 'စိတ်ပျက်သည်'ကို မနုတို့က 'စိုက်ပျက်သည်'ဟုလည်းကောင်း၊ အိပ်ပျော်သည်ကို အိုက်မွေ့သည်ဟူ၍လည်းကောင်း ပြောတတ်ကြသည်။ ထို့အတူပင် မြန်မာတို့၏ အိမ်အသံ၊ အောင်အသံ၊ အီးအသံတို့ကို မနုတို့သည် အိုင်အသံ၊ အောန် အသံ၊ အေးအသံတို့ဖြင့် သုံးနှုန်းပြောဆိုတတ်ကြသည်။ မနုတိုင်းရင်းသားတို့သည် များသောအားဖြင့် စကားပြောရာတွင် 'ဟ'ထိုးအသံကို အသုံး မပြုကြပေ။ အသံပေါ့ အက္ခရာများကိုသာများစွာ အသုံပြုသည်ကို တွေ့ရသည်။ သို့သော် အချို့သော ဝေါဟာရများမှာ မြန်မာတို့ အသုံးပြုလျက်ရှိသော ဝေါဟာရများနှင့် အလွန်ကွဲပြားခြားနားသည်။ ယင်းတို့ကို လက်လှမ်းမှီသမျှ အောက်ပါဇယားဖြင့် ဖော်ပြလိုက်ပါသည်။

| စနူ | မြန်မာ |
|---|---|
| (က) | |
| ကတိ(ကြိဝိ) | အနည်းငယ် |
| ကလိုက်စေ(ကြိဝိ) | မြန်မြန်သွက်သွက် |
| | ကင်ပေါင်းကြော်(ကြိ) အကြော်စုံ |
| ကြက်တင်းဆွဲ(ကြိ) | အာလူးမြေပဲစသည့်သီးနှံ |
| | များစိုက်ပျိုးရန်မြေကိုကျင်းငယ်ပြုလုပ်ထား |
| | သည့်နေရာ |
| ကတော်ကရာ(န) | ကပျက်ကချော်၊ မဟုတ်တရုတ် |

| စနူ | မြန်မာ |
|---|---|
| ကျူကျယ်(ကြိ) | တို့ကနန်းဆိတ်ကနန်းဆော့ကစားသည်။ |
| ကူကူး(ဦးပူး)(န) | ဥသြငှက် |
| ကွင်(ကြိ) | မျက်စိလည်သည်။ |
| ကစပ်ကလပ်(ကြိဝိ) | မတော်တရော် |
| ကတူးကတား(ကြိဝိ) | မိုက်ရူးရဲ၊ မိုက်မိုက်ကန်းကန်း |
| ကျူ(ကွူံ့)ကြိ) | နောက်ကျူသည် |
| ကဲ(ကြိ) | ဝီရိယရှိသည်။ |
| ကပ်(န) | အဖက်အတွဲ |
| ကင်းရေသောက်(ကြိ) | သက်တန့်ပေါ်သည် |
| ကွေ့(ကြိ) | ပွေ့ဖက်သည်။ |
| ကပျက်ကချော်(ကြိဝိ) | အလွဲလွဲအမှားမှား |
| ကရုပ်ကရက်(ကြိ) | တည်ငြိမ်မှုမရှိ။ |

| | |
|---|---|
| | ခွေးခြေမီးလောင်သကဲ့သို့ |
| (ခ)<br>ခေါ့န(ကြိ) | ထုံထိုင်းသည်။ |
| **ခနွ** | **မြန်မာ** |
| ချောင်သံ(န) | ပွဲတင်သံ၊ |
| ခွက်ပွဲ(န) | ခွက်ငယ်၊ |
| ချိုင်(ကြိ) | လျှာရွသည်။ |
| ခေါ့(ကြိ) | နမော်နမဲ့ |
| ခင်အိုး(န) | ဒယ်အိုး |
| ခေါင်းခင်သည်းခြေ(န) | ကြပ်ခိုး |
| ခွက်ကောက်(န) | ကိုင်းပန်းကန် |
| ချွေးခံ(န) | ရှပ်အကျီ |
| ချုံး(ကြိ) | သိမ်းဆည်းသည်။ |
| ခိ(ကြိ) | ထိသည်။ |
| ခင်းဖုံ | မွေ့ရာ |
| | (င) |
| ငံ့(ကြိ) | စောင့်သည်။ |
| ငမ်း(ကြိ) | အကြွေးယူ/ပေးသည်။ |
| ငုံးတွင်း(န) | ဇက်တွင်း၊ ကုပ်တွင်း |
| ငုံးတွင်နက်သည်(ကြိ) | ကပ်စေးနဲသည်။ |

| စနူ | မြန်မာ |
| --- | --- |
| ငိုအူပေါက်သည်(ကြိ) | တငိုတည်းငိုသည်။ |
| ငါးရံ့မွာ(န) | ငါးရံ့ခြောက် |
| **(စ)** | |
| စလိုစလာ(န) | လိုလိုမယ်မယ်၊ လိုရမယ်ရ |
| စင်း(န) | အလေးမဲ့တစ်ဖက်ချိန်ချိန်ခွင် |
| စမွ(စမ္ဗနီ)(န) | ပုရွက်ဆိတ် |
| စို့(န) | ရပ်ကွက် |
| စိန်ချဉ်(သင်ချိန်)(န) | ချယ်ရီ |
| စအူစအီ(ကြိဝိ) | အီလယ်လယ် မနေသာမထိုင်သာ |
| စိုးစိ(ပိုးစိ)(န) | နောက်ချေးပိုး(အကြီး) |
| စောင့်ရန်း(ဉ်း)(န) | စည်းရိုး |
| စိတ်ဆာ(ကြိ) | လွှမ်းဆွတ်တမ်းတသည်။ |
| စိန့်စာ(န) | စာကလေး |
| စော်မိုး(န) | သာမှုနာမှုများတွင်အခမဲ့ထမင်းချက်ကူညီသောထမင်းဟင်းချက် ခေါင်းဆောင် (စားဖိုမှူး) |

| စနူ | မြန်မာ |
| --- | --- |
| **(ဆ)** | |
| ဆာ(ကြိ) | တောင့်တသည်။ |
| ဆေးဆူ (ကြိ) | ဘိန်းရှုသည်(ဆေးရှုသည်) |

| | |
|---|---|
| ဆောင်းမြေးကိုက်(ကြိ) | နာဖျားသည်။ အအေးမိသည်။ |
| ဆောက်ရိုက်(န) | တင်းပုတ်(လက်ရိုက်တုတ်) |
| | (ည) |
| ညောင်း(န) | အကြောင်းအစင်း |
| ညှံ့(ကြိ) | နူးညံ့သည်။ (နူးညံ့သောဆား) |
| (တ) | |
| တစော့(နဝိ) | လက်တစ်ခုပ်စာ။ |
| တတာခြင်း(ကြိဝိ) | |
| | ခဏခဏမကြာမကြာရွှေ့ပြောင်းသည်။ |
| တတင်(နဝိ) | လေးတင်း(စပါး) |
| တလယ်လယ်(ကြိဝိ) | အလီလီတစ်ပိုင်းတစ်ပြတ် |
| တုံပယ်(ကြိ) | နေ့ချင်းပြန် |
| တတ်တိုင်း(ကြိဝိ) | ကိုယ်တိုင် |
| တွက်(ကြိ) | ရေဆူပွက်သည်။ |
| **ခနူ** | **မြန်မာ** |
| တိ(ကြိ) | ညီအောင်ဖြတ်သည်။ |
| တန်းပလစ်(န) | ပရစ်(အကောင်) |
| တု(ကြိ) | စသည်၊ ကျီစယ်သည်။ |
| တော်မိရမ်းဆ(ကြိဝိ) | အရမ်းကရော် |
| တဆွဲ(နဝိ) | ၂၅ပိဿာ(ချိန်တွယ်ရာတွင်သုံးသည်) |

| | |
|---|---|
| တနားတခါ(ကြိဝိ) | ပြတ်တောင်းပြတ်တောင်း<br>တဖက်(နဝိ) ၂-တင်း(နှစ်တင်း) |
| (ထ) | |
| ထော့(ကြိ) | တုံးသည်၊(ဘန်းစကား) ခေါ့နသည်။ |
| ထားမိ(ကြိ) | မှားရှသည်။ မှားမိသည်။ |
| ထမ်းဖိ(ထမိန်)(န) | ထဘီ |
| ထွေးအိုး(န) | ထွေးခံ |
| ထိန်း(ကြိ) | သစ်ပင်ကြီးများကိုခုတ်လှဲသည်။ |
| ထိတ်(ကြိ) | ကန်သည်။ |
| **ခန္ဓ** | **မြန်မာ** |
| (န) | |
| နားပေါက်(ကြိ) | သဘောပေါက်သည်။ |
| နေ့ခလိုက်(ကြိ) | နေ့စားအငှားလိုက်သည်။ |
| နဲ(ကြိ) | စေးနဲသည်။ |
| နောင်းနင်းခတ်(ကြိ) | ဆူဆူညံညံ။ |
| နုန့်(ကြိ) | လှုပ်နေသည်။ မခိုင်မြဲ။ |
| နမိနမျော(ကြိ) | နှမြောသည်။ |
| နွေး(ကြိ) | အခွံနွာသည်။ |
| နမော်နမဲ့(ကြိဝိ) | တော်စွာရော်စွာ |

| | |
|---|---|
| နန်းဥ(န) | မိန်းမသားမြတ်(နို့) |
| | (ပ) |
| ပလစ်ဖုတ်(ကြိ) | မြေကိုတွင်းငယ်လုပ် (ကြက်တွင်းဆွဲ)ပြီး နွားချေးစသည် |
| | လောင်စာများထည့် သွင်း၍မီးဖုတ်သည်။ |
| ပုတ်ပတ်(ပုတ်ဖတ်)(ကြိ) | ညစ်ပတ်သည်။ |
| **ခနဲ** | **မြန်မာ** |
| ပတောင့်ပတေ(နဝိ) | တင့်တောင့်တင့်တယ် |
| ပွဲ့(နဝိ) | ငယ်သော |
| ပေါ့ပေါ့(ကြိဝိ) | မြန်မြန်သွက်သွက် |
| ပိုးမယ်မုန်း(ပိုးရေမုန်း) | ပိုးစုန်းကြူး |
| ပေါက်ချပ်(န) | မားထည့်ပြီး ခါးတွင်ပတ်သည့်ပလိုင်းငယ် |
| ပျက်ကစီး(ပျက်စီး)(န) | နံနံပင်(ရှမ်းစကားသက်) (ပြက်စီး) |
| ပွန်(ကြိ) | ကျော်လွန်သည်၊ ကျော်လွှားသည်။ |
| ပေ(ကြိ) | တုံးသည်။ မားတုံးသည်။ |
| ပေါက်လက်ခွာ(ကြိ) | ယာမြေအကြမ်းထည်ထိုးသည်။ |
| ပေါက်လက်ခဲ(န) | ထယ်ချေးဖတ်၊ |
| ပစိပစော့(ကြိဝိ) | ပေါက်တတ်ကရ |
| ပိုးစိ(န) | ဖိုးလမင်းပိုး |
| | |

| ခနွ | မြန်မာ |
|---|---|
| (ဖ) | |
| ဖိုင်(ကြိ) | တအားလွဲရိုက်သည်။ |
| ဖျောက်ျှ(န) | မြေသယ်သည့်တစ်ဘက် ထမ်းခြင်းတစ်မျိုး |
| ဖျူး(န) | နဖူးကိုသိမ်း၍လွယ်သည့်ပလိုင်းကြိုးပြား |
| ဖပွဲ(န) | အဖေ့ညီ |
| ဖိုးသိုးဖာသာ(ကြိဝိ) | မသိမသာ |
| ဖြုံသီး(န) | ကျောက်ဖရုံသီး |
| ဖျော(ကြိဝိ) | တစ်သုတ်တည်း။ |
| | (မ) |
| မိငဲ(န) | မွေးစမိန်းကလေး |
| မိနို(န) | အပျိုအရွယ်မိန်းကလေး |
| မွေ့ကီး(မို့ကီး)(န) | အမေအမ |
| မကာတရာ(ကြိဝိ) | မဆန့်မပြဲ |
| မယ်န(န) | အိမ်ရိုက်သံ |

| ခနွ | မြန်မာ |
|---|---|
| မှောက်(ကြိ) | မျှော်သည်။ |
| မျက်စိဆာ(ကြိ) | တွေ့မြင်လိုသည်။ |
| မျောက်ဉ(န) | ကန့်စွန်းဉ |
| မြညိုဖက်(န) | မီးမကင်ဘဲအလိုအလျောက် ခြောက်သည့်ဖက် |

| | |
|---|---|
| မြော်(ကြိ) | မြင်သည်။ |
| မွတ်သည်(ကြိ) | ဆာသည်။ (အစာစားလိုသည်) |
| မွန်သံ(န) | ဟောက်သံ(အိပ်နေစဉ် ဟောက်သံ) |
| မရောင်းမရဲ(ကြိ) | ဆာသည်။(အစာစားလိုသည်။) |
| မထိနိုးနာ(ကြိ) | မမဲ့တမဲ့ |
| မထိနိုးနာ(ကြိဝိ) | နာသာခံခက်အောင်(ပြော၍) |
| မက်မန်းဥ(န) | စားရသောကယဉ်ဥ<br>(ကယဉ်=ပုရွက်ဆိတ်တစ်မျိုး) |
| မုံလာထုပ်(န) | ဂေါ်ဖီထုပ် |

| ဓနု | မြန်မာ |
|---|---|
| **(ယ)** | |
| ယရှံ့(ကြိ) | ဟန်လုပ်သည်။ |
| ယုန်နံ(န) | ပူစီနံ(ဖက်လွန်) |
| ယစ်(ကြိ) | အီသည်။ |
| ယာဇူ(န) | ချိန်ခွင်ကြီး |
| **(ရ)** | |
| ရမ်းဆ(ကြိဝိ) | အလွန်၊ သိပ် |
| ရှိုး(ကြိ) | ဦးဆောင်သည်၊ လမ်းညွှန်သည်။ |
| ရှိုးပြ(ကြိ) | လိုက်ပြသည်။ |
| ရှာထမ်းပိုးကြိုး(ကြိ) | လူသေသည်။ |

| | |
|---|---|
| | (လ) |
| လူပွဲ့လက်ကျူ(န) | ကလေးကစားစရာ |
| လွေ့(န) | စပါးကြိတ်သည့်ကိရိယာ |
| လနာ(ကြိ) | လငပုတ်ဖမ်းသည်။ |
| လဖက်ကမ်း(ကြိ) | ဖိတ်ကြားသည်။ ဖိတ်စာကမ်းသည်။ ဖိတ်မန္တကပြုသည်။ |
| လူဦးပေါက်(ကြိ) | ပထမဆုံးလူရောက်လာသည်။ |
| **ခန္တီ** | **မြန်မာ** |
| လော(ကြိ) | လွှင့်ပစ်သည်။ စွန့်ပစ်သည်။ |
| လက်အီးပေါက်(ကြိ) | ခူနာဖြစ်သည်။ |
| လုံးဗွေ(န) | စားရသည့်ပင်စိမ်းရွက်တစ်မျိုး |
| လွေး(ကြိ) | အားပါးတရစားသည်။ |
| လူပွဲ့စွဲ(န) | ကိုယ်ဝန်ဆောင်သည် |
| လုပ်တိုင်း(န) | သချိုင်း |
| လက်တင်သီး(န) | ကုလားကင်ပွန်းသီး၊ဆပ်ပြာသီး |
| (ဝ) | |
| ဝါ(ကြိ) | မဟုတ်မမှန်ပြောသည်။ (အကျိုးမဲ့စေရန်မရည်ရွယ်) |
| ဝေ့(ကြိ) | လည်ပတ်နေသည်။ |
| ဝဲ(ကြိ) | လွှင့်ပစ်သည်။ |
| ဝမ်းစူး(ကြိ) | လေထိုးလေနာသည်။ |

| | |
|---|---|
| | (သ) |
| သချင်းအော်(ကြိ) | သီချင်းဆိုသည်။ |
| ဓနု | မြန်မာ |
| သွေးသောက်ဝတ်(န)<br>သားတော်(န)<br>သမီးတော်(န) | အသုဘကူငွေ<br>တူ<br>တူမ |
| (ဟ)<br>ဟေ(နာမ်စား)<br>ဟုပ်(ကြိ)<br>ဟာ(နာမ်စား)<br>ဟယ်(နာမ်စား) | <br>သည်။ ဤ။ ဒီ<br>သောက်သည်။(ဟင်းရည်စသည်)<br>ဘာ(ဘာလုပ်မလဲစသည်)။<br>ဘယ်(ဘယ်သွားမလဲစသည်)။ |
| (အ)<br>အ(ကြိ)ခွံ့သည်<br>အဖြေသယ်(န)<br>အရွဲ့(ကြိဝိ)<br>အရွဲ့ရွဲ့(ကြိ)<br>အစိမ်းရောင်း(ကြိ)<br>အိ(ကြိ)<br>အီ(ကြိ) | <br>(ကလေးကိုထမင်းပေးသည်)<br>အနှိပ်သည်<br>တမင်၊ တကူးတကတမင်သက်သက်<br>ကျီစားသည်။<br>ပင်ထောင်ရောင်းသည်။<br>လှည့်သည်။ (ဂျင်စသည်)<br>မွတ်နေအောင်လည်သည်။ |

| ခနွဲ | မြန်မာ |
|---|---|
| | (အိထားသဖြင့်အိနေသည်) |
| အော့ထ(ကြိ) | အူတူတူအတတ |
| အောန်ငဲ(န) | မွေးစကလေး(ကျား) |
| အောန်နိ(န) | အရွယ်မရောက်သေးသော ယောကျ်ား လေး |
| အခါးရေ့(န) | ရေနွေးကြမ်း |
| အနောင်(န) | ခဲအို |
| အပေါ်စီး(န) | တိုက်ပုံအင်္ကျီ |
| အဆောင်(န) | ဓားရိုး |
| အမိုက်လဲ(န) | တံမြက်စည်းလှည်း |
| အသဲထားမကောင်း(ကြိ) | စိတ်ထားမကောင်း |
| အသဲယား(ကြိ) | နှလုံးတုန်သည်။ လန့်သည်။ |
| အသဲပေါ်(ကြိ) | စိတ်ကောက်သည်။ |
| အာခေါ်င်သီး(န) | လျှာခင် |
| အားခလိုက်(ကြိ) | နေ့စားလိုက်သည်။ အငှားလိုက်သည်။ |
| အိပ်ဖလား(န) | လွယ်အိတ်ကြီး |

| ခနွဲ | မြန်မာ |
|---|---|
| အီကုတ်(န) | စားရသည့်နောက်ချေးပိုးကောင် |
| အော်ကျယ်(န) | အသံချဲ့စက် |
| အောက်ကျင်း(န) | မြေပြန့်ဒေသ |

| | |
|---|---|
| အိပ်နိုးပြေ(ကြို) | အိပ်ရေးဝသည်။ |
| အိပ်မွေ(ကြို) | နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သည် |
| အကျီခါးတို(န) | မိန်းမဇာဘော်လီ |
| အောင်း(ကြို) | ပုန်းသည်။ဝှက်သည်။ |
| အိပ်ငတ်(ကြို) | အိပ်ရေးပျက်သည်။ |
| အိမ်ခြေလယ်(ကြို) | တစ်အိမ်တက်ဆင်းလျှောက်လည် သည်။ |
| အူထ(ကြို) | ဒေါသထွက်သည်။ |
| အချင်းဆိုး(ကြို) | စိတ်သဘောယုတ်သည်။ |
| အယ်(ကြို) | နွဲ့သည်။မူယာမာယာများသည် |
| အေ(အာလုပ်) | 'ဟုတ်ကဲ့'ဟုထူးသော အာလုပ်တစ်မျိုး |
| **ဓနု** | **မြန်မာ** |
| **(ဥ)** | |
| ဦးနောက်(န) | ဦးနှောက်(အုံးနောက်) |
| ဦးတိုး(ကြို) | ရှေ့သို့တိုးသည်။ |
| ဦးမင်းလေး(န) | အမေ၏မောင် |
| ဦးမင်းကြီး | အမေ၏အစ်ကို |
| **(ဧ)** | |
| အေးဟာ(နာမ်စား) | ၄င်းဟာ(အေးသာ) |
| အေးဥစ္စာ (နမ်စား) | ၄င်းဥစ္စာ |
| အေးမာ(နာမ်စား) | ၄င်းနေရာမှာ |
| အေးလူ(နာမ်စား) | ၄င်းလ |

| | |
|---|---|
| (နောက်ဆက်တွဲ) | |
| ကွဲင်(န) | အစ်ကို |
| ကတောက်ကတက်(ကြိဝိ) | စကားမှန်စွာမပြော |
| ကချွန်းကလွှန်း(နဝိ) | အသုံးမကျသူ |
| ကျောင်းပြန်သည်(ကြိ) | ကျောင်းသွားသည် |

| ဓနု | မြန်မာ |
|---|---|
| ကဆော(န) | တစ္ဆေ |
| ကတိပွဲ့(နဝိ) | အနည်းငယ် |
| ကျွဲမြီးကူ(န) | ကျွဲအကောင်းစား |
| ကမ်း(ကြိ) | ယူပေးသည် |
| ကင်းဆီးသည်(ကြိ) | ရွှေကြိုးတားသည် |
| ကြော့(န) | သူကြီး |
| ကြပတော့(ကြိဝိ) | နဂိုအတိုင်း (ပကတိ) |
| ကျောင်းကာ(န) | ကျောင်းဒကာ |
| ကျောင်းကာမ(န) | ကျောင်းဒကာမ |
| ခြေရှည်သည်(ကြိ) | အသွားအလာများသည် |
| ခင်(ကြိဝိ) | မသွားခင် |
| မခင်(ကြိဝိ) | ယခင်က |
| ချဲချဲ(ကြိဝိ) | ချည်းချည်း(သီးသန့်) |
| ခြေကျစ်လုံး(န) | အပ်ချည်လုံး |
| ခွယ်သည်(ကြိ) | အားကျသည် |
| ခေါန်းထုပ်(န) | ဦးထုပ် |

| ချွေးခန်း(န) | တံတွေး၊သလိပ် |
|---|---|
| **ဓနု** | **မြန်မာ** |
| ချေး(န) | မစင် |
| ချွပေး(ကြိ) | မ,ပေး |
| ဂေါ့ကလန်(န) | ယောင်းမ |
| ဂယ်ပေါက်(န) | မလွယ်ပေါက် |
| စပ်တီးစပ်ဖာ | မဟုတ်မဟတ် |
| စလောင် | ပါးစပ် |
| စလောင်ပူ | မြည်တွန်တောက်တီးသည် |
| စငယ်ပဲ့ | လူငယ်ကလေး |
| စောကူ | အမှိုက်ကျုံးဘမ်း |
| စောင်ရန်း | စည်းရိုး |
| စောင်ရဥ်းရံ | စည်းရိုးကာ |
| စံပြယ် | စိတ်ပျက်သည် |
| ဆိုး | ပျက်စီး |
| တလဲလဲ | ထပ်ခါခါ |
| တဒါချဲလုပ်သည် | တစ်မျိုးတည်းကို ထပ်ခါခါလုပ်၏ |
| တို့ဖ | အဖေ |
| တို့မေ | အမေ |
| **ဓနု** | **မြန်မာ** |
| တဲအိုင် | တိမ်၊ တဲတိုင်၊ တိုင် |

| | |
|---|---|
| တအားၤတအားလောက် | ခေတ္တခဏ၊ |
| တံတင်း | သေတ္တာ |
| တို့နောင် | အစ်မ၏ခင်ပွန်း |
| တလွင်း | တူးရွင်း၊ |
| တစောင် | ငေါင်း၊ ပေါင်းနှုတ်ငေါင်းသွား |
| တောလိုက် | တိုးရွှေ့လိုက်၊ပြောင်းရွှေ့သည် |
| တဖြုတ် | ခဏ |
| တလင်းသား | လင်မရှိဘဲမွေးသည့်ကလေး |
| တလက် | တပြင်လုံး |
| ထမ | ဓားမ |
| ထမ်းဖိ(န) | ထဘီ |
| ဒုတ်မီး | လက်နှိပ်ဓာတ်မီး |
| နှာစီးဆောင်းမွေး | အအေးမိနှာစေး |
| နောက်နက်ခတ်သည်(ကြို) | ရှုတ်ပွေသည် |
| နေအိုင် | နေအိမ် |
| နေကောင် | နှစ်ကောင် |
| **ဓနု** | **မြန်မာ** |
| နင်အားကြီးအော့အဲရီးပဲ | နင်အလွန်ထုံတာဘဲ |
| ပုတ်လွန်းသည်၊ဝါလွန်းသည် | အပိုစကားပြောသည် |
| ပေါလိန်း | မှီခိုရသူ၊ ကျေးဇူးပြုသူ |
| ပြုံကျ | ဆူ၍ကျ |
| ပလောင်း | ပြောင်း(မီးပလောင်း=မီးပြောင်း) |

| | |
|---|---|
| ပေါင်းထုပ် | ခေါင်းပေါင်းတဘက် |
| ပြဲ | ခဏခဏ (တပြဲပြဲငိုနေ) |
| ဖအို(န) | အဘိုးအို |
| ဖပဲ ၊ ဖထွေး | အဖေ့ညီ |
| ဖကီး | အဖေ့အစ်ကို |
| ဖဆိုး | လုံချည်(ကျား) |
| ဖောင်းဖိ | ဘောင်းဘီ |
| ဖော့ | အူတူတူ၊အတတ |
| ဖာကြောင်းသိ | ဘာအကြောင်းမှန်းမသိ |
| ဗွေ | ငယ်ထိပ် |
| ဘဏ်ချည်ကြိုး | ဂုံနီကြိုး၊ ဂုံလျှော်ကြိုး |
| ဘဏ်နီအိပ် | ဂုံနီအိပ် |
| **ခနွ** | **မြန်မာ** |
| ဘက်တိုး | ဘာလဲ |
| ဘအို | အဘိုး |
| မအိုတတ်ဘူး | အရွယ်တင်သည် |
| မွေ့အို၊အပေါင်(န) | အဘွားအို |
| ပွဲလုပ်(ကြီ) | အလှူလုပ် |
| နောင်(ကြီ) | ဆူညံ |
| မင်းခွက်(န) | ထမင်းစားသည့်ခွက် |
| မို့ | မဟုတ် |
| မိုင်းအိမ်ပျံ | မီးပုံးပျံ |

| | |
|---|---|
| မီးဆော် | မီးတုတ် |
| မတန်ဘူး | မတော်ဘူး |
| စိတ်မနွေး(ကြို) | စိတ်လက်မအေး |
| စိတ်ပီးကိုယ်ပိုင်(ကြိဝိ) | စိတ်ချလက်ချ |
| ယော် | အမှည့်လွန် |
| ယွန်းပေါက် | ခြံဝင်းအဝင်အထွက်ပေါက် |
| ယာတောတိုက် | ယာပြောင်း၊လုပ်ကွက်ပြောင်း |
| ဝမ်းတောင့်ဝမ်းနည်း(ကြို) | ကြေကွဲဝမ်းနည်း |
| **ဓနု** | **မြန်မာ** |
| လွှမ်းဖုံ(နှ) | ဂွမ်းကပ် |
| လူပွဲသူငယ် | ကလေးသငယ် |
| လုံး | ဖူးနေသည် |
| လူးသည်(ကြို) | ပေကျံနေသည်၊ ရောနှောသည်၊ |
| လက်ဆွဲပျက် | လူပျက်၊လူရွှင်တော် |
| သမိုင်းဆိုး | နတ်စင်ပျက် |
| သံပုရာပိုင်း | ဒယ်အိုး |
| သိပ် | မွတ်၊ငတ် |
| သငယ် | သေးငယ် |
| အညောင်းအညောင်းနဲ့ | အစင်းကြောင်းများနဲ့ |
| အူအသည် | ညာဏ်ထိုင်းသည် |
| အောင်ငဲနီ | မွေးကင်းစကလေးငယ် |
| အုပ်(နှ) | ရက်ကွက်၊ အပိုင်း |

| | |
|---|---|
| ဆေးကတ္တူ | အဖျားဖြတ်ဆေးခါးတောင့် |
| အချဲချဲ | အလကား |
| အပေါ်အပဲ | ဈေးအလွန်နည်းသည် |
| အဖော့ | အူတူတူ |
| အထော့ | အတတ |
| **မနု** | **မြန်မာ** |
| အပ်ချော | အပ်ချည် |
| အိုးဒုတ် | အိုးကြီးစဥ့်အိုးကြီး |
| အိုးချမ်းကွဲ | အိုးကွဲ |
| အကောင်ကိုက်တယ် | ကိုယ်ခန္ဓာညောင်းကိုက်တယ် |
| စားချိုသည်(ကြိယာ) | စားမြိန်သည်၊ စားကောင်းသည်။ |
| တက်ကော်ကလန်(ကြိယာ) | ကလန်ကဆန် |

အထက်၌ပြဆိုခဲ့ပြီးသည်မှာ မနုတိုင်းရင်းသားများ နေ့စဉ်သုံးစွဲ လျက်ရှိသော ဝေါဟာရများကို မြန်မာတို့ နေ့စဉ်သုံးစွဲသော ဝေဟာရများ နှင့် နှိုင်းယှဉ်ထားခြင်း ဖြစ်သည်။ လက်လှမ်းမှီသမျှ တင်ပြထားခြင်းဖြစ်သည်။ မနုတိုင်းရင်းသားများ ပြန့်နှံ့နေထိုင်ရာ အရပ်ဒေသများအလိုက် အခြားသော စကားလုံးများ များစွာရှိပါ သေးသည်။ မနုတိုင်းရင်းသားများ အသုံးပြုသောဝေဟာရများအနက်အချို့မှာ မြန်မာဝေါဟာရများနှင့် အလွန်ခြားနားပေသည်။ အက္ခရာတူညီစွာ အသုံးပြုခဲ့ ကြသော်လည်း အသံကွဲ, အဓိပ္ပါယ်ကွဲသောကြောင့် မနုတိုင်းရင်းသားတို့ အသုံးပြုသော ဝေါဟာရများကို 'အသံကွဲမြန်မာစကား'ဟု ခေါ်တွင်လေသည်။

ထို့အပြင် ဓနုတိုင်းရင်းသားတို့ ပြောဆိုသုံးစွဲလျက်ရှိသော ဝေါဟာရများသည် ရှေး ဦးမြန်မာစကား (ပေါရာဏစကား)နှင့် အလွန်တူညီသည်ကို တွေ့ရ သည်။ ယင်းဝေါဟာရများကို အလွန်ရှေးကျသော မြန်မာကျောက်စာအချို့တွင် တွေ့ရသည်။

သို့ဖြစ်၍ ဓနုတိုင်းရင်းသားတို့သည် ရှေးမြန်မာတို့သုံးစွဲသော ဝေါဟာရများကို ယနေ့အချိန်အထိ ဆက်လက်သုံးစွဲနေသူများသာဖြစ်ပါ ကြောင်းလေ့လာ တင်ပြအပ်ပါသည်။

**အခန်း ၂ ပြီး၏။**

## အခန်း(၃)

### ဉး၁၊ဘာသာရေး

မနုတိုင်းရင်းသားတို့ ယုံကြည်ကိုးကွယ်မှုနှင့်စပ်လျဉ်း၍ လက်လှမ်းမီသမျှ တင်ပြရသော်- မနုတိုင်းရင်းသားတို့သည် ရှမ်းမြေလပ်ဒေသ၌ သမိုင်းမတင်မီ ခေတ်မှ စတင်နေထိုင်ခဲ့ကြသကဲ့သို့ ယုံကြည်ကိုးကွယ်မှုတွင်လည်း ဗုဒ္ဓဘာသာကို သာသနာနှစ် အစောပိုင်းကတည်းက ကိုးကွယ်ခဲ့ကြသည်ကို အောက်ပါ အထောက်အထားများဖြင့် သိရှိရသည်။

"ရွှေဥမင်ဘုရားသမိုင်းအဆိုအရ အဇာတသတ်မင်းသည် အရှင်မဟာ ကဿပ မထေရ်မြတ်နှင့်အတူ စုဆောင်းထားတော်မူခဲ့သော မြတ်စွာဘုရားရှင်၏ ဓာတ်တော်များကို သီရိဓမ္မာသောကမင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်တွင် အလွှန်တန်ခိုးကြီးသော ရဟန္တာ ဣန္ဒဂုတ္တ မထေရ်၏ညွှန်ပြရာဒေသဖြစ်သော အနောတ္တနဂါးမင်း၏ အမိဌာန်ဖြင့်ထားခဲ့သည့် နာဂမိဌာန်ပုန်းတလုပ် ရေကန် အနီးရှိ ရွှေဥမင်သဘာဝ လှိုဏ်ဂူအတွင်း၌ စေတီတစ်ဆူကို ပထမတည်ထား တော်မူခဲ့သည်"။

ထိုသမိုင်းအဆိုအရ မြန်မာနိုင်ငံသို့ မြတ်ဗုဒ္ဓ၏သာသနာတော် ဒုတိယ အကြိမ်ရောက်ရှိရာဒေသမှာ ရှမ်းမြေလတ်ဒေသပင်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ရှမ်းမြေလတ်ဒေသ၌ ဗုဒ္ဓဝါဒဂိုဏ်းကွဲများ၊ မဟာယာန သာသနာများ အရိပ် အယောင်မျှ မတွေ့ရခြင်းကို ထောက်ဆခြင်းအားဖြင့် ထေရဝါဒသာသနာ တော်သာလျှင် စတင်ထွန်းကားခဲ့သည်ဟု ဆိုနိုင်ပေသည်။ရွှေဥမင်သဘာဝ လိုဏ်ဂူအတွင်းရှိ စေတီတော်ကိုလည်း မိရိုးဖလာအစဉ်ဆက်မှယနေ့တိုင် အောင်"အသောကစေတီ"ဟု အခိုင်အမာပြောဆိုလျက်ရှိကြလေသည်။

ထိုလိုဏ်ဂူအတွင်းမှာပင် ပုဂံပြည့်ရှင် အလောင်းစည်သူ မင်းကြီးသည် စေတီတစ်ဆူ လှူဒါန်းပူဇော်ခဲ့လေသည်။ ထိုစေတီမှာလည်း ယနေ့တိုင်ထင်ရှား ရှိနေပေသည်။

ထို့ပြင် အလောင်းစည်သူမင်းကြီး ရှမ်းပြည်ဒေသသာသနာပြုခရီးစဉ်အတွင်း ရွှေဘုရားကိုးဆူ၊ မြဘုရားကိုးဆူတို့ကိုလည်း တည်ထားကိုးကွယ်တော်မူခဲ့သေးသည်။ ရွှေကိုးလုံးဖြင့် ရွှေဘုရားကိုးဆူ၊ မြကိုးလုံးဖြင့် မြဘုရားကိုးဆူတည်ထားခြင်းဖြစ်သည်။ ရွှေဘုရားကိုးဆူမှာ(၁) ရွှေဥမင်ဘုရား၊ (၂)ရွှေကြက်ယက်ဘုရား၊(၃) ရွှေကြက်ဥဘုရား၊ (၄)ရွှေမြင်တင်ဘုရား၊ (၅)ရွှေဂူကြီးဘုရား၊ (၆)ရွှေအင်းလုံဘုရား၊(၇)ရွှေပုပ္ပါးဘုရား (၈)မြောက်ရွှေပုထိုးဘုရား (၉)တောင်ရွှေပုထိုးဘုရားတို့ ဖြစ်သည်။

မြဘုရားကိုးဆူမှာ (၁)မြစေတီ (၂) မြပေါဓော (၃)မြမျက်ရှင် (၄)မြသပိတ် (၅)မြသလွန် (၆)မြကြီး(ယခုယကြီး)၊ (၇)မြသကြည် (ယခုယစကြည်)၊ (၈)အရှေ့မြသိန်းတန်နှင့် (၉)အနောက်မြသိန်းတန်တို့ ဖြစ်သည်။

ထိုရွှေဘုရားကိုးဆူ၊မြဘုရားကိုးဆူအနက်မှ ပင်းတယမြို့၌တည်ရှိသော ရွှေဥမင်ဘုရားသည် အထင်ရှားဆုံးဖြစ်၏။ရွှေကြက်ဥဘုရားသည် ရွာငံမြို့တောင်ဘက် ဆယ်မိုင်ခန့် မြိုင်ကျေးရွာမှ အရှေ့ဘက်ဖြူ ချောင်ကျေး ရွာ၊ရွာဦးကျောင်းတွင် တည်ရှိသည်။ နောင်ချိုမြို့ တောင်ဘက်တွင်တည်ရှိသော ရွှေမြင်တင်ဘုရားနှင့်ရွှေကူ(ဂူ)ကြီးဘုရားတို့သည်လည်း ထင်ရှားစွာတည်ရှိ နေပေသည်။ ထိုသီရိခမ္မာသောကမင်း၊ အလောင်းစည်သူမင်းတို့ကဲ့သို့ပင် နရပတေ့စည်သူမင်းသည်လည်း ရှမ်းပြည်နယ်တွင် စေတီပေါင်း(၄၂)ဆူတည်ထားကိုးကွယ်ခဲ့သည်ကို စေတီတော်များတည်ရှိရာအရပ်ဒေသ၌ ပေမူဖြင့် ရေးသားထားသောအထောက်အထားများကို တွေ့ရှိရပြန်သည်။ ယင်းကိုရှေ့၌ ပြဆိုပြီးဖြစ်သည်။

အထက်ပါသမိုင်းတို့ကိုထောက်ဆ၍ ရှမ်းမြေလတ်ပိုင်းသာသနာ အစသည် ဘီစီ-(၂၇၃)ခန့်က စတင်ခဲ့သည်ဟု ယူဆနိုင်ပေသည်။ မိရိုးဖလာ သမိုင်းအရလည်းကောင်း၊ သာသနိကအဆောက်အဦစေတီပုထိုးများတည်ထားမှုအခြေအနေကိုကြည့်၍လည်းကောင်း ဒေသနေသူများက မြေလတ်ပိုင်း ဒေသသည် လက်ညိုးညွှန်ရာ စေတီပုထိုးများ ရှိခြင်း၊ မရေမတွက် နိုင်သော စေတီပုထိုး

များရှိခြင်းတို့ကို ကြည့်၍လည်းကောင်း၊ ပုဂံပြည် (ယခုညောင်ဦးအနီးရှိ) ငှက်ပစ်တောင်ဘုရား၌ "ပင်းတယသို့"ဟူသောဆိုင်း ဘုတ်ကိုကြည့် ၍ လည်းကောင်း ပင်းတယမြို့ရှိရွှေဥမင်သဘာဝလိုဏ်ဂူအတွင်း"ပုဂံလမ်းဆုံး" ဟူသော သင်္ကေတဆိုင်းဘုတ်ကိုကြည့်၍လည်းကောင်း ပုဂံနှင့်ခေတ်ပြိုင်ဟုဆိုလျှင် လည်းဆိုနိုင်ပါသည်။

ခနုတိုင်းရင်းသားများသည် ဗုဒ္ဓဘာသာကို ရဟန်းတော်များနှင့် လက်တွဲ ပူးပေါင်းလျှက် ခေတ်အဆက်ဆက်ထိန်းသိမ်းလာခဲ့သည်ကို မြေလပ်ဒေသတွင် မြို့အလိုက်ကျင်း ပလျှက်ရှိသော စာပြန်ပွဲတော်များက သက်သေခံလျက်ရှိသည်။ ယင်းတို့ကိုထောက်ဆခြင်းဖြင့် ခနုတိုင်းရင်းသားတို့၏ ဗုဒ္ဓဘာသာကို လေးလေး နက်နက်ယုံကြည်ကိုးကွယ်ကြခြင်းကို အကဲခတ်သိရှိနိုင်ပါသည်။

ခနုတိုင်းရင်းသားတို့သည် ရတနာသုံးပါးမှတစ်ပါး အခြားကိုးကွယ် ရာမရှိဟု ယုံကြည်ကြသည့်အလျှောက် နတ်ကိုးကွယ်မှုလုံးဝ မရှိပါပေ။ ခနုတိုင်း ရင်းသားတို့ နေအိမ်တွင် နတ်စင်များမတွေ့ရပေ။ သို့သော်နတ်ဆိုးနတ်ကောင်း များရှိသည်ဟုကား ခနုတို့ယုံကြည်ကြသည်။ ယင်းသို့ ယုံကြည်ကြသည့် အလျှောက် နတ်ဆိုးတို့၏ အနှောက်အယှက်မှ ကင်းစေခြင်းငှာလည်းကောင်း၊ နတ်ကောင်းတို့၏ ချီးမြှောက်မှုကိုရစေခြင်းငှာလည်းကောင်း ယင်းနတ်တို့ကို မိမိတို့၏ မိတ်ဆွေဆွေမျိုးတို့ကဲ့သို့ ဆက်ဆံကြလေသည်။ယင်းကဲ့သို့ ဆက်ဆံ ခြင်းဖြင့် ထိုနတ်တို့က မိမိတို့အား ပြန်လည်စောင့်ရှောက်လိမ့်မည်ဟု အယုံ အကြည်ရှိကြသည်။ သို့ဖြစ်၍ ရွာထိပ်တွင် နတ်စင်ထိုး၍ သစ်သီးဝလံများကို နှစ်စဉ်နှစ်တိုင်း ရွာအတွင်းရှိအိမ်များမှ နည်းနည်းစီစုပေါင်း၍ မ,စလေ့ (ပေးကမ်း လေ့) ရှိကြသည်။ နတ်ကန္ဒားပေးခြင်း၊ နတ်ပွဲကျင်းပခြင်းများလည်း ခနုတို့ဒေသ၌ လုံးဝမတွေ့ရပါချေ။ ထို့ကြောင့် ခနုတိုင်းရင်းသားတို့ဒေသ၌ နတ်တို့အား ပစ္စည်း ဝတ္ထုတို့ဖြင့် တင်မြှောက် ပူဇော်ပသကိုးကွယ်ခြင်းပြုသည်ဟု ယူဆ၍မရပေ။ စာဂ-စွန့်ကြဲပေးကမ်းခြင်းမျှသာ ဖြစ်ပါသည်။

မနုတိုင်းရင်းသားတို့သည် မိမိတို့ အသက်ရှင်နေနိုင်ရေးနှင့် စားဝတ်နေရေးတို့အတွက် နေ့စဉ်သွားလာ လှုပ်ရှားနေကြရသော်လည်း ၎င်းတို့၏ ရည်မှန်းချက်ကား ကုသိုလ်ဒါန အလှူအတန်း မပျက်ပြုလုပ်နိုင်ရေး ပင်ဖြစ်သည်။ ဘာသာရေးနှင့်စပ်လျဉ်း၍ ပြုလုပ်ကြသောပွဲတော်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) တာတက်ပွဲ
(ခ) တန်ဆောင်တိုင်ပွဲတော်နှင့်ကထိန်ပွဲတော်
(ဂ) စာပြန်ပွဲတော်
(ဃ) ရှင်ပြုပွဲတော်

## (က)တာတက်ပွဲတော်

မနုတိုင်းရင်းသားတို့ တာတက်ပွဲတော်ဆိုသည်မှာ မြေလတ်ဒေသ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် နေထိုင်လျှက်ရှိကြသောတိုင်းရင်းသား "မနု" တောင်ရိုး၊ပအိုဝ်းလူမျိုးများ မိမိတို့ပတ်ဝန်းကျင် မိမိတို့ကျေးရွာအတွင်းက ဘုရားပုထိုးစေတီများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက် စုပေါင်းလှူဒါန်းကြခြင်းဖြစ်သည်။

ထိုတာတက်ပွဲသည် မြေပြန့်အရပ်ဒေသများကဲ့သို့ သကြံန် ရေပက်ကြခြင်းမျိုးမရှိပေ။ ရိုးရာ နှစ်သစ်ကူးပွဲတော်တစ်ခုသာဖြစ်သည်။ တာတက်ပွဲရက်ကို တန်ခူးလနှစ်ဟောင်းကုန်ရက် အတာသကြံန်အတက်နေ့မှစ၍ ကဆုန်လပြည့်နေ့အထိ သတ်မှတ်ထားသည်။ ဘုရားပုထိုးစေတီတော်များ သို့မဟုတ် ရွာဘုန်းကြီးကျောင်းဝင်းအတွင်း၌ ဈေးဆိုင်များခင်း၍ တစ်ရွာနှင့်တစ်ရွာ လက်စားချို (လက်စားခို)လက်စားဆပ် (အပြန်အလှန်)စနစ်ဖြင့် ရှေးအစဉ်အလာမပျက် ရွာစဉ်ဆက်၍ လှည့်လည် အရောင်းအဝယ်ပြုလုပ်ကြခြင်းဖြစ်သည်။

တာတက်ပွဲပြုလုပ်ကျင်းပပုံမှာ သံဃာတော်များအား ဆွမ်းကပ် လှူဒါန်းခြင်း၊ ဘုရားအား ရွှေသကၤန်းကပ်လှူခြင်းမှစ၍ လှူဒါန်းဖွယ်ဝတ္ထုအမျိုးမျိုး (မိမိတို့ခြံထွက် သီးနှံများပါ)ကိုပဒေသာပင်ပြုလုပ်၍ လှူဒါန်းပူဇော်ပြီး ရေစက်သွန်းချ အမျှဝေခြင်းတို့ဖြစ်သည်။

ထိုပဒေသာပင်နှင့် လှူဒါန်းဖွယ်ဝတ္ထုတို့ကို ယောက်ျားကြီး၊ မိန်းမ ကြီး၊ လူလင်ငယ်၊ လုံမငယ်နှင့် အပျို(မိန်းမပျို) လူပျိုတို့မကျန် တပျော်တပါး ဘုရားပုထိုးစေတီတော်များသို့ ယူဆောင်လာကြပြီး ဘုရား(သို့မဟုတ်) ကျောင်းကိုလက်ျာရစ်လှည့်၍ အိုးစည်,ဆိုင်း (အိုးစည်ဆိုင်းဆိုသည်မှာ ဓနုအိုးစည်တစ်လုံး၊ ဝါးလက်ခုပ်သုံးလေးခု လင်ကွင်းတစ်စုံ မောင်းကြီး တစ်လုံးပါဝင်သော ဓနုရိုးရာတူရိယာတစ်မျိုးဖြစ်သည်)၊ အကအခုံတို့ဖြင့် အလှူလှည့် ကြသည်။ (ထိုသို့ အလှူလှည့်ကြသည်ကို အလှူစုံသည်။ (တစ်နည်း)ပွဲတက်သည်ဟု ခေါ်ကြသည်။) ဤရွာမှ အထက်ဖေါ်ပြပါအတိုင်း တာတက်ပွဲ ပြုလုပ်ကျင်းပလျှင် ဆယ်မိုင်ဆယ့်နှစ်မိုင်အတွင်းရှိ အခြားဓနု (တောင်ရိုး)ကျေးရွာများကလည်း ထိုတာတက်ပွဲသို့ လှူဖွယ်ဝတ္ထုများကို အိုးစည်ဆိုင်း အတီးအမှုတ် အကအခုန်များနှင့်ပင် ယူဆောင်လာပြီး လာရောက်လှူဒါန်းကြသည်။(လက်စား ချေသို့မဟုတ် လက်စား ခိုသည်ဟုခေါ်သည်) ထိုရွာထိုရွာများမှ ဤကဲ့သို့ လာရောက် လက်စားခိုထားပါလျှင် ထိုရွာထိုရွာတို့၌ အလားတူတာတက်ပွဲပြုလုပ်သည့်အခါတွင်လည်း ဤရွာမှ အလားတူအတီးအမှုတ် အကအခုန်တို့ဖြင့် တပျော်တပါး သွားရောက်လက်စားဆပ်(အကြွေးဆပ်)ရပြန်သည်။

ထိုကဲ့သို့သော တာတက်ပွဲများမှာ လူကြီးသူမများအတွက် ဘာသာရေးအရ အလှူဒါနပြုလုပ်ကြသည်မှာ မှန်သော်လည်း အပျိုလူပျို အဖို့မှာကား မိန်းမပိုးရန် လူပျိုလှည့်ရန် (အပျိုကွန့်ရန်) အခွင့်အရေး အကောင်းဆုံး အချိန်အခါပင်ဖြစ်သဖြင့် ဘုရားဖူးသူဖူးကြ သည်နှင့်အမျှ လိပ်ဥတူး လိုသူက လည်း တူးကြသည့်ပွဲကြီးပွဲကောင်းပင်ဖြစ်သည်။ ထိုဒေသရှိ အပျိုစင်များ အလှပြိုင်ကြ သည့်ပွဲ

ဖြစ်သည်သာမက အပျိုလူပျိုများ စုစည်းပေးရာပွဲ လည်းဖြစ် သဖြင့် ကာလသား အမျိုးသမီး အမျိုးသားများ ထိုတာတက်ပွဲသို့ မသွားရမနေနိုင် သူထက်ငါ အပြိုင် အဆိုင် သွားရောက်စုစည်းကြသော "ဖူးစာဆုံ" ပွဲဟုပင် ဆိုကြသည်။ ဤသို့လက် စားချိုးလက်စားဆပ်စနစ်ဖြင့် အနီးနားမှ ဖိတ်ကြားထားသောရွာများ စုံညီစွာ ရောက်ရှိလာမည့်အချိန်တွင် ပွဲကျင်းပရာကျောင်း (သို့မဟုတ်)ဘုရားကို ဗဟိုပြု ၍ လက်ျာရစ်တစ်ပတ်ပတ်လျှက် အတီးအမှုတ် အကအခုန် တို့ဖြင့် သူ့အဖွဲ့ ကိုယ့်အဖွဲ့ သူ့ဝိုင်းကိုယ်ဝိုင်း သူ့အုပ်စု ကိုယ့်အုပ်စု အပြိုင်အဆိုင်တီးမှုတ်ကခုန် ကြပြီးနောက် ကျောင်းပေါ်သို့တက်၍ ဘုရားအမှူးပြုသော ရဟန်းသံဃာတော် များကို ကန်တော့ကြလေသည်။

ပြီးလျှင် ရောက်လာကြသော အခြားသောရွာအဖွဲ့များကို ဘုန်းတော် ကြီး သို့မဟုတ် ရွာခံလူကြီးတို့က သင့်တင့်သောနေရာ၌ လက်ဖက်ရည်ကြမ်း (အခါးရည်)စသည်တို့ဖြင့် ဧည့်ခံကြသည်။ ထို့နောက်စုပေါင်းရောက်ရှိနေကြ သော ရွာအဖွဲ့ဝင်များအားလုံး ပွဲဝင်ကြရလေသည်။ ပွဲဝင်ဆိုသည်မှာ ရောက်လာ ကြသောရွာအားလုံးစုပေါင်း၍ ဘုရားကို ဒုတိယအကြိမ်လက်ျာရစ် သုံးပတ်ပတ် ကြရခြင်းဖြစ်သည်။ ထို့သို့လှည့်ပတ်စဉ် ရှေ့ဆုံးမှ ခနုအမျိုးသားက ဘုရားလှူရန် ထီးဖြူ တန်ဆောင်းပြဿဒ်ထမ်း၍၊ ခနုအမျိုးသမီးပျိုအိုတို့က သက်န်း၊ ဝတ္ထုငွေ၊ ငှက်ပျော၊ အုန်း၊ ဆန်၊ ဖယောင်းတိုင်၊ ပဒေသာပင်စသည် ကိုင်ဆောင်၍ နောက် မှလိုက်ပါ သွားရသည်။ ၎င်းတို့ နောက်ကမှ ခနုလူပျိုလူရွယ်တို့၏ ခနုအိုးစည်ဝိုင်း တာတက်ပွဲအက အဖွဲ့ဝင်များက တီးမှုတ်ကခုန်ရင်း လိုက်ပါသွားကြလေသည်။ ဘုရားကို လက်ျာရစ် သုံးပတ်ပတ်၍ ပွဲဝင်ကြပြီးနောက် ကျောင်းပေါ် တက်၍ ဘုန်းတော်ကြီးအား လှူဖွယ်များဖြင့် ပူဇော်ကန်တော့ကြပြီး တရားအတူတကွ နာကြလေသည်။ ဤသို့တရားနာ ပြီးလျှင်ပွဲဝင်သည့်ကိစ္စလည်း ပြီးသွားလေ သည်။

## (ခ) တန်ဆောင်တိုင်ပွဲတော်နှင့် ကထိန်ပွဲတော်

သီတင်းကျွတ်၊တန်ဆောင်မုန်းကထိန်ခေတ်ကာလများတွင် ကား ကထိန်ပွဲများကို ခမ်းနားထည်ဝါစွာကျင်းပလေ့ရှိကြသည်။ ရှမ်းမြေ လတ်ဒေသ ပိုင်းတွင် နှစ်စဉ်ကျင်းပလျက် ရှိသော တောင်ကြီးတန်ဆောင် တိုင်ပွဲတော်ကြီး သည် ခနတိုင်းရင်းသားများနှင့် အခြားရှမ်း, ပအိုဝ်းစသော တိုင်းရင်းသားများ၏ စုပေါင်းဘုံကထိန်ပွဲပင်ဖြစ်သည်။

ခနတိုင်းရင်းသားတို့သည် ဝါကျွတ်သောကာလ၌ ဂေါတမမြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ ကြွဆင်းတော်မူလာသည့် အထိမ်းအမှတ်အဖြစ်ဖြင့် ဝါကျွတ်မီးထွန်းပွဲတော်ကို ကျင်းပကြသည်။ ထိုသို့ကျင်းပရာ၌ဂေါတမ မြတ်စွာ ဘုရား ကြွဆင်းလာသည်ကို ကြိုဆိုသည့်အနေဖြင့် မီးပုံးပျံများကို ကောင်းကင်သို့ လွှင့်တင်ကာ မီးပူဇော်ကြသည်။ ထိုသို့မီးပုံးပျံများလွှင့်တင်သည်ကို အဲချို့လူကြီး များက အလှူဒါနကောင်းမှုအစုစုကို နတ်ပြည်နှင့် ဆက်သွယ်သည် ဟုလည်း ဆိုကြသည်။ ခနတိုင်းရင်းသားများနှင့် အခြားရှမ်း၊ ပအိုဝ်းတိုင်းရင်းသားများ ကထိန်ပွဲကျင်းပပုံ၊ ကြီးကျယ်ခမ်းနားပုံ၊ အလှူဒါန၌ရက် ရောပုံများကို နှစ်စဉ် ကျင်းပလျက်ရှိသောတောင်ကြီးတန်ဆောင်တိုင် မီးထွန်းပွဲတော်က သက်သေပြ လျက်ရှိပါသည်။

## (ဂ) စာပြန်ပွဲတော်

ခနတိုင်းရင်းသားတို့၏ (၁၂) လရာသီပွဲတော်များတွင် အလွန်ထင် ရှားလျက်ရှိ သောပွဲကား နယုန်လတွင် ကျင်းပသော စာပြန်ပွဲတော် ကြီးဖြစ်သည်။ ယင်းပွဲတော်များကို ခနတိုင်းရင်းသားတို့နေထိုင်ရာ ရှမ်းမြေလပ်ဒေသတွင် ဝိနည်း, သဒ္ဒါ, သင်္ဂြိုဟ်နှင့် ဗုဒ္ဓစာပေများကို အာဂုံပြန်ပွဲအဖြစ်ကျင်းပလေ့ရှိသည်။ နှစ်စဉ်နယုန်လအတွင်းတွင် ညောင်ရွှေ မြို့ ၌ ကျင်းပလျက်ရှိသော ရှမ်းပြည်နယ် လုံးဆိုင်ရာ အာဂုံစာပြန်ပွဲတော်ကြီးသည် အစည်ကား ဆုံးဖြစ်သည်။ ထိုစာပြန်ပွဲ သို့ အာဂုံဝင်ရောက်ပြန် ဆိုကြသည့် သံဃာတော်အပါး (၅၀၀၀) ကျော်ရှိသည်။

ထို့ပြင် ပင်းတယနယ်လုံးဆိုင်ရာ စာပြန်ပွဲတော်ကြီး၊ ပွေးလှနယ်လုံး ဆိုင်ရာစာပြန်ပွဲကြီး၊ ရပ်စောက်မြို့နယ်လုံးဆိုင်ရာ စာပြန်ပွဲတော်ကြီး အုတ်တွင်း ရွာ၌ ကျင်းပလျက်ရှိ သော ရွာငံမြို့ နယ်လုံးဆိုင်ရာ စာပြန်ပွဲတော် ကြီးများနှင့် နောင်ချိုမြို့နယ်လုံးဆိုင်ရာ စာပြန်ပွဲတော်များသည် ဓနုတိုင်းရင်းသား များ ဦးစီး ကျင်းပသော စာပြန်ပွဲတော်ကြီးများဖြစ်သည်။ အချို့ကျောင်းများတွင် ဝိနည်း အာဂုံပြန်ဆိုပွဲများလည်းရှိသည်။ ဤသို့လျှင် ရှမ်းမြေလပ်ဒေသ၌ နှစ်စဉ်နှစ်တိုင်း ဆရာနှင့်ဒကာလက်တွဲလျက် ဗုဒ္ဓသာသနာ အရှည် တည်တံ့စေခြင်းငှာ ပရိယတ္တိ စာပြန်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

## (ဃ) ရှင်ပြုပွဲ

ဓနုတိုင်းရင်းသားများ ရှင်ပြုပွဲပြုလုပ်ရာ၌ စုပေါင်းပြုလုပ်ကြ သည်ကများ ပေသည်။ ငွေကြေးနည်းနည်းရှိရုံမျှဖြင့် ရှင်ပြုပွဲကြီးတစ်ပွဲဖြစ်မြောက် အောင် ပြုလုပ်နိုင်ကြသည်။ ထိုသို့ပြုလုပ်နိုင်ကြခြင်းမှာ ဓနုတိုင်းရင်းသားတို့၏ စည်းလုံး ညီညွတ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။ ယင်းရှင်ပြုပွဲတော်ကို များသောအားဖြင့် တောင်ယာသိမ်းပြီးချိန်တွင် ကျင်းပလေ့ရှိသည်။ ထို့ပြင် ဝါဆိုဦးကာလတွင်လည်း ပြုလေ့ရှိကြသည်။ ရှင်ပြုပွဲပြုလုပ်ပုံ ပြုလုပ်နည်းမှာ မြန်မာများအတိုင်း ပင်ဖြစ်သည်။ ဓနုတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်နှင့်အညီ မိမိတို့၏ အိမ်ထောင်စုတွင်ရှိသည့် သား၊တူ၊ညီစသော ယောကျ်ားလေးများကို ရှင်ပြုပေး ရန်မှာ သာသနာရေးတာဝန်မျှသာမက လူမှုရေးလိုအပ်ချက်အဖြစ်လည်း ခံယူထားကြသည်။ ထို့ကြောင့် ရှင်ပြုပွဲကို အထူးအလေးထား၍ပြုလုပ်ကြသည်။

ရှင်ပြုပွဲနှင့်အတူ သမီးမိန်းကလေး၊ တူမ၊ ညီမစသည်တို့အားလည်း နားထွင်း မင်္ဂလာပြုလုပ်ပေးကြသည်။ သို့သော် ရှင်ပြုပွဲသည်သာ အဓိကဖြစ် သည်။ ငွေကြေးအင်အားပေါ် မူတည်ပြီးကြီးကျယ်ခမ်းနားစွာ ပြုလုပ်တတ်ကြ

သည်။ အောင်ပန်း၊ ကလော၊ တောင်ကြီးစသော မြို့များရှိ မနုရှင်ပြုပွဲများမှာ မဏ္ဍပ်ကနားကြီးများဖြင့် ပွဲကြီးလမ်းကြီး ခင်းကျင်းကာပြုလုပ်ကြသည်။ ပင်းတယ၊ ပွေးလှ၊ ရွာငံ၊နောင်ချို ဘော်ဆိုင်းစသောမြို့များတွင် ကြီးကျယ်သော ဘုန်းတော်ကြီးကျောင်းများတွင် ငါးရက်ပွဲ ၊ ခုနစ်ရက်ပွဲစသည်ဖြင့် ခမ်းနားစွာ ကျင်းပကြသည်။ လှူဒါန်းရာ၌သဒ္ဓါတရား ရက်ရောစွာ ပေးလှူကြသည်။ အချို့ကျေးရွာများတွင် ရွာလုံးကျွတ်မီးခိုး တိတ်ကျွေးမွေးသည်။ အချို့မှာ ညအိပ်လာကြသဖြင့် ထိုသူတို့၏ နေထိုင်ရေးအားလုံးကို အလှူရှင်များက တာဝန်ယူကြသည်။

အခမ်းအနားပြင်ဆင်ရာတွင် ရှေးမြန်မာ့ယဉ်ကျေးမှုကို သရုပ် ဖော်ပြင်ဆင်သည်။ ကပွဲ၊ ဇာတ်ပွဲများကို မန္တလေးစသော မြို့ကြီးများသို့ သွားရောက်ငှားရမ်းခေါ်ယူကာ ကျင်းပကြသည်။ ရှင်လောင်းများနှင့် နားဖောက်မည့်သူများအား မင်းညီမင်းသား၊ မင်းသမီးအသွင်ဆင်ယင်ပြီး ရှင်လောင်းလှည့်သည့်အခါ မြန်မာဘုရင်များထွက်တော်မူလာသည့်ပုံအတိုင်း ရှေ့ဝန်း၊နောက်ဝန်း ခင်းကျင်းကာ လှည့်တတ်ကြသည်။ ပျော်ပွဲ ရွှင်ပွဲစသော လောကီရေးဆိုင်ရာများသာမက ညအချိန်များတွင် ဓမ္မကထိကအကျော်အမော် ဆရာတော်ကြီးများအား ပင့်လျှောက်ပြီး ဓမ္မသဘင်ဆင်ယင် ကျင်းပကြသည်။

ဤသို့လျှင် မနုတိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာကို အလေး အနက်ယုံကြည် ကိုးကွယ်လျက် ဘာသာရေးနှင့်စပ်သော ပွဲတော်များကို အလေးအနက်ထားကာ ကျင်းပလျက်ရှိသည်ကို လက်လှမ်းမီသမျှ တင်ပြ လိုက်ရခြင်းသာဖြစ်ပါသည်။

## ၃း၂။လူမှုရေး

မနုတိုင်းရင်းသားတို့၏ လူမှုရေးအမှုကိစ္စများသည် မြန်မာများ ကဲ့သို့ပင် အလွန်များပြားပေသည်။ မနုတို့၏ လူမှုရေးလုပ်ရှားမှုကို မတင်ပြမီ မနုတို့၏ စိတ်နေသဘောထားကို အကြမ်းဖျင်း တင်ပြပါအံ့။

## (ခ) စေ့စပ်ခြင်း

မနု လူပျို,အပျိုတို့ အချင်းချင်း ချစ်ကျွမ်းဝင်သော အခြေအနေ သို့ ရောက်သောအခါ မိဘတို့အား သဘောတူ၊ မတူကို မေးမြန်းကြ၏။ မိဘတို့ သဘောတူပြီဟု သိရသောအခါ လက်မထပ်မီ စရံဝင်ရရိုးထုံးစံရှိလေသည်။ စရံဝင်သည်ဆိုခြင်းမှာ စေ့စပ်ခြင်းသဘောပင်ဖြစ်သည်။

မနုလူပျိုက အပျိုအား စရံဝင်ပုံတင်ပုံတင်နည်းမှာ ဤသို့ဖြစ်သည်။ လူပျိုဘက်မှ မိဘများသည် လက်ဖက်တစ်ထုပ်ထုပ်၍ ရပ်ရွာသူကြီးများ ဦးဆောင်(ရိုးစေ)စေလျက် အပျိုမိန်းကလေး၏ မိဘရှင်များရှိရာအိမ်သို့ ည(၇)နာရီမှ (၈)နာရီအချိန်အတွင်း သွားကြ၏။ အိမ်အလည်လာသလိုလိုနှင့် စေ့စပ်ကြောင်းလမ်းမှုကို ပြုကြလေသည်။ ညအချိန်ကို ရွေးချယ်ခြင်းမှာ စေ့စပ်ကြောင်းလမ်းမှု မအောင်မြင်လျှင် လူမသိစေရန်ပင်ဖြစ်သည်။ အပျို မိန်းကလေး မိဘအိမ်သို့ရောက်သောအခါ ဘယ်သူဘယ်ဝါသမီးနှင့် ဘယ်သူ ဘယ်ဝါသားတို့ လူငယ်တို့သဘာဝ မေတ္တာသက်ဝင်ချစ်ခင်နေကြသဖြင့် လက်ထပ်ခွင့်လာတောင်းပါကြောင်း ရွာသူကြီးက ဦးဆောင်ပြောရလေသည်။

အချို့ကျေးလက်တောရွာများတွင် "လက်ဖက်ဖောက်သည်"ဟု ခေါ်၍ လူပျိုမှ လက်ဖက်အုပ် တစ်အုပ်မှသုံးအုပ်၊ အချို့နေရာ ငါးအုပ် အထိယူဆောင်၍ လူပျိုမိဘများမပါဘဲ ရွာလူကြီးတစ်ယောက်က ဦးဆောင်လျက် အပျိုအိမ်သို့ သွားရောက်နားဖောက်ရသည်။

ထိုအခါ အပျိုမိန်းကလေးရှင်မိဘများဘက်က "လူငယ်ချင်းပြေလည်၊ မိဘချင်းကော ကျေလည်ကြပါရဲ့လား"ဟု ပြန်မေးသည်။ လူပျိုဘက်မှ ရွာလူကြီးက "အားလုံးပြေလည်ကြပါကြောင်း"ဖြေကြားပြီးသည်နှင့် စရံကိစ္စ အတွက် နှစ်ဘက်ညှိနှိုင်းကြပြီး သင့်မြတ်သဘောတူသော စရံငွေအဖြစ် စိန်ရွှေငွေလက်ကောက်လက်စွပ်စသည့် ရတနာပစ္စည်းများကို အပျိုမိန်းကလေး

ရှင် မိဘများလက်သို့ ပေးလိုက်ရသည်။ ဤစရံပေးသည့်အချိန်မှာပင် လူပျို ဘက်က ယူဆောင်လာသော လက်ဖက်ထုပ်ကိုလည်း မိန်းကလေးရှင်မိဘ များ လက်သို့ ပေးထားခဲ့ရလေသည်။

မနုလူပျိုနှင့်အပျိုတို့သည် ဤကဲ့သို့ "စရံ"ဝင်အခမ်းအနားကျင်းပပြီး နောက်မှ အပျိုဘက်မှ အကြောင်းမညီညွတ်သဖြင့် လက်ထပ်ရန် ပျက်ကွက်ခဲ့ လျှင် အပျိုက လူပျိုအား "စရံ"ဝင်ထားသော ပစ္စည်းတန်ဖိုး၏ နှစ်ဆကို ပြန်လျော် ပေးရလေသည်။ အကယ်၍ လူပျိုဘက်က အပျိုကို မယူနိုင်၊ လက်မထပ်နိုင်ခဲ့ သော် ဝင်ထားသောစရံငွေပစ္စည်းအားလုံး ဆုံးရှုံးခံရလေသည်။ ဤသို့ စရံဝင်ပြီး နောက် အခြားသောအပျိုလူပျိုနှင့် သွားလာလည်ပတ်ခြင်းမပြုရတော့ပေ။ စရံတင်ထားခြင်းသည် နှစ်ဦးနှစ်ဖက် သစ္စာထားကြခြင်းသာဖြစ်သည်။ စရံတင်ထားပြီးသည်နှင့် တစ်ပြိုင်နက် စေ့စပ်ကြောင်းလမ်းပြီးစီးလေတော့သည်။

အထက်ပါပြဆိုခဲ့သည့်အတိုင်း ဓနုတိုင်းရင်းသားတို့သည် လက်မထပ်မီ လူပျို လှည့်ခြင်းနှင့် စေ့စပ်ခြင်းကိစ္စတို့ကိုပြုပြီးမှ လက်ထက်ထိမ်းမြားလေ့ရှိကြ သည်။

ထို့အပြင် ဓနုတိုင်းရင်းသားတို့ စုပေါင်း၍ အင်တိုက်အားတိုက် ပြုလုပ်ကြ သော လူမှုရေးကိစ္စသည် အသုဘအခမ်းအနားပင်ဖြစ်ပါသည်။ ဓနုတိုင်းရင်း သားတို့သည် မိမိတို့ရွာ၌အသုဘရှိပါက ရွာသားအားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည်။ မိမိတို့၏ အခြားလုပ်ငန်းများကို ယာယီနားကာ အသုဘကိစ္စကိုသာ ကူညီလုပ်ကိုင်ကြသည်။ ဆန်၊ဆီ၊ဆား၊ ငွေစသည်တို့ဖြင့် လည်း ကူညီကြသည်။

လူမမာအသက်ကုန်သည်နှင့် သေဆုံးသူသည် သက်ကြီးရွယ်အိုဖြစ် ပါက ချက်ချင်းရေချိုးပေးရသည်။ ငယ်ရွယ်သူဖြစ်ပါက ရေချိုးမပေးဘဲ မျက်နှာသစ်ပေးရသည်။ မျက်နှာသစ်ရာတွင် အထက်မှအောက်သို့ မဟုတ်ဘဲ

အသုဘပို့ဆောင်ရာတွင် ရှေ့ဆုံးမှ ကြေးစည်တီး၍ ၎င်းနောက် သံဃာတော်များ၊ (သံဃာတော်များ သင်္ချိုင်းသို့ ကြွသွားပြီးဖြစ်ပါက) လှူရန် ကန်တော့ပွဲများ၊ ၎င်းနောက်မှ အလောင်းစင်၊ အလောင်းစင် နောက်မှ အသုဘပို့ ဆောင်သူများ၊ ဆွေမျိုးများအစရှိသည်ဖြင့် အစဉ်အတိုင်းပို့ ဆောင်ကြသည်။ သင်္ချိုင်းသို့ရောက်လျှင် အလောင်းကောင်အား သရဏဂုံတင်ပြီး မြေမြှုပ်ကြ သည်။ မြေမြှုပ်မည်ဆဲဆဲတွင် မြေမြှုပ်ပေးမည့်သူများက အလောင်းခေါင်းရင်းနှင့် ခြေရင်းဘက်မှ တစ်လှည့်စီ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ"ဟူ၍ လက္ခဏာရေးသုံးပါးကို သုံးကြိမ်စီ ရွတ်ဆိုကြလေသည်။ ထို့နောက် အလောင်းတွင် ဝတ်ဆင်ထားသည့် အဝတ်များကို ဓားဖြင့် ခွဲပစ် (ဖြတ်)ပြီး အလောင်းကို အမှောက်လိုက်ချပြီး၍ သင်္ဂြိုဟ်မြေမြှုပ်လိုက်ကြသည်။ အသုဘပို့ဆောင် သူအားလုံး သင်္ချိုင်း၌ ရေစက်ချအမျှပေးဝေပြီး အသုဘအိမ်သို့ပင် တစ်ဖန်ပြန်လာရသည်။ ပြီးမှ မိမိတို့အိမ်သို့ ပြန်ကြရသည်။ သို့သော် အထက်ပါအယူအဆများ အချို့အရပ် ဒေသများ၌ မတွေ့ရတော့ပေ။

အချုပ်ဆိုရသော် မနုတို့၏အသုဘအခမ်းအနားသည် အမင်္ဂလာဖြစ်၍ မင်္ဂလာအခမ်းအနားနှင့် ဆန့်ကျင်နိုင်သမျှဆန့်ကျင်၍ ပြုလုပ်ကြရသည်။ မင်္ဂလာ နှင့်အမင်္ဂလာ ခွဲခြားခြင်း သဘောပင်ဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခု ပြုလုပ်ပုံ အနည်းငယ်ကွာခြား တတ်သော်လည်း ယေဘုယျအားဖြင့် တူညီကြသည်။ မြို့နေသူ မနုများကမူ မြို့ဓလေ့ကို လိုက်၍ သင်္ဂြိုဟ်လျက် ရှိကြပေသည်။

## ရက်လည်ဆွမ်းသွတ်ခြင်း

ကွယ်လွန်ပြီးသောသူကို ဆွမ်းသွတ်ရာတွင် သင်္ဂြိုဟ်ပြီးသည့် နောက် ရက်အနည်း ငယ်ခြားသည်နှင့် ဆွမ်းသွတ်ပေးကြသည်။ အများအားဖြင့် သုံးရက်မြောက်သောနေ့၌ ပြုလုပ်ကြသည်။ ဆွမ်းသွတ်ရက်ကိုကား တိတိကျ

ကျသတ်မှတ်ထားလေ့မရှိပေ။ ငွေအခြေအနေအရ အဆင်ပြေသလို ပြုလုပ်ကြသည်။ မြေလပ်ဒေသနေ သူများက အသုဘအခမ်းအနားကို "ရှေ့ကိစ္စ"ဟု ခေါ်ပြီး၊ ဆွမ်းသွတ်ခြင်းကို "နောက်ကိစ္စ"ဟု ခေါ်ဝေါ် သုံးစွဲလေ့ရှိကြသည်။

ဆွမ်းသွတ်ပွဲမတိုင်မီ အကြိုနေ့ညနေခင်းတွင် ဆွေမျိုးမိတ် သင်္ဂဟထဲမှဖြစ်စေ၊ အိမ်သူ အိမ်သားထဲမှ ဖြစ်စေ တစ်ယောက်ယောက် သည် (အချို့က နှစ်ယောက်) သေလွန်ပြီးသောသူကို မြှုပ်နှံထားသည့် သင်္ချိုင်းသို့ သွား၍ (အချို့ အရပ်ဒေသ၌ ရွာပြင်မြင်းဖောင်သို့သွား၍) သေပြီးသူ၏ ဝိညာဉ်လိပ်ပြာကို သစ်ခက်သစ်ရွက် (အများအားဖြင့် ဇီးဖြူခက်)ဖြင့် စတိရိုက်လျက် ဆွမ်းသွတ်ကုသိုလ်ယူပါမည့်အကြောင်း ဝိညာဉ်လိပ်ပြာကို ဖိတ်ခေါ်လေ သည်။ ထို့နောက် ဝိညာဉ်လိပ်ပြာ ခေါ်လာသောဇီးဖြူခက်ကို ထမ်းပြန်လာပြီး အိမ်ထရံကြားတွင် ညှပ်ထားကြ၏။

နံနက်သို့ရောက်သောအခါတွင် သံဃာတော်များအား ဆွမ်းခဲဘွယ်ကပ်လှူခြင်း၊ တရားတော်နာယူပြီး အမျှပေးဝေခြင်းများ ပြုလုပ်ကြ၏။ တရားနာ ရေစက်ချ အမျှပေးဝေ ပြီးသောအခါ သေသူ၏ဝိညာဉ်လိပ်ပြာကို သုသာန်သို့ ပြန်ပို့လေ့ရှိကြသည်။ သေသူ၏ ဇာတာ ရက်ချုပ်များကိုလည်း ရွာဦးဘုရား(ရွာနံဘုရား)သို့ သွားရောက်လှူဒါန်း လေ့ရှိကြ သည်။ ဆွမ်းသွတ်ကိစ္စ ပြီးဆုံးသောအခါ ထိုနေ့မှာပင် အသုဘကိစ္စအတွက် ငှားရမ်းထားသောပစ္စည်း အားလုံးကို ပြန်ပို့ရသည်။ ကလဖျဉ်းများကိုလည်း ဖျက်သိမ်းပစ်ရသည်။ ဤသို့ပစ္စည်းများသိမ်း၍ ပြီးသောအခါ ဆွမ်းသွတ်ခြင်းကိစ္စပြီးဆုံးလေတော့သည်။

အချုပ်ဆိုရလျှင် လူမှုရေးရာများသည် "ဘဝတစ်ခု လူမှုတစ်ရာ" ဆိုသည့်အတိုင်း ဆုံးစမထင်များပြားလှပေသည်။ ထိုများစွာထဲမှ လူတိုင်းမလွဲမသွေ ကြုံတွေ့ရမည့် လူမှုရေး တစ်စိတ် တစ်ဒေသမျှ ကိုသာလျှင် တင်ပြခြင်းဖြစ်ပါသည်။

## ၃း၃။ အသက်မွေးဝမ်းကျောင်း

မြေလပ်ဒေသနေ ဓနုတိုင်းရင်းသားတို့၏ အဓိက အသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေး ပင်ဖြစ်သည်။ ဓနုတိုင်းရင်းသားတို့ အဓိကစိုက်ပျိုးကြသော သီးနှံမှာ ဆန်စပါးဖြစ်ပြီး အခြားသော ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုး၊ အာလူး၊ ဂေါ်ရခါးသီး၊ မက်မုံသီး၊ဂေါ်ဖီထုပ်(မုန်လာထုပ်)၊ ကော်ဖီစေ့၊ လက်ဖက်၊ ပဲပုတ်၊ ဂျုံ၊ ချင်း၊လိမ္မော်၊ သစ်တော်၊ နေကြာ၊ သနပ်ဖက်၊ မက်မန်း၊ စတော်ဘယ်ရီပန်းသီးနှင့် ရာသီသီးနှံပင် အမျိုးမျိုးတို့ကိုလည်း စိုက်ပျိုးလေ့ရှိကြသည်။ ယင်းသီးနှံများဖြင့်ပင် အသက်မွေးဝမ်းကြောင်း ပြုကြသည်။

ဓနုတိုင်းရင်းသားတို့သည် စိုက်ပျိုးရေးအပြင် လက်မှုပညာများဖြင့်လည်း အသက်မွေးဝမ်းကြောင်းပြုကြသည်။ ယင်းလက်မှုပညာများမှ ရရှိသောပစ္စည်းများသည် တောင်ယာသုံးပစ္စည်းအမျိုးမျိုး၊ ဝါးဖြင့်ပြုလုပ်သော လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ သစ်သားဖြင့်ပြုလုပ်သော လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် အိမ်ထောင်ပရိဘောဂအမျိုးမျိုးတို့ ဖြစ်ပါသည်။

ထင်ရှားသော လက်မှုပညာများအနက် ရှမ်းစက္ကူ (မိုင်းကိုင် စက္ကူ)လုပ်ငန်း၊ ထီးကျေး (စက္ကူထီး)လုပ်ငန်း၊ခမောက်လုပ်ငန်းတို့သည် ပို၍ထင်ရှားသည်။ မြို့နေဓနုများကမူ အရောင်းအဝယ်အမျိုးမျိုးဖြင့် အသက်မွေးဝမ်းကျောင်းပြုလျှက်ရှိကြသည်။

အချုပ်အားဖြင့်ဆိုရသော် ဓနုတိုင်းရင်းသားတို့၏ အဓိက အသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေးလုပ်ငန်း လက်မှုလုပ်ငန်း၊ ပညာရေးလုပ်ငန်းများနှင့် နိုင်ငံအကျိုးပြု လုပ်ငန်းအသီးသီးတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြု လေ့ရှိကြသည်။

## ၃း၄။ ပညာရေး

လူမျိုးတစ်စု ထူထောင်ရာ၌ ပညာရေးသည် အလွန်အရေး ပါသော အခန်းတစ်ခုဖြစ်သည်။ ဉာဏ်ပညာထက်မြက်သော လူငယ်တို့ဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းသည်လည်း ထိပ်တန်းသို့ ရောက်ဖို့မခက်ခဲပေ။ ပညာရေး သည် အခြေခံအုတ်မြစ် ပင်ဖြစ်သည်။ အသိပညာကို အသုံးပြုခြင်းဖြင့် အရာကိုကို လွယ်ကူစွာ အောင်မြင်နိုင်သည်။ ထို့ကြောင့် မနုတိုင်းရင်းသားတို့၏ ပညာရေး အခြေအနေကို အမြွက်မျှတင်ပြ လိုက်ပါသည်။

မနုအမျိုးသားတို့သည် ပညာရေးတွင်ထူးချွန်ကြသည်။အားပေးမှုလည်းရှိသည်။ လောကီ လောကုတ်ပညာနှစ်ရပ်လုံး၌ပင် အားပေးချီးမြှောက်မှုရှိကြသည်။ မနုတိုင်းရင်းသားများတွင် စာမတတ်သူဟူ၍ မရှိသလောက်ရှား၏။ အဘယ့်ကြောင့်ဆိုသော် မနုလူမျိုးတို့သည် ကိုယ်ပိုင် စာပေအဖြစ် မြန်မာစာပေနှင့် မြန်မာစကား ကိုသာ အသုံးပြုခြင်းများ သောကြောင့် စကားတတ်သည်နှင့် စာတတ်ရန် အလွန်နီးစပ်၏။ စကားအတော် အတန်ပြောတတ်ရုံနှင့် စာသင်ရန် အလွန်လွယ်ကူ၏။ စာပေသည်ပင်စကား၊ စကားသည် ပင် စာပေဖြစ်နေ၍ မူလတန်း ပညာလောက်သာ သင်ကြားရရုံမျှဖြင့် မြန်မာစာပေကို လုံးစေ့ပတ်စေ့ရေးတတ် ဖတ်တတ်ကြ၏။

မနုအမျိုးသားများ အများစုနေထိုင်ရာဖြစ်သော ရွာငံ၊အောင်ပန်း၊ ကလော၊ တောင်ကြီး၊ ပင်းတယ၊ ပွေးလှ၊ နောင်ချို၊ ရပ်စောက်၊ ဘော်ဆိုင်းစသော မြို့ကြီးများတွင် အစိုးရအထက်တန်း ကျောင်းကြီးများများစွာရှိကြသည်။ တက္ကသိုလ်ပညာတတ်မြောက်သူ မနုအမျိုးသားများသည်လည်း အများအပြားပင်ရှိကြလေသည်။ အချို့မှာ ပြည်တွင်းတက္ကသိုလ်များ၌ ဆရာတာဝန်၊ ပါမောက္ခတာဝန် အသီးသီးထမ်းဆောင်လျက်ရှိသကဲ့သို့ အချို့မှာ ပြည်ပတွင် ပါမောက္ခတာဝန်ထမ်းဆောင်ခဲ့သည်ကိုလည်းတွေ့ရှိရသည်။

အချုပ်အားဖြင့်ဆိုရသော် ခနုတိုင်းရင်းသားတို့သည် မျိုးဆက်သစ်လူငယ်များအား ပညာရေးကို အလွယ်တကူသင်ကြား နိုင်စေရန် ဝိုင်းဝန်းထောက်ပံ့လေ့ရှိကြသည်။ အချို့တတ်နိုင်သူများသည် မိသားစုသံယောဇဉ်ကို ဖယ်ထား၍ မိမိတို့ရင်သွေးပညာ တတ်မြောက်ရေးအတွက် အဝေးတစ်နေရာရှိ မြို့ကြီးများသို့လည်းကောင်း၊ ပြင်ပနိုင်ငံများ သို့လည်းကောင်း ပညာတော်သင် ပို့ထားကြသည်ကို တွေ့ရှိရသည်။

## ၃း၅။ အုပ်ချုပ်ရေး

ခနုတိုင်းရင်းသားတို့၏ အုပ်ချုပ်ရေးပိုင်းကို ဆန်းစစ်ကြည့်သောအခါ---

(က) ပဒေသရာဇ် (စော်ဘွား) အုပ်ချုပ်ရေး၊

(ခ) ကိုလိုနီခေတ် အုပ်ချုပ်ရေး

(ဂ) လွတ်လပ်ရေးရပြီးနောက်အုပ်ချုပ်ရေး

(ဃ) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအဖြစ် အုပ်ချုပ်ရေး ဟူ၍လေးမျိုး တွေ့ရှိရပေသည်။ ထိုတွင်-

## (က) ပဒေသရာဇ် (စော်ဘွား) အုပ်ချုပ်ရေး

ခနုတိုင်းရင်းသားတို့၏ ဆွေအစဉ်မျိုးအဆက်ကို မြန်မာတို့ကဲ့သို့ ဘ, ဘိုး, ဘေး, ဘီ,ဘင် စသည်မသုံးနှုန်းပဲ ဘ, ဘိုး, ဘေး, အဘွေး, အဘိဟူ၍ သုံးနှုန်းကြလေသည်။ မြေလပ်ဒေသ အုပ်ချုပ်ရေးစနစ်ကို "ရှာငံစစ်တမ်း" ၌အမြွက်မျှ ဖော်ပြထားသည်။ ယင်းပုရပိုက်တွင် ရှာငံနယ် အား အုပ်စိုးခဲ့သူ အစဉ်အဆက်နှင့်နယ်မြေအကျယ်အဝန်းတို့ကို တွေ့ရသည်။ ယင်း ပုရပိုက်မူသည် အောက်ပါအတိုင်းဖြစ်သည်။

## ပုရပိုက်မှု

သက္ကရာဇ် ၁၁၆ ခု၊ သီတင်းကျွတ်လဆန်းအတွင်း ကျိုဝန်ဝန်စုငွေခွန်တော် ရှာငံ၄၄ရွာ ငွေခွန်တော်မှူး ငအော အစစ်ခံချက်-

ရှာငံ ၄၄ ရွာမှာ၊ ၄၅ခု စုစာရင်းတော်ပါဝင်မှုရှိုးကြီး, ရှိုးအစူအစဉ်မှာ အဘိငဆွေဆက်၊ ၎င်းနောက် အဘွေးငကော်ရ။ ၎င်းနောက် အဘေးငသော်က ငယ်မည်မှန်ပါသည်။ အစိုးရဘွဲ့ကြီး အမည်မှာ ကောင်းမဒ္ဒသူ ဆိုသူကြီးမှူးပါသည်။ ဘေးကောင်းမဒ္ဒသူမရှိ၊ မရှိနောက် ဘိုးငလှခိုင်မှူးကြီးပါသည်။ ၎င်း ဘိုးငလှခိုင် မရှိနောက် ဘင်အောင် မြတ်ထွန်း ၁နှ်သား အသက်၂၀ ရွယ်ရှိသူ ဆက်ခံကြီး မှူးပါသည်။ ဘငအောင်မြတ် ထွန်းနော် သားကျွန်တော် ငအောဆက်ခံကြီးမှူးပါသဉ်။ အခွန်တော်မှာ တစ်နှစ်လျှင် ၇ါ၅ဝိ ဆက်သွင်းရပါသည်။

အထက်ပါ ပုရပိုက်မှုသည် မြေလပ်ဒေသ ရှာငံမြို့နယ် အုပ်ချုပ်သူ အစဉ်အဆက်ဖြစ်သည်။ ပဒေသရာဇ်(စော်ဘွား) အုပ်ချုပ်သူများဖြစ်သည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီး ၈နှစ်အကြာ မြန်မာ သက္ကရာဇ် ၁၂၅၅ ခုနှစ်အတွင်း ထိုစဉ်က ရှာငံ၌ ရင်ခွင်ပိုက် ငွေခွန်မှူးအဖြစ် အုပ်ချုပ်နေသော ဦးအုန်း ပင်ရေးသားတင်သွင်းသည့် အစီရင်ခံစာတမ်း ပုရပိုက်မူ၊ နောက်တစ်ခုတွင် ရှာငံအုပ်စိုးခဲ့ သူများ အစဉ်အဆက်ကိုလည်း တွေ့ရသည်။ ယင်းမှာ-

ရှာငံမြို့နယ် ကျေးရွာမှာ ကောဇာသက္ကရာဇ်ပေါင်း ၉၀၀ကျော်မှစ၍ ပထမ မောင်ဆွေဆက် ကြီးမှူးသည် တို့ကိုငွေခွန်မှူး မောင်ညြတိုင် ဆယ်ဆက်မြောက် အစဉ်အတိုင်းကြီးမှူး၍ ၎င်းငွေခွန်မှူး မောင်ညြ မရှိသဉ့်နော် ညီမောရမှူးကြီး၍၊ မရှိနော် ၎င်းသား ငအိုမှူးကြီး အုပ်ထိန်းသည်အတွင်း

ဥပါးသောရောဂါ ကပ်ရောက်၍ နယ်မြေမြို့ ကျေးရွာများကို မကြည့်မရှု နိုင်သည်နှင့် ၎င်းသား မောင်ထွန်းလင်းနှင့် တွဲဘက် မျုးကြီး အုပ်ထိန်းကြပါသည်။ ၎င်းငွေခွန် ၃ဆက်တို့တွင် ငွေခွန်မှူး မောင်ထွန်းလင်းသည် ကျေးရွာများကို မကြည့်မရှု မတရားမှု ပြုကျင့် များသောကြောင့် ရွာကြော့သူကြီးတို့ သဘောမညီ မညွှတ်ရှိကြ၍၊ အထက် ငွေခွန်မှူး ငခွေးဖြူ မြေး မောင်ညိုစိမ့်နှင့်။ ညှိနှိုင်းတိုင်ပင် သဘောညီညွှတ်သောကြောင့်။ မင်းတုံးမင်းလက်ထက် ၁၂၂၅ ခုနှစ်တွင်။ ငွေခွန်မှူးရိုး မောင်ညို စိမ့်နှင့် လွှတ်တော်သို့ ဆင်းသွားပြီးလျှင်၊ လက်ရှိ ငွေခွန်မှူး မောင်ထွန်းလင်း၊ ငွေခွန်မှူးရိုး မောင်ညိုစိမ့်တို့ လွှတ်တော်တွင် အရာမှု အရေးစကားပြောဆိုကြရာ၊ မောင်ထွန်းလင်း တရားမှု ထင်လင်းရှိသည့်အတွက်၊ ရွာကြော့သူကြီးတို့ သဘော မကြိုက် ညီသောအချက်နှင့် ငွေခွန်မှူးအရာက နှုတ်ပြီးလျှင် အရိုးသား မြေးမှန်သည့်အတိုင်း၊ မောင်ညိုစိမ့်ကို လွှတ်တော်စာချွန် ပေးအပ် ၍ မျုးကြီးအုပ်ထိန်းစေသည့်အတွင်း။ ငွေခွန်မှူးဟောင်း မောင်ထွန်းလင်းကို လွှတ်တော်မိန့်ချက်နှင့်။ ညောင်ရွှေရပ် စောံနှစ်မြို့ဝန်က ဖမ်းဆည်း၍ လွှတ်တော်သို့ ပို့အပ်ရာ၊ ၎င်းလွှတ်တော်အစိုးရတို့က မောင်ထွန်းလင်းကို အမိန့်တော် နှင့် အထက်ဗန်းမော် သစ်တောသို့ ပို့ထားပြီးနေ၀ံ အရာမရ သေဆုံးပါကြောင်း။

ယင်းစာတမ်းအလိုအရ ရှာငံငွေခွန်မှူး မောင်ညိုစိမ့်သည် သီပေါမင်း လက်ထက် သက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် မြို့စားရာထူး တိုးတက်ချီးမြှင့်ခံရသည်။ ထို့နောက် မြန်မာဘုရင်ပါတော်မူပြီး အင်္ဂလိပ်တို့ လက်ထက် သက္ကရာဇ် ၁၂၄၇- ခုနှစ်အလွန် ၁၂၄၈ (ခရစ် ၁၈၈၅-၁၈၈၆)အတွင်း နိုင်ငံမငြိမ်မသက်ဖြစ်နေစဉ်

အချိန်ကာလ ရွာငံမြို့စား မောင်ညိုစိမ့်က ဝင်းတော်မှူ မောင်ဘောင်း၊ မိုးနဲစစ်ကဲကြီး ဦးမင ရပ်စော် မိုင်းပြည်နှစ်မြို့ဝန် မောင်ရွှေစိန်တို့ကို ဖမ်းဆီးပြီးလျှင် အစိုးရထံ ပို့အပ်မည် ကြံစည်ပြုလုပ်သည်ကို ၎င်းတို့သိ၍ ဝင်းတော်မှူ ဦးဘောင်း(ဦးဖောင်း)၊ မိုးနဲစစ်ကဲကြီး ဦးမင ရပ်စောက်မိုင်းပြည်နှစ်မြို့ဝန် ဦးရွှေစိန်တို့သည် မြို့စားကြီး မင်းညိုစိမ့်အား လုပ်ကြံသတ်ဖြတ် လိုက်ကြသော ကြောင့် ရွာငံနယ်ကို မြို့စားကြီးအစ်ကိုတော်သူ ဘုရားဒကာ ဦးချစ်သူ၊ ထမင်းပေါင်း မြေတိုင်ကြီး မောင်ရင်အိုတို့ ညီအစ်ကိုနှစ်ဦးက ခေတ္တအုပ်ချုပ်ခဲ့ကြသည်။ ၎င်းနောက် လုပ်ကြံခံရသူ မြို့စားကြီးသား မောင်အုန်းပင်နှင့် သားအရင်းဖြစ်သော မောင်သူတော်တို့ကို လွှဲအပ် လိုက်သည်။

ထို့နောက် နောင်တွင် ရွှေမားပိုလ် ဦးအုန်းပင် ဟုထင်ရှားခဲ့သည့် ဦးအုန်းပင်က ရွာငံနယ်ကို ရင်ခွင်ပိုက် ငွေခွန်မှူးအဖြစ် မောင်သူတော်က ရင်ခွင်နေ ငွေခွန်မှူးအဖြစ် ညီအစ်ကိုနှစ်ဦး အုပ်ချုပ်ခဲ့ကြသည်။ ယင်းနောက် အင်္ဂလိပ်ခေတ် ခရစ် ၁၈၉၈ ခုနှစ်မှစ၍ မောင်သူတော်က ငွေခွန်မှူးအဖြစ် အုပ်ချုပ်ခဲ့၍ မောင်သူတော်နောက်မှ ဦးစောလဖော် ဆိုသူက ဆက်ခံအုပ်ချုပ် ခဲ့လေသည်။

ရွာငံနယ်ကို စော်ဘွားများ အာဏာစွန့်လွှတ်ခဲ့သည့် ၁၉၅၉-ခုနှစ် ကာလအထိ နောက်ဆုံး အုပ်ချုပ်သွားသည့် ပုဂ္ဂိုလ်မှာ စော်ဘွား စဝ်ခွန်ရီ (ဦးစောလဖော်သား)ဖြစ် သည်ဟု တွေ့ရသည်။စင်စစ် ရွာငံသည် ရှေးက မြေလပ်စီရင်စု မြေလပ်ဒေသတွင် ပါဝင်ခဲ့သော နယ်မြေတစ်ခု ဖြစ်သည်။ မြေလပ်ဒေသဟူသည် ဓနုတောင်ရိုး လူမျိုးတို့ အများစု နေထိုင်ကြသည့်ဒေသဖြစ်သည်။ မြေလပ်-၁၆နယ်တို့မှာ---

၁။ရေဦးနယ် ၂။ရွာငံနယ် ၃။မြင်းကျုံဒိုးနယ်၊
၄။နန်းခုံနယ်၊ ၅။ပင်းတယနယ် ၆။ပွေးလှနယ်
၇။ကျုံး (ယခု ပင်းတယမြို့နယ်)
၈။ဘော်နင်းနယ်(ဟဲဟိုးမြို့အပါအဝင်)၉။ကျောက်ထပ်နယ်

၁၀။လွယ်အယ်-လုံးပိုနယ် ၁၁။နောင်တရားနယ်
၁၂။လွယ်လုံ-ပင်လောင်းနယ် ၁၃။လွယ်မောနယ်
၁၄။သာမိုင်းခမ်းနယ်(ညောင်ရွှေကလောအပါအဝင်)
၁၅။ပင်မှီနယ် ၁၆။ဘော်ဆိုင်း(ယခုကလောမြို့နယ်) တို့ဖြစ်သည်။

ကုန်းဘောင် ခေတ်က မြေလပ်ဝန်တစ်ဦးခန့်ထား၍ ယင်းနယ်မြေများကို စီရင်အုပ်ချုပ်စေခဲ့သည် ဟုတွေ့ ရသည်။ ယခုအခါ ယင်းမြေလပ် ၁၆နယ်ကို ရွာငံ၊ရေဦး၊မြင်းကျဒိုး၊နန်းခုံနယ်တို့ ပူးပေါင်းဖွဲ့ ထားသော ရွာငံမြို့နယ်(မြေလပ်ပိုင်းအနောက်ပိုင်းဒေသ)။ ပင်းတယ၊ပွေးလှ၊ကျုံးတို့ဖွဲ့ ထားသော ပင်းတယမြို့နယ်ဒေသ။ ရပ်စောက်မြို့နယ်ဒေသ။ ပင်လောင်းမြို့နယ်ဒေသ။ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ဘော်ဆိုင်းနယ်တို့ ပူးပေါင်းဖွဲ့ထားသော ကလောမြို့နယ် (မြေလပ်ပိုင်းအရှေ့ပိုင်းဒေသ)ဟူ၍ မြို့နယ်ကြီးများ ခွဲခြားလိုက်သည်။ ရွာငံမြို့နယ်သည် ဓနုလူဦးရေ ၉၀ရာခိုင်နှုန်းရှိသောကြောင့် ပဒေသရာဇ် (စော်ဘွား) အုပ်ချုပ်ရေး ခေတ်အတွင်း ရွာငံနယ်အုပ်ချုပ်သူများကို တင်ပြခြင်းဖြစ်ပါသည်။

## (စ)ကိုလိုနီခေတ်အုပ်ချုပ်ရေး

အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် မြေလပ်ဒေသ မြေလပ်စီရင်စုတွင် မြို့စားအုပ်ချုပ်ရသော နယ်တစ်နယ်နှင့် ငွေခွန်မှူးအုပ်ချုပ်သော နယ်များရှိသည်။ ယင်းအနက် မြို့စားအုပ်ချုပ် သောနယ်မှာ "ဘော်နင်း" ဖြစ်၍၊ ငွေခွန်မှူးအုပ်ချုပ်ရသော နယ်များမှာ ရွာငံအပါအဝင် ပင်းတယ၊ ပွေးလှ၊ ပင်မှီစသည့် မြေလပ် ၁၆နယ်ဖြစ်သည်။ ထိုနယ်များတွင် မြန်မာဘုရင် များလက်ထက်က မြန်မာ ဘုရင်နှင့် ရှမ်းပြည် ညောင်ရွှေ၊ မိုးနဲ၊ ရပ်စောက်စော်ဘွားကြီးတို့ ဆက်သွယ်ရာအဖြစ် နတ်ထိပ်တောင်၊ ခင်လယ် တောင်ကြားလမ်း၊ ရှောင်တပွေကင်းလမ်း၊ ရဲရမန် မြို့ကြီး ဒေါင်းမီးလမ်း များရှိခဲ့သဖြင့် တောင်ပေါ် နှင့်မြေပြန့် ကူးသန်းရောင်းဝယ်မှုမပြတ်ဘဲ ဆက်သွယ်

သွားလာမှုအမြဲရှိခဲ့သည်ဟု ပြောကြသည်။ ထိုစဉ်အခါက သယ်ယူပို့ဆောင်ရေးအဖြစ် နွားဝန်တင်များနှင့် ဘီးပိတ်လှည်းများကို အသုံးပြုကြောင်းသိရသည်။ အင်္ဂလိပ် လက်ထက် ရောက်လာသောအခါ မြင်းကျွဒိုးနယ်သည် ပွေးလှနယ်မြို့စား စောစံမြအုပ် ချုပ်ရေး လက်အောက်သို့ ရောက်ရှိသွားသည်။ ပွေးလှ နယ်ကို နောက်ဆုံးအုပ်ချုပ်သွားသည့် စော်ဘွားစဝ်ထွန်းစိန် လက်ထက်အထိဖြစ်သည်။

## (ဂ)လွတ်လပ်ရေးရပြီး အုပ်ချုပ်ရေး

၁၉၆၂-ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ရှမ်းပြည်နယ်ကို ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်များ သတ်မှတ်သောအခါသော်-ရေဦးနယ်မှ ကျေးရွာအုပ်စု ၁၁-ခု၊ ရွာငံမြို့နယ်မှ ကျေးရွာ အုပ်စု ၁၁-ခုနှင့် ပွေးလှနယ်မြေမှ မြင်းကျွဒိုးနယ် ခုနှစ်အုပ်စု ပူးပေါင်း၍ မြို့နယ်အဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၆၄-ခုနှစ်မှစ၍ ပင်းတယမြို့နယ်၏ မြို့နယ်ခွဲအဆင့် လက်ထောက်မြို့ပိုင်များ ထားရှိအုပ်ချုပ်ခဲ့ရာမှ ၁၉၆၅-ခုနှစ်တွင် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီများထားရှိကာ ရွာငံ မြို့နယ်အဆင့် သီးခြားရုံးများဖွင့်လှစ်၍ မြို့နယ်ရုံးကိုလည်း ရွာငံမြို့တွင် ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရွာငံမြို့နယ်တစ်ခုလုံး၏ အုပ်ချုပ်ရေး ပုံစံကား ရွာငံမြို့မရပ်ကွက် သုံးရပ်ကွက်နှင့် ရွာငံ၊ ရေဦး၊ မြင်းကျွဒိုး ကျေးရွာအုပ်စု ၂၉-အုပ်စုဖွဲ့လျက် ရပ်ကွက်ကျေးရွာ ပြည်သူ့ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသည့် ပြည်သူ့အုပ်ချုပ်ရေးစနစ်သစ်ပင် ဖြစ်လေသည်။

## (ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်အုပ်ချုပ်ရေး

ယခုအခါဓနုတိုင်းရင်းသားတို့နေထိုင်သည့် ဒေသများတွင် နိုင်ငံတော်ဦးဆောင် မှုဖြင့် မိမိတို့ဒေသ၊ မိမိတို့ကျေးရွာများကို မိမိတို့ ကိုယ်တိုင် အုပ်ချုပ်နေ

ကြပြီဖြစ်သည်။ နိုင်ငံတော်၏အလံအောက်တွင် ခနုတိုင်းရင်းသားလူထုတစ်ရပ်လုံးသည် ကိုယ့်အရပ်၊ ကိုယ့်ဒေသ ကိုယ့်ကျေးရွာများကို ကိုယ်တိုင်အုပ်ချုပ်နေကြပြီဖြစ်သည်။ မိမိတို့ဒေသ၏ လူမှုရေး၊ တရားစီရင်ရေးတို့ကို မိမိတို့ကိုယ်တိုင်ဖြေရှင်းနေကြပြီဖြစ်သည်။ ယင်းကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ရရှိစေရန်စွမ်းဆောင်ခဲ့သောသူများမှာ ဦးအောင်သိန်း (မြိုင်-ရွာငံမြို့နယ်)၊ ဦးမြသန်း (ရေဦး-ရွာငံမြို့နယ်)၊ ဦးကျော်ဇော (ရပ်စောက်မြို့)တို့ဖြစ်သည်။ ခနုတိုင်းရင်းသားဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်ပေါ်လာပုံ (အကျဉ်း)မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ယင်းအချက်အလက်တို့ကို ဦးအောင်သိန်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)မှ (၃. ၆. ၂၀၁၂) ပထမဝါဆိုလပြည့်ကျော်(၁)ရက်၊ အင်္ဂါနေ့တွင်ပေးပို့ခဲ့ပါသည်။

## "ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ"ဖြစ်ပေါ်လာပုံ(အကျဉ်း)

၁၉၈၈-ခု အရေးအခင်းကြီးဖြစ်ပွားပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံတွင် အေးအတူ၊ ပူအမျှအတူတကွ နေထိုင်လျက်ရှိသော တိုင်းရင်းသားလူမျိုး၁၀၀-ကျော်တို့၏ ဆန္ဒသဘောထားများကို ရယူနိုင်ရန် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်အများအပြားပါဝင်သော "အမျိုးသား ညီလာခံကြီး" ကိုကျင်းပပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို အများဆန္ဒနှင့် ချမှတ်စေရန် လိုအပ်လာခဲ့ပါသည်။

ယင်းသို့လိုအပ်လာသည်နှင့်အညီ အမျိုးသားညီလာခံသို့ တိုင်းရင်းသားလူမျိုးကိုယ် စားလှယ်များ အပါအဝင် လူထုလူတန်းစား များအားလုံး ပါဝင်တက်ရောက်ဆွေးနွေးနိုင်စေရေးအတွက် အစုအဖွဲ့ ရှစ်ဖွဲ့ခွဲကာ တက်ရောက်စေခဲ့ပါသည်။ အမျိုးသားညီလာခံကို ၁၉၉၃-ခု ဇန္နဝါရီလ (၉)ရက်နေ့တွင် စတင်ကျင်းပခဲ့ရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ၂၁၅-ဦး အပါအဝင် တောင်သူ

လယ်သမား အလုပ်သမားကိုယ်စားလှယ်အဆုံး စုစုပေါင်း ၇၀၂-ဦး တက်ရောက်ခဲ့ကြပါသည်။ ၁၉၉၄-ခုနှစ် ဇန္နဝါရီလတွင် ဖွဲ့စည်းတည်ဆောက်ပုံ အခန်း၌ ပါဝင်မည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ သတ်မှတ်နိုင်ရေးကိစ္စ စတင်ဆွေးနွေးခဲ့ပါသည်။ ထိုညီလာခံသို့ ခနေတိုင်းရင်းသားကိုယ်စားလှယ်များအဖြစ် တက်ရောက်လျှက်ရှိသော ဦးမြသန်း(ရေဦး)၊ ဦးကျော်ဇော (ရပ်စောက်)တို့နှင့် (၁၉၉၀)ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ် အဖြစ်တက်ရောက်လျက်ရှိသော ဦးအောင်သိန်းတို့ ခေါင်းချင်း ရိုက်တိုင်ပင်ဆွေးနွေးခဲ့ကြပါသည်။

အမျိုးသားညီလာခံကော်မရှင်မှ ချမှတ်ပေးသောလမ်းညွှန်ချက်အရ-

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွက် မြို့နယ်တစ်ခုတွင် သက်ဆိုင်ရာတိုင်းရင်းသား လူဦးရေအများဆုံးဖြစ်ရမည့်အပြင် မြို့နယ် လူဦးရေ၏ တစ်ဝက်ကျော် ဖြစ်ရမည်ဖြစ်ပါသည်။

၂။ အနည်းဆုံးနှစ် မြို့နယ်ပါရှိရမည်ဖြစ်ပြီး ၎င်းနှစ်မြို့နယ်မှာလည်း တဆက်တစပ်တည်း ဖြစ်ရမည်ဖြစ်ပါသည်။

၃။ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း အတွက်မှာမူ(၅)မြို့နယ်ပါရှိရမည် ဖြစ်ပါသည်။

ယင်းလမ်းညွှန်ချက်အရ ခနေလူမျိုးအများစု နေထိုင်သော (၅)မြို့နယ် (နောင်ချို၊ ရပ်စောက်၊ ပင်းတယ၊ ကလောနှင့်ရွာငံ)သို့ ကွင်းဆင်းပြီး လူဦးရေစာရင်းအပါအဝင်စာရင်းဇယားများကို မြေပုံနှင့်တကွ သက်ဆိုင် ရာဌာနများထံတွင် ရယူရန်လိုအပ်လာခဲ့ပါသည်။ ၎င်းတို့ကိုရယူရန် ဦးအောင်သိန်းသည် ၁၉၉၄-ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေတွင် ညီလာခံ ကျင်းပရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းမှ ရှမ်းပြည် ခရီးစခဲ့ပါသည်။ ဖေဖော်ဝါရီလ(၇)ရက်နေ့တွင် မြိုင်သို့ရောက်ရှိခဲ့သည်။ ထိုနေ့မှာပင် ရပ်စောက်သို့မြို့သို့လည်းကောင်း၊ (၈)ရက်နေ့တွင် ပင်းတယသို့လည်းကောင်း၊ (၉)ရက်နေ့တွင် ကလောမြို့သို့လည်းကောင်း၊ (၁၁) ရက်နေ့တွင် ရွာငံမြို့နယ်သို့လည်းကောင်း၊ (၁၅)ရက်နေ့တွင်

နောင်ချိုမြို့နယ်သို့လည်းကောင်း ရောက်ရှိခဲ့သည်။ ၎င်းမြို့နယ်များမှ လိုအပ်သည့် စာရင်းဇယားများရယူပြီးနောက် မန္တလေးမှတဆင့် ရန်ကုန်မြို့သို့ ပြန်ခဲ့ရာ (၁၇. ၂. ၁၉၉၄) ရက်နေ့တွင် ကျိုက္ကဆံကွင်းသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

ကျိုက္ကဆံကွင်းရှိတည်းခိုဆောင်တွင် ဦးမြသန်း၊ဦးကျော်ဇောတို့နှင့် ညှိနှိုင်းဆွေးနွေးကြပြီးနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်သွင်းနိုင်ရန်အတွက် ရှမ်းပြည်မှရယူခဲ့သောစာရင်းဇယားများကို စာတမ်းနှစ်စောင်ခွဲ၍ ပြုစုရန်စီစဉ်ခဲ့ကြပါသည်။ (၂၃. ၃. ၉၄)နေ့တွင်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ဦးမြသန်း နှင့်ဦးကျော်ဇောတို့ စုပေါင်းပြုစုသော စာတမ်းအားဦးကျော်ဇောမှလည်းကောင်း၊ (၃၁. ၃. ၉၄)နေ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ကိုယ်စားလှယ်များ အစုအဖွဲ့ပါ ဦးအောင်သိန်း မှ လည်းကောင်း ဓနုကိုယ် ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေရရှိရေးအတွက် တင်ပြခဲ့ကြပါသည်။ ထို့အပြင် တစ်နှစ်ခန့်အကြာ (၃၁. ၃. ၉၅)နေ့ တွင်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် ဒုတိယအကြိမ်အဖြစ် ဦးအောင်သိန်းမှ ထပ်မံတင်သွင်းခဲ့ပါသည်။ (၇. ၄. ၉၅)နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးမှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသများနှင့် ပတ်သက်သည့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ရာ ရွာငံမြို့နယ်နှင့် ပင်းတယနှစ် မြို့နယ်ပေါင်းပြီး 'ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ' သတ်မှတ်ပေးရမည် ဟုဆုံးဖြတ်ခဲ့ပါသည်။

(မူလစာတမ်းတင်စဉ်က နောင်ချိုရပ်စောက်၊ ပင်းတယ၊ ကလောနှင့် ရွာငံအပါ ငါးမြို့နယ်အပြင် ရွာငံမြို့နယ်နှင့် ထိစပ်နေသော သာစည်မြို့နယ်မှ ကျေးရွာအချို့နှင့် ပင်းတယ၊ ရပ်စောက်မြို့နယ်နှင့် ထိစပ်နေသော တောင်ကြီးမြို့နယ်မှ ကျေးရွာအချို့ပါ ဓနုကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသအတွင်း ထည့်သွင်းသတ်မှတ်ပေးရန် အဆိုပြုတင်ပြခဲ့ကြပါသည်။ ရှမ်းပြည်နယ် (လ၊ဝ၊က)ရုံးချုပ်မှ ထုတ်ပြန်သောစာရင်းဇယားများအရ ကလောမြို့နယ်နှင့် ရပ်စောက်မြို့

နယ်တို့တွင် ခနူလူမျိုးအရေအတွက်က ဒုတိယဖြစ်ခဲ့သဖြင့် အကျုံးမဝင်ခဲ့ပါ ။ ထို့အတူ သာစည်မြို့နယ်နှင့် တောင်ကြီး မြို့နယ်မှ ကျေးရွာအချို့ကို ထည့်သွင်း သတ်မှတ် ပေးရမည်ဆိုပါက မြို့နယ်နိမိတ်များကို ပြန်လည် ပြင်ဆင်ရမည်ဖြစ်၍ မအောင်မြင်ခဲ့ပါ။ နောက်ဆုံးတွင် ရွာငံ၊ ပင်းတယနှင့် နောင်ချိုမြို့နယ်တို့သာ ကျန်ရှိခဲ့ပါသည်။ သို့ရာတွင် တဆက်တစပ်တည်းရှိရမည်ဟူသော မူအရ နောင်ချိုမြို့နယ်သည် ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့အကြား ရပ်စောက် မြို့နယ်က ကြားခံနေပြန်သဖြင့် ခနူကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသတ်မှတ်ရာတွင် နောင်ချိုမြို့နယ် ကျန်ခဲ့ရခြင်းဖြစ်သည်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက (၂၀. ၈. ၂၀၁၀)နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၃၃/ ၂၀၁၀)ဖြင့် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရတိုင်းနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ရုံးစိုက်ရာမြို့များကို သတ်မှတ်ပေးခဲ့ရာ အပိုဒ်(၁)၊အပိုဒ်ခွဲ(ဂ)တွင် ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ကို စုစည်း၍ 'ခနူ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ 'အဖြစ်လည်း ကောင်း၊ အပိုဒ်(၂)၊ အပိုဒ်ခွဲ (ဂ)တွင် ရုံးစိုက်ရာမြို့အဖြစ် 'ပင်းတယမြို့' ဟုလည်းကောင်း ပါရှိခဲ့ပါသည်။

## ခနူကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအုပ်ချုပ်ရေး(အကျဉ်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ၂၀၁၀ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲများကို နိုဝင်ဘာလတွင် ကျင်းပပြုလုပ် ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်လွှတ်တော်များအတွက်ဖြစ်ပါသည်။ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်များတွင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးစီ၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီနှင့် နှစ်မြို့ နယ်ပေါင်းပြီး အမျိုးသားလွှတ် တော်ကိုယ်စားလှယ် တစ်ဦးရရှိပါသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ကို ၁၀-ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ရာ-

၁။ နှစ်မြို့နယ်ရှိ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၄-ဦး
၂။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃-ဦး
၃။ နှစ်မြို့နယ်အတွင်းရှိ လူဦးရေ တစ်သောင်းကျော်သည့် လူမျိုး ကိုယ်စားလှယ်များအတွက် ပအိုဝ်းလူမျိုး၁-ဦးနှင့်တောင်ရိုးလူမျိုး၁-ဦး
၄။ ဦးစီးအဖွဲ့တွင်၁၀-ဦးမပြည့်သေးသဖြင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မှနေ၍ သင့်တော်သည့်ဒေသအတွင်းနေ တိုင်းရင်းသားတစ်ဦးကိုရွေးချယ်ပြီး ထပ်ဆောင်းကြရပါသည်။

ဒေသဦးစီးအဖွဲ့(အလုပ်အမှုဆောင်အဖွဲ့)ကို ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင်နှစ်ဦးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးပါသည်။ လောလောဆယ်ဥက္ကဋ္ဌ အဖြစ်ဦးထူးကိုကို(ပင်းတယ၊မိုင်းလီ)နှင့် အဖွဲ့ဝင်အဖြစ် ဦးကိုကို (ရွာငံ၊ ရွာမ)၊ဗိုလ်မှူးတင်ဇော်လွင်(တပ်မတော်သားကိုယ်စားလှယ်၊ တိုက်ခိုက်ရေးသင်တန်းကျောင်း၊ ဗထူး)တို့ဖြစ်ကြပါသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်သားအဖြစ် ရွာငံမြို့မှ ဦးကိုကို(ရွာမ)နှင့် ဦးသိန်းထွန်း (မြင်းကျဒိုး)တို့ဖြစ်ကြသည်။ ပင်းတယမြို့နယ်မှ ဦးစဝ်အောင်မြတ် (လက်ရှိ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ပွေးလှ)နှင့် ဦးထူးကိုကို (ပင်းတယ-မိုင်းလီ)တို့ဖြစ် ကြပါသည်။(ဦးစဝ်အောင်မြတ်မှာ ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖြစ်သွားသော်လည်း အစားထိုး ပြန်လည်ရွေးကောက်ခြင်းမရှိပါ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည်တို့ဖြစ်ပြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှာ ဗိုလ်မှူးဟောင်း ဦးရှုမောင် (ပင်းတယသား၊ ရန်ကုန်နေ)တို့ ဖြစ်ကြပါသည်။

အဖွဲ့ဝင် ၉-ဦးစလုံးတက်ရောက်ပြီး ဓနုဒေသဦးစီးအဖွဲ့အစည်းအဝေးကိုတစ်လတစ်ကြိမ်ပြုလုပ်ရပါသည်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်း ဥပဒေပြုရေး နှင့်ပတ်သက်၍

၁။ မြို့ပြနှင့် ကျေးရွာစီမံကိန်းများ
၂။ လမ်းတံတားများဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိန်းသိမ်းရေး
၃။ ပြည်သူ့ကျန်းမာရေး
၄။ စည်ပင်သာယာရေးလုပ်ငန်း
၅။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး
၆။ စားကျက်မြေများထိန်းသိမ်းရေး
၇။ သစ်တောများ ကာကွယ်ထိန်းသိမ်းရေး
၈။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
၉။ မြို့နှင့်ကျေးရွာများအတွင်း ရေနှင့်လျှပ်စစ်မီးဆိုင်ရာကိစ္စ
၁၀။ မြို့များနှင့်ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စတို့ကို ဖွဲ့ စည်းပုံအခြေခံအရ ခွဲဝေအပ်နှင်း ထားပါသည်။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍မူ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့မှ ပြဋ္ဌာန်းသော ဥပဒေများအရ အုပ်ချုပ်ရမည် ဖြစ်ပါသည်။ ထို့အပြင် ဒေသအတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းများအား ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဦးဆောင်လမ်းညွှန်ခြင်းများကိုလည်း ဆောင်ရွက်ရပါသည်။

ဓနုဒေသဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ကိုရေးဆွဲပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တစ်ဆင့်ပြည်ထောင်စုအစိုးရသို့ အတည်ပြုချက်အရယူကာ လက်တွေ့ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

## ဓနုဒေသ ဦးစီးအဖွဲ့ဝင်များ

| | | | |
|---|---|---|---|
| ၁။ ဦးထူးကိုကို | ပင်းတယ | ဥက္ကဋ္ဌ | (အချိန်ပြည့်) |
| ၂။ ဦးကိုကို | ရွာငံ | အဖွဲ့ဝင် | (အချိန်ပြည့်) |
| ၃။ ဗိုလ်မှူးတင်ဇော်လွင် | ဗထူး | အဖွဲ့ဝင် | (အချိန်ပြည့်) |
| ၄။ ဦးသိန်းထွန်း | ရွာငံ | အဖွဲ့ဝင် | (အချိန်ပိုင်း) |

၅။ ဗိုလ်ကြီးဇော်နိုင်ဝင်း စစ်ဦးစီးတက္ကသိုလ်၊ကလော အဖွဲ့ဝင်
(အချိန်ပိုင်း)

၆။ ဗိုလ်ကြီးဉာဏ်ဝေဖြိုး စစ်ဦးစီးတက္ကသိုလ်၊ကလော အဖွဲ့ဝင်
(အချိန်ပိုင်း)

၇။ ဦးချစ်ဟန် တမဲ၊တောင်ရိုးကိုယ်စားလှယ် အဖွဲ့ဝင်
(အချိန်ပိုင်း)

၈။ ဦးညွန့်မောင် ရွာငံ၊ပအိုဝ်းကိုယ်စားလှယ် အဖွဲ့ဝင်
(အချိန်ပိုင်း)

၉။ ဦးတင်ငြိမ်း၊ပွေးလှ၊ဖြည့်စွက်ထပ်ဆောင်းကိုယ်စားလှယ်အဖွဲ့ဝင်
(အချိန်ပိုင်း)

တို့ဖြစ်ကြပါသည်။

အထက်ပါပြဆိုခဲ့သည်မှာဓနုတိုင်းရင်းသားတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်ရ ရှိပြီးနောက် အုပ်ချုပ်ရေးအခြေအနေ ကိုတွေ့ရခြင်းဖြစ်ပါသည်။ အချုပ်အားဖြင့်ဆိုရသော် ဓနုတိုင်းရင်းသားတို့သည် အုပ်ချုပ်ရေးစနစ်လေးမျိုးဖြင့် ပဒေသရာဇ်ခေတ်မှသည် ယနေ့ခေတ်တိုင်အောင် နိုင်ငံတော်၏ အလံအောက်တွင် ငြိမ်းချမ်းစွာ မှီတင်း နေထိုင်ခဲ့ကြသည်ကို တွေ့ရပါသည်။

## ခ း၆။ ယဉ်ကျေးမှု

ဓနုတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုကဏ္ဍတွင်

(က) ဝတ်စားဆင်ယင်မှု
(ခ) ရိုးရာအက
(ဂ) တူရိယာ
(ဃ) ရိုးရာတေးသီချင်းတို့ကို အကျဉ်းမျှ ဖော်ပြပါမည်။

## (က) ဝတ်စားဆင်ယင်မှု

မနုတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်မှုသည် အခြားသော တိုင်းရင်းသားများဖြစ်ကြသော ရှမ်း၊ အင်းသား၊ တောင်ရိုး၊ ပအိုးတိုင်းရင်းသားတို့၏ အမျိုးသားအဝတ်အစားတို့နှင့် အရောင်သာကွဲပြီး ချုပ်လုပ်ပုံမှာ အတူတူပင်ဖြစ်ပါသည်။

မနုအမျိုးသားများသည် တိုက်ပုံနှင့် ဘောင်းဘီတို့ကို ခဲရောင် ဖြင့်ပြုလုပ်ပြီး ခါးစည်းကြိုးကား အနီ၊ အစိမ်း၊ အဝါတို့ဖြင့် စည်းလေ့ရှိ သည်။ ခေါင်းပေါင်းမှာ ပန်းရောင် ပုဝါဖြင့်ပြုလုပ်ကြသည်။ ခေါင်းပေါင်းသောအခါ ခေါင်းပေါင်းစကို အောက်သို့ချထား ခြင်းသည် မနုတိုင်းရင်းသားနှင့် ရှမ်းတိုင်းတို့၏ ခြားနားမှုပင်ဖြစ်သည်။ အချို့မနုအမျိုးသားများသည် ယင်းဝတ်စုံတို့ကို ရိုးရာပွဲတော်များကြုံကြိုက်မှသာ ဝတ်ဆင်လေ့ရှိကြသည်။ ရိုးရာပွဲတော်နှင့် မကြုံကြိုက်ပါက မြန်မာအမျိုးသားများကဲ့သို့ပင် ဝတ်စားဆင်ယင်ကြသည်။

မနုအမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှုသည် အောက်ပိုင်း အဝတ်အစား(ထမီ)အရောင်ကိုကြည့်၍ အင်္ကျီကိုဝတ်ဆင်ကြသည်။ ဥပမာ-လုံချည်၏ မူလအရောင် အနက်ရောင်ပေါ်မှ ဖြူ၊ နီ၊ စိမ်း၊ ဝါကန့်လန့်ဖြတ် လိုင်းများပါရှိပေသည်။ အပေါ်အင်္ကျီအား ထမီ(ထမိန်)တွင်ပါရှိသော ကန့်လန့်ဖြတ်လိုင်းကြောင်းအရောင်ကိုကြည့်၍ ထိုအရောင်နှင့်တူအောင်ချုပ်၍ ဝတ်ဆင်ကြသည်။ အင်္ကျီချုပ်ရာတွင် ဒေါက်(ကော်လံ)မပါပေ။ အဝတ်အစားသည် ရှေးဆန်ပေသည်။ ဤသည်မှာ မနုတိုင်းရင်းသားတို့၏ယဉ်ကျေးမှု သင်္ကေတ၊ လူမျိုး၏ သင်္ကေတအဖြစ်သတ် မှတ်ထားသောဝတ်စားဆင်ယင်ပုံဖြစ်သည်။

ယခုအခါ အချို့ဒေသများတွင် လူကြီးပိုင်း၌ ပုဆိုးလုံချည် ဝတ်ဆင်ကြ၍ အမျိုးသမီးပိုင်း၌ မြန်မာဆန်ဆန်ဝတ်ဆင်ကြသည်။ အချုပ်အားဖြင့်ဆိုရသော် မနုတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်မှုမှာ ရှေးဦးမြန်မာများ ဝတ်စားဆင်ယင်ပုံနှင့် များစွာတူညီ၍ ရှေးဦးမြန်မာယဉ်ကျေးမှု သရုပ်ကိုဖော်ကျူးလျက်ရှိပေသည်။

## (စ) ရိုးရာအက

မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသား အသီးသီးတွင် ကိုယ်စီကိုယ်စီ ရိုးရာအကများရှိကြပေသည်။ ဓနုတိုင်း ရင်းသားတွင်လည်း ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုအကများရှိလေသည်။

**ဓနုတိုင်းရင်းသားတို့ က,လေ့ရှိသော အကများမှာ-**

(၁) ဓနုအိုးစည်တီး၊ အိုးစည်ဝိုင်းနှင့် တွဲဖက်၍ လူကြီး လူငယ် ယောက်ျား မိန်းမအားလုံး စုပေါင်းပြီး လက်ချိုးကကြရသော "လက်ချိုး အက"။

(၂) ဝါးသိုင်း၊ တုတ်သိုင်း၊ လက်သိုင်းစသည့် ကကွက်ဖြင့် ကကြ ရသော "သိုင်းကွက်အက"ဟူ၍ အဓိကအားဖြင့် နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးမှ-

(၁) တောင်ယာသိမ်းချိန်တွင် ကလေ့ရှိကြသော "ယာပုတ် ပွဲတော် အက" (တောင်ယာသိမ်း အက)

(၂) မီးလွှတ်ပွဲ ကျင်းပချိန် ကကြသော "မီးလွှတ်ပွဲတော် အက"

(၃) ပန်းဖွားသိုင်း အက

(၄) ပွဲစပယ်သိုင်း အက

(၅) တာတက်ပွဲ အက

(၆) လက်နှစ်ဖက်မြှောက်၍ ကကြသော "မီးဆုံခံ အက" စသည်ဖြင့် အမျိုးမျိုးခွဲထားသည်ကို တွေ့ရသည်။

ဓနုတိုင်းရင်းသားတို့၏ အကသည် အမျိုးသားဟန်ပါပြီး ရင်း နှီးခြင်း၊ စည်းလုံးညီညွတ်ခြင်းသရုပ်ကို ဆောင်နေ၏။ ဇာတိသွေး ဇာတိမာန်ကို ထုတ်ဆောင်ပြနေသည့်သဘောပင်ဖြစ်သည်။ အမျိုးသားစည်းလုံးညီညွတ်ရေးကို ဖော်ကျူးရာလည်းရောက်ပေသည်။

## (ဂ) တူရိယာ

ဓနုတိုင်းရင်းသားတို့ သီဆိုကျူးရင့်ကြသော တေး၊ ကဗျာ၊ သံချပ်များကို အောက်ပါတူရိယာများ အသုံးပြုလျက် သီဆိုကြကျူးရင့်ကြသည်။ ယင်းတူရိယာများမှာ-

(၁) "ဓနုအိုးစည်" အမြင့် ၂-ပေမှ ၃-ပေအကြားရှိ၍ အချင်း အနံ ၁-ပေနှင့် ၂-ပေအကြားရှိသည်။ သားရေဖြင့် ကျက်ထားသည့် သစ်သားထွင်း အိုးစည်ဖြစ်သည်။ ဓနုအိုးစည်နှင့်အတူ လိုက်ဖက်ညီစေရန် မောင်းတစ်စုံ၊ ဝါးလက်ခုပ်လေး၊ ငါးခုနှင့် လင်းကွင်းတို့ပါဝင်သည်။

(၂) "ဓနုဗြော" အလျားတစ်တောင်နှင့် လက်လေးသစ်ခန့်၊ ထိပ်ဝအကျယ်တစ်တောင်နှင့် လက်နှစ်သစ်ခန့်ရှိ၍ အသားထွင်း၍ သားရေဖြင့် ကျက်ထားပေသည်။ ဓနုဗြောနှင့်အတူ အသုံးပြုကြသော တွဲဖက်တူရိယာများမှာ ဓနုဗြောလေးလုံး၊ အဝိုင်းတစ်ထွာခန့် မျက်နှာကျက်၊ တစ်ထွာကျော် ထိပ်ဝကားကားပုံသဏ္ဍာန်ခပ်ဝိုင်းဝိုင်း ပလုပ်တုတ်ဗုံတစ်လုံး၊ လင်းကွင်းကြီးတစ်စုံ၊ စည်းတစ်ခုနှင့် နှဲကြီးတစ်လက်တို့ပါရှိပေသည်။

ဓနုဗြောတီးပုံမှာ အခြားရေကင်းဗြောတီးပုံနှင့် မတူပေ။ တီး ကွက်ပေါင်း ၁၂ မျိုးခန့် ရှိပေသည်။ ယင်းတို့မှာ-

(၁) ပတ်ပျိုး (၂) စာတော်တိုက် (၃) အငြိမ့်ခံ (၄) နတ်ပင့်
(၅) နတ်ပို့ (၆) ဘီလူးထွက် (၇) မျောက်ထွက်
(၈) ဇော်ဂျီထွက် (၉) နဂါးထွက် (၁၀) မြင်းထွက်
(၁၁) ဝန်ထွက် (၁၂)မင်းထွက် စသည်တို့ဖြစ်ကြသည်။

## (ဃ) ရှိုးရာတေးသီချင်း

ဓနုတိုင်းရင်းသားတို့ ခေတ်အဆက်ဆက် သီဆိုကျူးရင့်လာကြသော တေးသီချင်းများ များစွာရှိပါသည်။ ၎င်းတို့မှာ များသောအား ဖြင့် သံချပ်များ ဖြစ်ကြသည်။ ထိုတွင် ကြိုးချင်းမာယာ ကဗျာတောင်ယာ ကျေးလက်တေး၊ နွားဝန်တင်တေးကဗျာ၊ ဓနုတိုင်းရင်းသားတို့၏ သစ္စာထားကဗျာ၊ ခေတ်ပေါ်ဓနု ကဗျာနှင့် ခေတ်ပေါ်ဓနုသံချပ်များဟူ၍ ပါဝင် ပေသည်။

ကြိုးချင်းမာယာကဗျာ(ကြိုးချင်းတေးကဗျာ)ဆိုသည်မှာ ဓနုလူပျိုများ လူပျိုလှည့် တေးကဗျာဖြစ်ပြီး လူပျိုအပျို အပြန်အလှန် မာယာချင်းပြိုင်၍ သီဆိုကြသည့်တေး ဖြစ်ပါသည်။

မီးဝင်ပွဲနှင့် တာတက်ပွဲ ချိုးချင်းမာယာ(ကြိုးချင်း) တေးကဗျာများကို ရှမ်းပြည်မြေ လပ်ပိုင်း ဓနုတို့ဒေသတွင် နှစ်စဉ်နှစ်တိုင်း နှစ်သစ်ကူးပြီး နှစ်ဆန်း(၁) ရက်နေ့မှစပြီး ကဆုန်လပြည့်နေ့အထိ အတာတက် ဘုရားပွဲတော်များရှိရာ ထိုအတာတက်ပွဲများတွင် ဓနုလူပျို အပျိုများသည် တစ်ဦးနှင့်တစ်ဦး စောင်းချိတ် သီဆိုကြသည့် မာယာများသည့် တေးကဗျာများဖြစ်သည်။ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလများတွင်ပြုလုပ်သော မီးဝင်ပွဲများနှင့် မီးပဒေသာပွဲများတွင် လည်း အော်ဟစ်သီဆိုကြသော တေးကဗျာများဖြစ် ပါသည်။

တောင်ယာကျေးလက် တေးကဗျာဆိုသည်မှာ တောင်ယာလုပ်ငန်း လုပ်ကိုင်ချိန်တွင် မိုးအေးအေး လေပြေလေးယှက်သန်းခိုက်တွင် အိမ်သူသက် ထားချစ်သူများကို လွမ်းဆွတ်သတိရ တသပုံကို တပ်မက်စွဲငြိဖွယ် ဖွဲ့ဆိုထားသည့် တေးကဗျာများဖြစ်သည်။

နွားဝန်တင် တေးကဗျာများဆိုသည်မှာ ရှေးဘိုး၊ ဘီ၊ ဘင်လက်ထက်က လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ၍ တောင်ပေါ်လမ်းဖြင့် ပစ္စည်း များကိုတင်၍ သယ်ယူသည့်နွားများကို နွားဝန်တင်ဟုခေါ်သည်။ ၎င်း နွားဝန်တင်ဖြင့် တစ်ဒေသမှ တစ်ဒေသသို့သွားကြရာတွင် နွားများ၌ ခလောက် ဆွဲထားကြသည်။ ထိုခလောက်သံကိုပင် စည်းဝါးအဖြစ် အသုံး ပြုပြီး လွမ်းမောဖွယ်ရာ တေးကဗျာ

များ စပ်ဆိုသီဆိုကြသည်။ ၎င်းတေးကဗျာများကို နွားဝန်တင်တေးကဗျာများ ဟုခေါ်ကြသည်။

ခနုတိုင်းရင်းသားတို့ သစ္စာထားကဗျာဟူသည်မှာ အပျိုလူပျို လှည့်ရာမှ သမီးရည်းစားဘဝ သို့ရောက်ရှိလာချိန်တွင် တစ်ဦးနှင့်တစ်ဦး သစ္စာထားသစ္စာ နှံကြသော ရိုးရာကျေးလက်တေးကဗျာများပင် ဖြစ်ပါ သည်။

အထက်ပါ တေးသီချင်းများကို သိန်းသန်းထွန်း(သမိုင်းသုတေသီ) ဦးမြမောင် (ပါမောက္ခ ငြိမ်း-ပင်းတယ) ဒေါက်တာကျော်လွင်ထူး (ရူပဗေဒ) ဝင်းအောင် (အောင်ပန်း) နေစိုးအောင် (တောင်ကြီး)တို့မှ "ခနု ကျေးလက်တေး ကဗျာကျူးရင့်သံများ"အမည်ဖြင့် စာအုပ်တစ်အုပ်အဖြစ် ပြုစုပြီးဖြစ်၍ ဤ၌ မဖော်ပြတော့ပြီ။ သို့သော် ခနုခေတ်ပေါ် ကဗျာများမှ လေးပုဒ်ခန့် တင်ပြပါမည်။

ကဗျာခေါင်းစဉ်-

**"ပန်းတိုင်းပွန်လုပိ"**

ဒေါက်တာကျော်လွင်ထူး ဒေသကောလိပ်(တောင်ကြီး)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားထားသည်။

ကဗျာ- ခနုခေတ်ပေါ် ကဗျာ

(၁၉၈၀-၈၁၊ဒေသကောလိပ်နှစ်လည် မဂ္ဂဇင်း)တွင် ဖော်ပြပါရှိပြီး။

**ပန်းတိုင်းပွန်လုပိ**

*တို့ပလေနေ့မာ ပလော်မို့လာ*
*ပလော်ဝူးလော-ပလော်ဝူးလော ရော- ရော- ရော- ရော-*
*ထင်းတချောင်းထဲဆွဲချိုးလိုက်- နွားများကွဲရင် ကျားကကိုက်*
*ထင်းတစ်စည်းလုံးဆွဲလို့ချိုး- တို့စည်းလုံးတာခံနိုင်ရှိး*
*အစိမ်းစားလဲ-ပဲစာဉ၊ တို့လက်တွဲလဲကြာပြီခု၊*

*တောင်ထရံမှာဆီဖူးဆွဲ-မြောက်ထရံမှာဆီဖူးဆွဲ*
*တို့များကြားထဲ ပြည်ပခွဲ*
*တောင်ထရံမှာဆီဖူးငြိ-မြောက်တောင်ထရံမှာဆီဖူးငြိ*
*တို့များကြားမှာလောက်ကောင်ဆိ*
*သတိဆိဆိဆော့ကိုလမ်း-တွဲတဲ့လက်မဖြုတ်တမ်း၊*
*ပင်စိမ်းသီးလောင်လို့နီ၊ များမန်းတဲ့ပန်းတိုင်ပွန်လုပီ*
*မက်မန်းသီးယိုထိုး၊ မန်မန်ဆွေ့လို့ဆော့ကိုတိုး*
*တို့ပလေနေ့မှာ ပလော်မို့လာ*
*ပလော်ဝူးလော-ပလော်ဝူးလော ရော- ရော- ရော- ရော-။*

**ရှင်းလင်းချက်-** တို့ပလေနေ့= ပြည်ထောင်စုနေ့၊ ပလော်ဝူး လော= ပျော်ဘူးလား။ မန်မန်ဆွေ့လို့ဆော့ကိုတိုး= မှန်မှန်ရွေ့လို့ရှေ့ကိုတိုး၊ ပွန်လုပီ- ရောက်လုပြီ။

ကဗျာခေါင်းစဉ်= **"ကံကြုံရင် ပြန်ဆုံမယ်"**
ဒေါက်တာကျော်လွင်ထူးရေးစပ်သည်
တောင်ကြီးကောလိပ် ဓနုမိတ်ဆုံစားပွဲ လက်ကမ်း စာစောင်နှင့်
ဖိတ်စာတို့တွင် အသုံးပြုရန် ရေးစပ်ခဲ့သည်။
ကဗျာ- ဓနုခေတ်ပေါ်ကဗျာ
၁၁-၈-၈၀ ရက်နေ့ ရေးစပ်သီကုံးသည်။

## ကံကြုံရင်ပြန်ဆုံမယ်

*ဓနုမိတ်ဆုံပွဲ ဆင်နွဲလို့ပျော်ကြမယ်၊ တို့ပွဲမာကွယ်၊ ဆုံမယ်နော့ လူပဲ့၊*
*တို့ပွဲမာကွယ်၊ ဆုံမယ်အော်မိနီရဲ့၊ ဟာ- ဒါတို့ပွဲပဲ့လာပ့ါဟဲ့။*
*ကွင်နှင့်မမောင်နှင့်မယ်၊ ခွဲအုန်းမယ်မို့ စိတ်ထဲဆာတယ်။*

*ကံကြုံရင်တကယ်၊ ပြန်ဆုံမယ်စိတ်ကလှမ်း*
*မိသားစုအရေးကိုလ၊ ကြိုးပမ်းဆ၊ တိုးထမ်းမယ်၊*
*ထင်းရှူးရယ် ချယ်ရီသက်သေပြုပါလို့၊ တောင်းဆုစိတ်မှန်း။*

သံချပ်ခေါင်းစဉ်= **"အဖြူရောင်သံစဉ်များ(သီချင်းမှ)"**
လွမ်းလေချင်း ခနုကက်ဆက်ခွေအတွက်
အောင်ပန်းမြို့မှ တေးရေးသူ ခွန်ရာဇာနှင့် သက်နိုင်ဦးတို့မှ ရေးစပ်ခဲ့သည်။
ကဗျာ(သံချပ်) ခနုခေတ်ပေါ် သံချပ်
၁၉၇၉-၈၀ ခုနှစ်ခန့်က ထွက်ရှိခဲ့သည်။

**အဖြူရောင်သံစဉ်များ**

*ပင်စိမ်းသီးပိုးထိုး၊ တောင်ကြီးသူမ ရအောင်ပိုး (ရအောင်ပိုးဟေ့၊ ရအောင်ပိုး) ပင်စိမ်းသီးနေဆာလောင် မိန်းမလက်ဆောင်ပေး ရအောင် (ပေးရအောင်ဟေ့-ပေးရအောင်) ဘီလပ်ရည် အမြုပ်ထ ငါယူမှာကခနုမ (ခနုမဟေ့၊ ခနုမ)*
*ဘီလပ်ရည် ချိုချိုလေး၊ ငါယူမှာက အပျိုလေး (အပျိုလေးဟေ့၊ အပျို လေး) သပြေပန်း ဘုရားမှာလှူ၊ တောင်ကြီးသူမ ရအောင်ယူ (I Love You...I Love You)*
*ငယ်ခါဒို့ဖပိုး ကျောကုန်းပူအောင် ဒို့ဖပိုး (ဒို့ဖပိုးဟေ့၊ ဒို့ဖပိုး)*
*ကြီးလာခါ သူများပိုး မိနီသငယ်၊ ရည်းစားထားတယ် (သူများပိုး ဟေ့၊ သူများပိုး)*
*တောင်ကြီးသမ ဟန်ရေးလုပ် ယောက်ျားရမှ ဝတုတ်တုတ် (မုန်လာထုပ်၊မုန်လာထုပ်)*
*ထမင်းစားပြီး တစ်မျိုးလို အိပ်ယာဝင်လည်း တစ်မျိုးလို (ဆေးလိပ်တို၊ဆေးလိပ်တို)*

ပင်စိမ်းသီး အညှာခွေ့ချ၊ တောင်ကြီးသူမ ငါနဲ့ရ (ငါနဲ့ရဟေ့၊ ငါနဲ့ရ)
တစ်နှစ်လာလဲ လူပျိုသိုး၊ နေနှစ်လာလဲ လူပျိုသိုး၊ မယ်တို့ရွာတောင်
ညောင်ပင်ရင်းမှာ ထမင်းထုတ်နှင့် လူပျိုသိုး (လူပျိုသိုးဟေ့၊ လူပျိုသိုး)
တနှစ်လာလဲ မဖြစ်စပ်၊ နေနှစ်လာလဲ မဖြစ်စပ်၊မောင်တို့ရွာမှာ အပျိုရှားတယ်

တစ်ခုလပ် (တစ်ခုလပ်ဟေ့၊ တစ်ခုလပ်)

ခမောက်ပြိုဆိုးနှင်းရေတင်၊ လူပုံစုပ် လူရုပ်ဆိုးလို့ အိုနိုးထင်

(အိုနိုးထင်ဟေ့၊ အိုနိုးထင်)

ခမောက်မဆိုးနင့်ရေနပ်၊ အပျိုမြင်ရင် ဟတ်ဟတ်တွားတယ်၊

တခုလပ်(တခုလပ်ဟေ့၊တခုလပ်)

အဝသားကျယ်အလယ်ပု၊ အပုလဲတို အသံအို၊ မယ်တို့အိမ်မှာ

အပိုင်ထားမယ် အိုးစယ်တို အိုးစယ်တို

ရတဲ့အမွေစုခွက်ဆွဲ၊ ယောင်ပေစုနှင့် အသံပဲ၊ မယ်တို့အိမ်မှာ

မောင်မယ်များတယ် လင်းခွင်းကွဲ၊ လင်းခွင်းကွဲ

ဆေးပလ္လေ့ခေါင်ထိုးဝါး၊ အိမ်ခေါင်မိုးမှာ ပန်းဆွဲထား၊ အောင်

ပန်းသား၊ အောင်ပန်းသား နှင့်ပလ္လေ့အဖျားခုပ်၊ ခြံစောင့် ရင်းမှာတိုင်
ငုတ်လုပ် အောင်ပန်းသားဟာ မဖြစ်စုပ်၊ မဖြစ်စုပ်ဟေ့ မဖြစ်စုပ်။

တောင်ကြီးသမ သုံးပန်းလ၊ ယောက်ကျားရမ၊ ချမ်းအင်သီး

(ချမ်းအင်သီး၊ ချမ်းအင်သီး) မိနီရီးစားတစ်ဆယ့်ငါး၊ ရှိဘူးလို့ဆို၊
သုံးဆယ်ပို၊ (သုံးဆယ်ပို၊ သုံးဆယ်ပို)

တဈေးတခါ၊ အောင်ပန်းလာ၊ ခါတ်ရုပ်ရှင်ရုံမှာ မိနီချိန်းတယ်
ကျော်ဟိန်းလာ၊

အောင်နီနာမယ် ကိုကျော်ဟိန်း၊မိနီခေါ်တယ်၊ အကိုဟိန်း၊
(အကိုဟိန်းဟေ့၊အကိုဟိန်း)

သံချပ်ခေါင်းစဉ်=

**"ချစ်စရာခနဲမြေ(သီချင်းမှ)"**

ချစ်စရာခနဲမြေအတွက် တောင်ကြီးမြို့မှ
တေးရေးသူသား ငယ်(ခေါ်)စိန်မြမွှေး မှရေးစပ်ခဲ့သည်။
ကဗျာ(သံချပ်) -ခနဲခေတ်ပေါ်သံချပ်
၂၀၀၉- ၂၀၁၀ခုနှစ်က ထွက်ပေါ်ခဲ့သည်။

## ချစ်စရာခနဲမြေ

*တာတက်ပွဲမှာပျော်မို့လာ၊ မပျော်ဝူးလား၊ ပျော်ဝူးလား(ပျော်တယ်ဟေ့၊ ပျော်တယ်ဟေ့)*
*ရှာငံသမအပျိုကြီး၊ ရီးစားထားတော့ စပ်ဖြီးဖြီး(စပ်ဖြီးဖြီးဟေ့၊ စပ်ဖြီးဖြီး)*
*ပင်းတယသမ ၊ ဝတုတ်တုတ်၊ ယောက်ျားယူဖို့ဟန်ရေးလုပ်၊ (မုံလာ ထုပ်၊ မုံလာထုပ်)*
*နခမ်းပါးပြီး၊ အသားဖြူ ၊ နောင်ချိုသူမ ၊ရအောင်ယူ၊ (I Love You..I Love You)*
*ဟဲဟိုးသမ၊ ပါးပြင်နူ၊ လူပျိုလာရင်ရှက်သွေးစု (အာလူးဥ၊ အာလူးဥ)*
*ဆေးပုလွေ၊ ခေါင်ထိုးဝါး၊ လူနာမယ်အောင်ပန်းသား၊ (အောင်ပန်း သားဟေ့၊ အောင်ပန်းသား)*
*တောင်ကြီးသမ မိနီငယ် ရီးစားထားတော့ ငယ်သေးတယ်၊ (ငယ်သေး တယ်ဟေ့ ငယ်သေးတယ်)*
*စပ်သီးစားချင်၊ အပင်စိုက်၊ ခနဲမရချင်၊ ငှါနောက်လိုက်(ငှါနောက် လိုက်ဟေ့၊ ငှါနောက်လိုက်)*
*တနှစ်လာလဲ ဟေတိုင်းတိုင်း၊ နေနှစ်လာလဲ ဟေတိုင်းတိုင်း ၊ ခနဲမ ငယ် အပျိုဟိုင်း၊ (အပျိုဟိုင်းဟေ့၊ အပျိုဟိုင်း)*

*မောတို့ဌာနေ၊ ခနေမြေ၊ ခနေမြေက လူငယ်တွေ၊ အပျိုချောနှင့်ညားပါစေ(ညားပါစေဟေ့၊ ညားပါစေ)*

အချုပ်အားဖြင့်ဆိုရသော် ခနေတိုင်းရင်းသားတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှုရှိသော လူမျိုးစုဖြစ်ပါသည်။

## ၃း၇။ လွတ်လပ်ရေးကြိုးပမ်းမှု

မြန်မာသက္ကရာဇ် ၁၂၄၇-ခုနှစ်ခရစ်နှစ် ၁၈၈၅-ခုနှစ်အတွင်း မြန်မာဘုရင်သီပေါမင်းအား ရတနာပုံမန္တလေးရွှေမြို့တော်မှ ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်တို့ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံရရှာလေသည်။ ထို့ကြောင့် မြန်မာတို့ထီးနန်းဆုံးရှုံးကာ သူ့ကျွန်ဘဝသို့ ရောက်ရှိခဲ့လေသည်။ ထို့ကြောင့် မြန်မာမျိုးချစ်ခေါင်းဆောင်များသည် လွတ်လပ်ရေးတည်းဟူသော ပန်းချီကားချပ်ကို အနီရောင်သွေး အဖြူရောင်ချွေးတို့ဖြင့် တရစပ်ကြိုးစား၍ ရေးဆွဲခဲ့ကြသည်။ နောက်ဆုံးတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု တစ်လျှောက်တွင် တိုင်းရင်းသားလူမျိုးစုအားလုံးတို့သည် နယ်ချဲ့ကျူးကျော်လာသူများကို ခုခံတိုက်ခဲ့ကြ၏။ နယ်ချဲ့တော်လှန်ရေးစစ်ပွဲကို ဆင်နွှဲခဲ့ကြ၏။ ထိုနယ်ချဲ့တော်လှန်ရေးတွင် ခနေတိုင်းရင်းသားများလည်း ပါဝင်ခဲ့ကြသည်။

သီပေါမင်းပါတော်မူစဉ်က မင်းတုန်းမင်းနှင့် လက်ပန်စင် မိဖုရားတို့မှ မြင်သည့် အသက် ၂၀-ခန့်သာရှိသေးသော မြင်စိုင်းမင်းသား သတိုးမင်းရဲရှိန်သည် မြန်မာမျိုးချစ်တပ်များစု၍ နယ်ချဲ့တို့အား ခုခံတိုက်ခိုက်ရင်း ခနေတို့ဒေသဖြစ်သော မြေလပ်ဒေသ အနောက်ပိုင်း နတ်ထိပ်တောင်ကြား လမ်းမှတဆင့် ရွာငံသို့

ထိုစဉ်အခါက မြန်မာ့တပ်မတော်နှင့် 'ခနု' နယ်မြေမှ ဦးဆောင် ဆက်သွယ်လှုပ်ရှားခဲ့သူမှာ ရွာငံမြို့နယ် မြို့ကြီးရွာမှ ခနုအမျိုးသား ဦးစောလွင် (မော်ကွန်းဝင် ဒုတိယအဆင့်)၊ ဦးစုရ၊ ဦးစံလှ၊ ဦးသန်တင်၊ မြိုင်ကျေးရွာ အုပ်စုမှ ဦးဌေးနှင့် ရွာငံမြို့မှ ဦးခန့်ကြီးတို့ဖြစ် ကြသည်။

ထို့ပြင် ပင်းတယနယ်မှ ခနုအမျိုးသား ဦးခွန်စော (နိုင်ငံဂုဏ် ရည်၊ ပထမအဆင့်)၊ ဦးထွန်းရင်တို့ ဦးဆောင်သည့် 'ခနု'တောင်ရိုး ရှမ်းစသော တိုင်းရင်းသားများသည် မြန်မာဘက်မှ တော်လှန်ရေး တာဝန်ခံများနှင့် ပူးပေါင်း၍ ဖက်ဆစ်ဂျပန်များကို တော်လှန် တိုက်ခိုက်ခဲ့ကြသည်။

နောက်ဆုံး၌ မြန်မာနိုင်ငံတော် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်း တွင် "ပင်လုံညီ လာခံနှင့် ပင်လုံစာချုပ်" သည် ထူးခြား၍ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဤသို့ဖြင့် ၁၉၄၇-ခုနှစ် ဖေဖော်ဝါရီလ ၁၂-ရက် နံနက် ၁၀-နာရီအချိန်၌ သမိုင်းတွင်ရစ် မည့် 'ပင်လုံစာချုပ်' ကို လက်မှတ်ရေးထိုးခဲ့ကြသည့် ကိုယ်စားလှယ် တော်ကြီး များ(၂၄)ဦးအနက် ခနုအမျိုးသား 'ဦးခွန်စော'သည် ရှမ်းကော်မတီမှ လူထုကိုယ်စားလှယ် တစ်ဦးအဖြစ် လက်မှတ်ရေး ထိုးခဲ့လေသည်။ ဦးခွန်စော သည် ၁၉၁၄-ခုနှစ် ဖေဖော်ဝါရီလ ၁၄-ရက်တွင် မြို့ကြီးမြို့အုပ် ဦးခွန်မောင်နှင့် ဒေါ်ခင်ဆင့်တို့မှ ဖွားမြင်သူဖြစ်ပြီး မွေးချင်း ၇-ယောက်ရှိရာတွင် ၃-ယောက် မြောက်ဖြစ်ပါ သည်။ ၁၉၉၇-ခုနှစ် မတ်လ ၂၇-ရက်နေ့၌ ပင်းတယမြို့ကန် အနောက်ရပ်ကွက် နေအိမ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ဤသို့လျှင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုခရီး၌ ခနုတိုင်းရင်းသားများသည် အခြား တိုင်းရင်းသားများနှင့်လက်တွဲ၍ တက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြလေသည်။

**အခန်း (၃) ပြီး၏။**

ခိုဝင်ရောက်ရှိလာသည်။ ထို့နောက် မြင့်စိုင်းမင်းသားသည် မြေလပ်ပိုင်း အတွင်းမှ တိုင်းရင်းသားများ ထပ်မံစုစည်းလျက် မြစ်သားနယ်-ခင်လယ်ရွာကို ဗဟိုပြု၍ ကျောက်ဆည်နှင့် သပြေတောင်အရပ်ရှိ အင်္ဂလိပ်တပ်များကို တိုက်ခိုက်ရန် ဗိုလ်မြတ်မှန်ကို တာဝန်ပေးခဲ့သည်။ ထို့နောက် မြင့်စိုင်းမင်းသားသည် နီးစပ်ရာ စော်ဘွားတို့ကို စုစည်းပြီး မြင့်စိုင်းအုပ်စု ဖွဲ့စည်းကာ ကျောက်ဆည်နယ် နတ်ထိပ် တောင် ကြားကို သိမ်းပိုက်ခဲ့သည်။

သက်ကြီးများထံမှ တဆင့်စကားအရ မိုးနဲစစ်ကဲ ဗိုလ်မငါ၊ တိမ် ပြာမင်း သား (စစ်ကိုင်းမင်းသား ဟုလည်းခေါ်သည်)၊ သုတမာရီအမည်ရှိ အမျိုးသမီး၊ မနုအမျိုးသား ဦးရန်ပြို ညီဖြစ်သူ ဗိုလ်စိုင်နှင့် နောက်ပါတပည့်တစ်စုတို့သည် မြေလပ်ပိုင်း ရွာငံနယ်သို့ တက်လာကြပြီး တိုင်းရင်းသား မျိုးချစ်များ စုစည်း၍ မြေလပ်နယ်အနောက်ပိုင်း မြို့ကြီးအနီး ကင်းရွာတွင် ကျောက်မောင်းကြီး များဆင်၍ ခုခံတိုက်ခိုက်ခဲ့ကြသည်။ ထိုစဉ်က မြန်မာ့တပ်များမှ ကူညီတိုက်ခဲ့ကြ သော မြေလပ်ဒေသဗိုလ်မှူးများတွင် "ဗိုလ်ကူး"လည်း ပါဝင်ခဲ့သည်။ ထို့ပြင် နယ်ချဲ့ဆန့်ကျင်ရေးတွင်လည်း ပင်းတယမြို့နယ် သစ်အယ်ပင်ရွာမှ ဦးချစ်ပင်နှင့် ဦးတူတို့လည်း ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ ထို့ပြင် ၁၉၄၅-ခုနှစ် ဧပြီလ-၆-ရက်နေ့ မြို့ကြီးတိုက်ပွဲ (၈)ရက် နေ့ ခံတောတိုက်ပွဲ၊ (၂၂)ရက်နေ့ရွာငံတိုက်ပွဲ(၂၅)ရက်နေ့ မြင်းကျဒိုး တိုက်ပွဲ(၂၆)ရက်နေ့ အလယ်ချောင် တိုက်ပွဲ၊မေလ (၁)ရက်နေ့ပွေးကြီး တိုက်ပွဲ၊ (၄)ရက်နေ့ တောကျယ်တိုက်ပွဲ(၈)ရက်နေ့ ဝါးရွက်တိုက်ပွဲ၊ (၁၂)ရက်နေ့ ပင်းတယတိုက်ပွဲတို့ကို မနုတိုင်းရင်းသားများလည်း ပါဝင်ဆင်နွှဲခဲ့သည်။ မြန်မာ့ လွတ်လပ်ရေးအတွက် ဖက်ဆစ်တော်လှန် ရေးတွင်လည်း မြန်မာ့ တပ်မတော်မှ ဖက်ဆစ်ဂျပန်များကို မြန်မာ့မြေပေါ်မှ တော်လှန်တိုက်ခိုက်ရာတွင် အထက် မြန်မာပြည် ရှမ်းမြေလပ်ဒေသ၌ တိုင်းမှူးဗိုလ်မှူးကြီးဗထူးဦးဆောင်သော ရဲဘော် များနှင့် ဒေသခံတိုင်းရင်းသား 'မနု' တောင်ရိုး ရှမ်း, ပအိုဝ်းစသော တိုင်းရင်းသား လူမျိုး များပေါင်းစုံဖြင့် အောင်မြင်စွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

"နိဂုံး"

ဤစာတမ်းအား ဓနုတိုင်းရင်းသားတို့၏ မြန်မာပြည်တွင်း ဝင်ရောက်လာပုံကို လမ်းကြောင်းနှစ်သွယ်ဖြင့် လက်လှမ်းမီသမျှ, ဉာဏ်မီသမျှ အားစိုက်၍ ရေးသားထားပါသည်။ ကန့်သက်ချိန်အတွင်း ရေးသားတင်ပြရခြင်းဖြစ်သည့်အတွက် ဤစာတမ်းသည် ဓနုတိုင်းရင်းသားတို့၏ သမိုင်းကြောင်းအတွက် ပြည့်စုံပြီဟု မယူဆသင့်ပေ။ အဘယ့်ကြောင့်ဆိုသော် သမိုင်းဟူသည် နှိုက်လေနက်လေ ဆိုရမည်ကဲ့သို့ သုတေသီတို့ရှာ ဖွေနိုင်လျှင် ရှာဖွေနိုင်သမျှ အထောက်အထားများတွေ့ရ မည်သာဖြစ်ပေ သည်။

ဤစာတမ်းကို လေ့လာချိန် လေးနှစ်တာမျှ ကြာမြင့်ခဲ့ပါသည်။ ထိုကဲ့သို့ လေးနှစ်တာကာလအတွင်း ရှာဖွေတွေ့ရှိသော အထောက်အထားများကို နောင်တစ်ချိန်လေ့လာလိုသော သုတေသီတို့အတွက် လမ်းပန်းအခက်အခဲသက်သာစေရန်ရည်သန်၍ တစ်စုတစ်စည်းတည်းထည့်သွင်း ဖော်ပြထားပါသည်။ ယင်းအထောက်အထားများမှ တစ်စိတ်တစ်ဒေသသည် နောင်တစ်ချိန် လေ့လာလိုသည့် သုတေသီတို့အတွက် အကျိုးကျေးဇူးတစ်စုံတစ်ရာရရှိခဲ့ပါမူ ဤ စာတမ်းပြုစုသူအနေဖြင့် ပင်ပန်းရခြင်း၊ လေ့လာရခြင်းအတွက် ဝမ်းသာပီတိ ဂွမ်းဆီထိသကဲ့သို့ဖြစ်ပါ၏။ မည်သည့်အလုပ်မဆို သူ့နည်းသူ့ဟန်ဖြင့် အခက်အခဲဆိုတာရှိ စမြဲဖြစ်သည်။ 'အစ'မထင်သောလူတို့ ၏ သမိုင်းကိုလေ့ လာရသည်မှာ ပို၍ပင် ခက်ခဲမှုတွေ့ရပါသည်။ ထိုသို့ အခက်အခဲများ များစွာရှိသောကြောင့် ဤစာတမ်း ရေးသားရန် အချက်အလက်များရှာဖွေစဉ်ကာလ, ရေးဆဲကာလတို့၌ မြေလပ်ဒေသတွင်ရှိကြသော 'ဓနုစာပေနှင့် ယဉ်ကျေး မှု'အဖွဲ့အစည်းတို့မှ

စာပေဝါသနာရှင်, သမိုင်းပညာရှင်, အုပ်ချုပ်ရေးဌာနမှ တာဝန်ရှိသူများနှင့် ဆွေးနွေးခြင်း တိုင်ပင်ခြင်းပြုလုပ်၍ ရေးသားခဲ့ခြင်းဖြစ်သည်။

ဤစာတမ်းကို ရေးသားရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မနု တိုင်းရင်းသားများအနေဖြင့် မိမိတို့ အမျိုးအနွယ်အစဉ်အဆက်ကို သိရှိပြီး တန်ဘိုးထား၍ စည်းလုံးညီညွတ်စွာ ထာဝရလက်တွဲလျက် ငြိမ်းချမ်းစွာ နေထိုင်စေရေးပင်ဖြစ်ပါသည်။

သတိပြုရန်အချက်မှာ မိမိတို့၏မျိုးနွယ်အစဉ်အဆက်ကို မသိလျှင် အမျိုးကို မချစ်တတ်ပေ။ အမျိုးကို မချစ်ခင်တတ်သောသူတို့အား မိမိတို့ အမျိုးအနွယ်ကိုလည်း တန်ဘိုးထားမည်မဟုတ်ပေ။ အချိန်ကြာလာသည်နှင့် အမျှ အမျိုးအနွယ်ကို မစောင့်စည်းသောသူများ များပြားလာလျှင် အမျိုးအနွယ် တစ်ခု ပျောက်ကွယ်ဖို့ မခက်ခဲပေ။ လူမျိုးပျောက်ကွယ်လျှင် ထိုလူမျိုး၏ ကိုးကွယ်မှု, ဓလေ့, စရိုက်များကား အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ ထိုကဲ့သို့သော ရင်နင့်ဖွယ်ကိစ္စရပ်များ မတွေ့ကြုံစေရန် ရည်သန်၍ မနုတိုင်းရင်းသားများအတွက် ဤစာတမ်းကို ရေးသားခဲ့ခြင်းဖြစ်ပါတော့သည်။

## ကျမ်းကိုးစာရင်း


၁။ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ(ရှမ်း) ရန်ကုန်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေးဗဟို ကော်မတီဌာနချုပ်၊၁၉၈၆။

၂။ ဖေမောင်တင်၊ ဦး။ စမ္ဗူဒီပဥဆောင်းကျမ်း။ ရန်ကုန်။ ၁၉၇၀။

၃။ နိုင်ငံသမိုင်းသုတေသနစာစောင်(၁)။ ရန်ကုန်၊ နိုင်ငံသမိုင်း သုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။ ၁၉၇၇။

၄။ ကျော်သက်၊ ဒေါက်တာ။ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း၊ရန်ကုန်၊ ပြည်သူ့ ပစ္စည်းကော်ပိုရေးရှင်း(စာအုပ်နှင့်စာရေးကိရိယာ)

၅။ ဖေမောင်တင်၊ဦး။ ဘာသာလောကကျမ်း၊ ပထမအကြိမ်၊ ၁၉၅၈၊ မေ၊ စာပေဗိမာန်၊ ရန်ကုန်။

၆။ မြင့်မောင်၊ ဒါရိုက်တာ။ ခနောင်ရိုး။ (ခရီးသွားစာပေ) ၁၉၈၆။ စာပေဗိမာန်၊ရန်ကုန်။

၇။ တင်ဓေါ၊ဦး။ "ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းဒေသစကားလေ့လာမှု"။ မြန်မာနိုင်ငံသုတေသနဆွေးနွေးပွဲ ပညာရပ်ဆိုင်ရာ သုတေသနအဖွဲ့၊ ဥက္ကဋ္ဌမိန့်ခွန်းများ။ ၁၉၇၂။

၈။ မြန်မာစာသုတေသနဂျာနယ်။ အတွဲ(၁)အမှတ်(၂)၊ ပညာရေး တက္ကသိုလ်၊ ရန်ကုန်။ ၁၉၉၅၊ မတ်လ။

၉။ ရှမ်းပြည်တောင်ပိုင်းလေ့လာရေးခရီး(စာတမ်း)။ ရန်ကုန်။ တက္ကသိုလ်မြန်မာစာပေအသင်း၊ ၁၉၆၆။

၁၀။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁) ၁၉၅၄ခုနှစ်ပထမအကြိမ်၊ အင်္ဂလန်ပြည် ဟေဇယ်ဝပ်ဆင်ဗိုင်းနေးလီမိတက်တွင်ပုံနှိပ်၍ မြန်မာနိုင်ငံဘာသာ ပြန်စာပေအသင်း။စာပေဗိမာန်၊ရန်ကုန်။

၁၁။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၂)။၁၉၅၅။ မြန်မာနိုင်ငံဘာသာပြန်စာပေ အသင်း။

၁၂။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၃)။၁၉၅၆။ မြန်မာနိုင်ငံဘာသာပြန်စာပေ အသင်း။

၁၃။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၅)။တတိယအကြိမ်၊၁၉၇၁ခုနှစ်၊ မြန်မာ နိုင်ငံဘာသာပြန်စာပေအသင်း။စာပေဗိမာန်ပုံနှိပ်တိုက်၊ရန်ကုန်။

၁၄။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၆)။၁၉၆၂။ မြန်မာနိုင်ငံဘာသာပြန်စာပေ အသင်း။

၁၅။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၀)ဒုတိယအကြိမ်။၁၉၆၈။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း။

၁၆။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၁)။၁၉၇၀။ မြန်မာနိုင်ငံဘာသာပြန်စာပေ အသင်း။

၁၇။ ပြည်ထောင်စုမြန်မာနိုင်ငံအကြောင်းစာ။ ရန်ကုန်၊ ဆိုရှယ်လစ် စာအုပ် တိုက်၊ ၁၉၅၈။

၁၈။ သော်၊ မောင်။ "မြန်မာနိုင်ငံမှ တိုင်းရင်းသားများ"၊ ပြည်သူ့ကြယ် ဂျာနယ်၊ ၁၉၇၂၊ဧပြီလ။

၁၉။ တောင်ရိုးခနုကျောင်းသူကျောင်းသားများ။ "တောင်ရိုးခနု ကျေးလက် တေးသံများ"ရန်ကုန်၊ သိန်းသန်းဦးပုံနှိပ်တိုက်၊ ၁၉၇၀။

၂၀။ ဘိုးလတ်၊ ဦး။ မြန်မာစကားအဖွင့်ကျမ်း။ (ဒု-တွဲ)၊ ရန်ကုန်၊ ပညာနန္ဒ ပုံနှိပ်တိုက်၊၁၉၆၄။

၂၁။ အေးအေးမော်။ တိုင်းရင်းသားဓလေ့ထုံးစံများကို လေ့လာတင်ပြခြင်း(စာတမ်း) ရန်ကုန်၊ ၁၉၇၈။
၂၂။ မြန်မာနိုင်ငံ နိုင်ငံရေးအခြေအနေနှင့်ဒေသအတွင်း မြန်မာနိုင်ငံ၏အခန်းကဏ္ဍ။ စစ်မဟာဗျူဟာလေ့လာရေးရုံး၊ ၂၀၀၁-ခုနှစ်၊ဇွန်လ။
၂၃။ မျိုးဇော်အောင်၊ဦး။'မနုလူမျိုးအကြောင်းတစေ့တစောင်း'၊(၂၀၁၁၊၁၁၊၂၇၊) မနု တိုင်းရင်းသားမိသားစုအသင်း၊ရန်ကုန်။
၂၄။ ခွန်နွယ်၊မောင်(အင်းလေး)။"ပအိုဝ်း"။စာပေဗိမာန်အဖွဲ့၊ ဗဟိုပုံနှိပ်တိုက်၊ရန်ကုန်၊ ၁၉၉၂။
၂၅။ ကျော်လွင်ထူး၊ ဦး။ "မနုတိုင်းရင်းသားတို့၏ ရိုးရာတေးသံများ"။ တောင်ကြီးဒေသ ကောလိပ်၊ နှစ်ပတ်လည်မဂ္ဂဇင်း၊ ၁၉၈၀-၈၁။
၂၆။ ဟုတ်စိန်၊ ဦး။ အများသုံး၊ အင်္ဂလိပ်-မြန်မာ-ပါဠိအဘိဓာန်ရန်ကုန်၊ မဥ္ဇူသကစာပေ၊ ၁၉၇၈။
၂၇။ ဘရှင်၊ ဗိုလ်မှူး။ အနော်ယထာအရင်က မြန်မာနိုင်ငံ။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၇၁။
၂၈။ မာလေး။ မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများ။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၇။
၂၉။ မောင်မောင်တင်၊ဦး။ ကျက်သရေဆောင် ရွှေစလွယ်ရဝန်ထောက်မင်းကုန်း ဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ပထမတွဲ၊ ပဥ္စမအကြိမ်၊ ၂၀၀၄၊ဩဂုတ်လ၊ ရန်ကုန်၊တက္ကသိုလ်များ သမိုင်း သုတေသနဌာနကတည်းဖြတ်၍ ရာပြည့်အောဖ့် ဆက်ပုံနှိပ်တိုက်က ပုံနှိပ်သည်။
၃၀။ ဆရာမြင့်၊ဒါရိုက်တာ၊ မြေမြင့်ဆီမှ သွေးချင်းများ၊၁၉၆၆။စိန်ရတနာပုံနှိပ်တိုက်၊ ရန်ကုန်။
၃၁။ မြင့်လွင်၊ကမ္ဘောဇ။ ရှမ်းပြည်ရေးရာ၊သိကောင်းဖွယ်ရာ ရှမ်းပြည်မှာ၊ ဒါရိုက်တာ ဆရာမြင့်တည်းဖြတ်သည်။ ပထမအကြိမ်၊ ၁၉၆၅၊ စက်တင်ဘာလ၊ အေးအေးပုံနှိပ် တိုက်၊ရန်ကုန်။
၃၂။ မနုတိုင်းရင်းသားမိသားစုအသင်း။ ရန်ကုန်၊ ၂၀၀၁-ခုနှစ်။

၃၃။ ကုလားဦး။ မဟာရာဇဝင်ကြီး၊ဒုတိယအတွဲ၊ ၁၉၆၀၊ဟံသာဝတီပုံနှိပ်တိုက်၊ရန်ကုန်။

၃၄။ ပညာရှင်အဖွဲ့။ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ပထမတွဲ၊၁၃၁၈-ခုနှစ်၊တပေါင်းလ၊ မိဘဂုဏ်ပြုကတ်ပုံနှိပ်တိုက်၊မိတ္ထီလာမြို့။

၃၅။ ပညာရှင်အဖွဲ့။ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊၁၉၉၂၊အောက်တိုဘာလ၊မြန်မာ့အလင်းသတင်းစာတိုက်နှင့် ဂါးဒီးယန်းသတင်းစာပုံနှိပ်တိုက်၊ရန်ကုန်။

၃၆။ သန်းထွန်း၊ဒေါက်တာ။ ခေတ်ဟောင်းမြန်မာရာဇဝင်၊ တတိယအကြိမ်၊၂၀၀၂၊ ဒီဇင်ဘာလ၊အင်းဝစာအုပ်တိုက်၊ရန်ကုန်။

၃၇။ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း၊ပထမတွဲ။

၃၈။ လေးမောင်၊ဦး။ မြန်မာ့နိုင်ငံရေးသမိုင်း၊ပထမအကြိမ်၊၂၀၁၂။ စာပေလောက စာအုပ်တိုက်၊ရန်ကုန်။

၃၉။ သန်းထွန်း၊ဒေါက်တာ။သစ်မြင်မြန်မာ့သမိုင်း၊ဒုတိယအကြိမ်၊ ၂၀၀၇၊ဩဂုတ်၊ မုံရွေး၊ရန်ကုန်၊

၄၀။ သီလဝ၊ ပင်းတယနယ်မြေနှင့် ရွှေဥမင်ဘုရားသမိုင်း၊တ-ကြိမ်၊ ၁၉၉၅၊ညိုဝင် ကွန်ပျူတာ စာစီပုံနှိပ်တိုက်၊တောင်ကြီး။

၄၁။ သန်းထွန်း၊ဒေါက်တာ။ မြန်မာသမိုင်းနိဒါန်း၊၂၀၀၁၊ဧပြီ၊ အာရောဂျံပုံနှိပ်တိုက်၊ရန်ကုန်။

၄၂။ လှသောင်း။သုဝဏ္ဏဘူမိရှာပုံတော်၊ မတ်လ၊၂၀၀၉၊ ပွင့်သစ် အောဖ့်ဆက်၊ရန်ကုန်။

၄၃။ တင်နိုင်တိုး။ ပုဂံမင်းဆက်ရာဇဝင်သစ်၊၂၀၀၄၊ စက်တင်ဘာလ၊သုခပုံနှိပ်တိုက်၊ ရန်ကုန်။

၄၄။ ကြည်သန့်မောင်။ အငြင်းပွား အမှတ်လွဲ လူသိနည်း မြန်မာ့ဖြစ်ရပ် (၁၀၀)၊၂၀၀၉၊ ဇင်ရတနာစာပေ၊ရန်ကုန်။

၄၅။ ရှင်မြို့နယ်ဖြစ်စဉ်မှတ်တမ်း၊ လက်နှိပ်မူ၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၊ ရှင်မြို့။
၄၆။ တိုက်စိုး။မြန်မာ့သူရဲကောင်း၊ ဗိုလ်မှူးကြီးဗထူး။ဒုတိယအကြိမ်၊ ၁၉၉၀၊ ဖိုတိုလစ်သို၊ ရန်ကုန်။
၄၇။ တွေ့ဆုံမေးမြန်းချက်များ
၄၈။ ကွင်းဆင်းလေ့လာတွေ့ရှိချက်များ
၄၉။ G.H Luce"old Kyaukse and the coming of Burmans" JBRS, XLIL
၅၀။ G.H Luce"Geography of Burma under pagan Dynasty" JBRS, XLIL
၅၁။ Aung Thaw: 'Exploring Padahlin Caves Spectrum 1967 April,
၅၂။ အခြားလက်လှမ်းမီရာ တိုင်းရင်းသား စာအုပ်စာတမ်းဆောင်းပါးများ။

# သင်သေသွားသော်

လူ့ပြည်လောက လူ့ဘဝကား
အိုရ, နာရ,သေရဦးမည်း မှန်ပေသည်တည်း
သို့ပြီးတကား. . . .
သင်သေသွားသော် သင်ဖွားသောမြေ
သင်တို့မြေသည် အခြေတိုးမြှင့်
ကျန်ကောင်းသင့်၏
သင်၏မျိုးသား စာစကားလည်း
ကြီးပွားတိုးမြှင့် ကျန်ကောင်းသင့်၏
သင်ဦးချ၍ အမျှဝေရာ စေတီသာနှင့်
သစ္စာအရောင် ဉာဏ်တန်ဆောင်လည်း
ပြောင်လျက် ဝင်းလျက် ကျန်စေသတည်း

(ဆရာဇော်ဂျီ)

# အညံ့ခံကာ နေကြတော့မှာလား

ဒို့ဘိုးဒို့ဘွား ၊ ဒို့မျိုးများက
ဒို့သွေး ဒို့သား ၊ ဒို့မျိုးများတွက်
ကျောင်းကန်ဘုရား၊ စေတီများနဲ့
ကိုးကွယ်ဖို့ရာ ၊ သာသနာကို
ကောင်းစွာစဉ်ဆက်၊ ပေးအပ်ခဲ့၏
ကောင်းစွာစဉ်ဆက်၊ ပေးအပ်ခဲ့၍
ဒို့လက်ရောက်လာ၊ ဒို့သာသနာကို
ဒို့လက်ရောက်လာ၊ ဒို့ဘာသာကို
ဘာသာ မတူ ၊ မျိုးမတူတို့
မျိုဝါးသည့်ဒဏ် ၊ မဟာရန်အား
အညံ့ခံကာ ၊ နေကြတော့မှာလား
မျိုဝါးသည့်ဒဏ် ၊ မဟာရန်ကို
တွန်းလှန်ဖြိုခွင်း... ကြပါစို့ ...။ ။

ရှင်ဥတ္တမကျော်

## စာအုပ်အတွက် မတည်ငွေ အလှူရှင်များ

၁။ ဦးကျော်မြိုင်+ဒေါ်ခင်မေမိသားစု(မန္တလေး) ၂၀၀၀၀ဝိ/

၂။ မယ်တော်ကြီးဒေါ်ကြည်အေး(မြို့ကြီး/ရှာငံ) ၁၀၀၀၀ဝိ/

၃။ ဦးစိန်ဝင်း+ဒေါ်နန်းမြရွှေ(နောင်ချို) ၁၀၀၀၀ဝိ/

၄။ ဦးအောင်သိန်း+ဒေါ်အေးမြင့်(မြိုင်/ရှာငံ) ၁၀၀၀၀ဝိ/

၅။ ဦးမြသန်း+ဒေါ်သန်းတင်(ရေဦး/ရှာငံ) ၁၀၀၀၀ဝိ/

၆။ ကိုသန်းထိုက်ဦး+မဖြူ(မိုင်းခက်) ၅၀၀၀ဝိ/

၇။ ဦးကံညွန့်+ဒေါ်မေသန်းမိသားစု(ရန်ကုန်) ၃၀၀၀ဝိ/

၈။ မနုစာပေနှင့်ယဉ်ကျေးမှု-

လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအသင်း (တောင်ကြီး) ၁၀၀၀၀ဝိ/

၉။ မနုစာပေနှင့်ယဉ်ကျေးမှု-

လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအသင်း (ပင်းတယ) ၁၀၀၀၀ဝိ/

၁၀။ မနုစာပေနှင့်ယဉ်ကျေးမှု-

လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအသင်း (ရပ်စောက်) ၁၀၀၀၀ဝိ/